# ကြေးမုံ

The Mirror Daily
Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

e - paper ဖတ်ရှုရန်


**မိမိကိုယ်သာ ကိုးကွယ်ရာ**

မိမိသာလျှင် မိမိ၏ကိုးကွယ်ရာဖြစ်၏၊ မိမိသည်သာလျှင် မိမိ၏(နောင်ဘဝအတွက်)သွားရာ (မှီခိုရာ) ဖြစ်၏။ ထို့ကြောင့် မြင်းကုန်သည်သည် အမျိုးကောင်းသော မြင်းကို ကောင်းစွာစောင့်ရှောက်သကဲ့သို့ မိမိကိုယ်ကို (အကုသိုလ်ကင်းအောင်) စောင့်ရှောက်လော့။

ဘိက္ခုဝဂ်( ဓမ္မပဒ-၃၈၀)


၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက်၊ တနင်္လာနေ့။ Monday, 7 September 2026 ၁၂၂၉၄


# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် “မြန်မာ-ဗီယက်နမ် စီးပွားရေးဖိုရမ်”သို့ တက်ရောက်၍ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်နိုင်ရေးဆိုင်ရာများ ဆွေးနွေးပြောကြား

နေပြည်တော် စက်တင်ဘာ ၆

နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်နိုင်ရန် ရည်ရွယ်ကျင်းပပြုလုပ်သည့် “မြန်မာ-ဗီယက်နမ် စီးပွားရေးဖိုရမ်”ကို ယနေ့မွန်းလွဲပိုင်းတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ရှိ Melia Hotel ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ပြီး နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်နိုင်ရေးဆိုင်ရာများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

အဆိုပါ **“မြန်မာ-ဗီယက်နမ် စီးပွားရေးဖိုရမ်”**သို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံရေးဗျူရိုအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ် H.E. Mr. Nguyen Van Thang၊ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Nguyen Duc Chi နှင့် အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) နာယကနှင့် အဖွဲ့ဝင်များ၊ မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံချစ်ကြည်ရေးအသင်းများမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ


**စာမျက်နှာ ၃ ကော်လံ ၁ သို့**★





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် “မြန်မာ-ဗီယက်နမ် စီးပွားရေးဖိုရမ်”တွင် နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်နိုင်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။


**ယနေ့ ဖတ်စရာ**

**အလုပ်သမားဆေးရုံကြီး (မန္တလေး)တွင် အာမခံအလုပ်သမားလူနာများအတွက် Ultrasound စက်အသစ်တပ်ဆင်ထားရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိ** စာမျက်နှာ » ၁၀

**တစ်ပတ်အတွင်း သတင်းအနှစ်ချုပ်** စာမျက်နှာ » ၁၁

**အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ သို့မဟုတ် ရိုးရာယဉ်ကျေးမှုအမွေ ထိန်းသိမ်းခြင်း၊ လက်ဆင့်ကမ်းခြင်း** ဆောင်းပါး စာမျက်နှာ » ၁၄


## ဇီးကုန်းမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

**ဇီးကုန်း စက်တင်ဘာ ၆**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်၌ ၂၀၂၆ ခုနှစ် မိုးစပါးစိုက်ဧကများအား စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီမှ ကြီးကြပ်၍ စိုက်ပျိုးပညာပေး ဝန်ထမ်းများက အထွက်နှုန်းစံကွက် ရိတ်သိမ်းလျက်ရှိရာ ယနေ့တွင် ဆိတ်ဖူးကျင်းကျေးရွာ ကွင်းအမှတ်(၃၄၅) ရှိ တောင်သူ ဦးမျိုးမြင့်၏


**စာမျက်နှာ ၅ ကော်လံ ၆ သို့** ❂




## ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ရောဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၆

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာမိုင်(၁၁/၆)နှင့် (၁၁/၇)ကြားနေရာ၌ တိုးမြစ်၏ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ)တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျား ပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားကာ အိပ့်ကျမှုဖြစ်ပွားခဲ့သည်။


စာမျက်နှာ ၅ ကော်လံ ၁ သို့ ○


## မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၆**

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း စက်တင်ဘာ ၇ ရက်မှ ၁၀ ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊


**စာမျက်နှာ ၆ ကော်လံ ၅ သို့** ❖


## တနင်္သာရီမြစ်ရေ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းသွားပြီး ပြည်ထောင်စုကားလမ်း ပြန်လည်သွားလာနိုင်ပြီဖြစ်

**တနင်္သာရီ စက်တင်ဘာ ၆**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့၏ မြစ်ရေ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းသွားပြီး ပြည်ထောင်စုကားလမ်းမကြီး ပြန်လည်သွားလာနိုင်ပြီဖြစ်သည်။

တနင်္သာရီမြစ်ရေမှာ ယနေ့နံနက်ပိုင်းတွင် တိုင်းထွာချက်အရ သာမန်ရေမျက်နှာပြင်အထက် ၁၆ ပေ ၁၀ လက်မရှိရာ


**စာမျက်နှာ ၄ ကော်လံ ၁ သို့** ✣




ကြေးမုံ

# ရာသီဥတုကောင်းမွန်စေရေး သန့်ရှင်းသောလေထုဖန်တီးပေး

ယနေ့သည် “အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့” “International Day of Clean Air for Blue Skies” ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့အတွက် သတ်မှတ်ထားသောဆောင်ပုဒ်မှာ “ရာသီဥတုကောင်းမွန်ဖို့ သန့်ရှင်းသောလေဖန်တီးစို့” “Clean Air For Climate Action” ဖြစ်သည်။ ကမ္ဘာကြီးနှင့် လူသားများအားလုံးအတွက် အလွန်အရေးကြီးသည့် နေ့ရက်နှင့်ဆောင်ပုဒ်တစ်ခုဖြစ်သည်နှင့်အညီ ကမ္ဘာ့ပြည်သူအားလုံးတို့က ကမ္ဘာ့လေထုသန့်ရှင်းရေးကို အလေးထားဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်သည်။

သက်ရှိလူ၊ သတ္တဝါနှင့်အပင်များ ရှင်သန်ရပ်တည်နေသည့် ဤကမ္ဘာကြီးကို ပတ်လည်ဝန်းရံနေသော ဓာတ်ငွေ့အလွှာကြီးသည်လေထုဖြစ်သည်။ ကမ္ဘာ့လေထုသည် မြေပြင်မှ မိုင်ပေါင်း ၂၀၀ မှ ၄၀၀ အထိ ထူထပ်သည်ဟု ပညာရှင်များက ခန့်မှန်းကြသည်။ လေထုအထူ မည်မျှရှိသည်ကို မည်သူမျှ အတိအကျသိရှိနိုင်ခြင်းမရှိပေ။ ကမ္ဘာ့လေထုတွင် နိုက်ထရိုဂျင် ၇၈ ရာခိုင်နှုန်း၊ အောက်ဆီဂျင် ၂၁ ရာခိုင်နှုန်း၊ အာဂွန် သုည ဒသမ ၉ ရာခိုင်နှုန်း၊ ကာဗွန်ဒိုင်အောက်ဆိုက်နှင့် အခြားဓာတ်ငွေ့များ ပါဝင်သည်။ အောက်ဆီဂျင်သည် သက်ရှိများ အသက်ရှူရန်၊ နိုက်ထရိုဂျင်သည် အမိုင်နိုအက်စစ်ထုတ်လုပ်ရန်နှင့် ကာဗွန်ဒိုင်အောက်ဆိုက်သည် အပင်များအတွက် အစာချေရန် စသည်ဖြင့် အသုံးပြုကြသည်။ သန့်ရှင်းသောလေထုသည် သက်ရှိများအား အကျိုးပြုနေသည်မှာ အမှန်ဖြစ်သည်။

လူသားများ အသက်ရှင်သန်ရပ်တည်ရေးအတွက် “ထမင်းအသက် ခုနစ်ရက်၊ ရေအသက် တစ်မနက်” ဟု ဆိုရိုးစကားရှိသည်။ ထို့ထက်အရေးကြီးသည်မှာ သန့်ရှင်းသောလေမရှိလျှင် သုံးမိနစ်အတွင်း အသက်သေဆုံးနိုင်ဖွယ်ရှိသည်။ ထို့ကြောင့် လေသည် အရေးအကြီးဆုံးသော ဒြပ်ပစ္စည်းဟုဆိုနိုင်သည်။ လူသားများသည် လေကိုရှူရှိုက်၍ အကျိုးကျေးဇူးများခံစားနေရသည်။ သို့သော် လေသည် အရောင်အဆင်းအနံ့မရှိသဖြင့် လေကိုမမြင်နိုင်ဘဲ အမှုမဲ့အမှတ်မဲ့နေထိုင်ကြသည်။ သန့်ရှင်းသောလေကိုရှူရှိုက်ရလျှင် ပေါ့ပါးလန်းဆန်းသလိုရှိပြီး မသန့်ရှင်းသောလေကို ရှူရှိုက်ရလျှင် မွန်းကျပ်သလိုခံစားရသည်ကိုတော့ သိရှိကြသည်။ သန့်ရှင်းသောလေကို ထိန်းသိမ်းစောင့်ရှောက်ရန် မေ့လျော့နေကြသည်။ လူသားများသည် မိမိတို့အကျိုးစီးပွားအတွက် သန့်ရှင်းသောလေကို ဥပေက္ခာပြုကြသည်။ ညစ်နွမ်းအောင်ပြုလုပ်ကြသည်။

ယခုအခါ ကမ္ဘာကြီး ခေတ်မီတိုးတက် ပြောင်းလဲလာမှုများနှင့်အတူ လူသားများ၏ လူမှုစီးပွားဘဝများ အကျိုးဖြစ်ထွန်းအောင် လုပ်ဆောင်ကြသည့် ကိစ္စအဝဝတို့၌ လေထုညစ်ညမ်းမှုကိုဖြစ်စေသည့် အမှုကိစ္စများ တစ်စတစ်စ တစ်နေ့တခြား ပိုမိုများပြားလာသည်။ လေထုညစ်ညမ်းမှုကို အလေးမထားဘဲ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်နှင့် အခြားဓာတ်ငွေ့အမျိုးမျိုး ထုတ်လွှတ်မှုများလာသည်။ အထူးသဖြင့် လူနေထူထပ်သည့် ကမ္ဘာ့မြို့ပြကြီးများပေါ်တွင်ပြာလဲ့သောကောင်းကင်ပြင် (Blue Skies) ကွယ်ပျောက်၍ မီးခိုးရောင်ကောင်းကင်ပြင် (Gray Skies) ဖြစ်ပေါ်နေသည်။ ဤအခြေအနေအောက်တွင် သက်ရှိလူသားများ ရှင်သန်ရပ်တည်လှုပ်ရှားနေကြသည်။ လေထုညစ်ညမ်းမှုအန္တရာယ်ကို သိရှိသောကြောင့် ကုလသမဂ္ဂနှင့် ကမ္ဘာပေါ်ရှိ နိုင်ငံအစိုးရများက ကာကွယ်တားဆီးနိုင်ရန် ကြိုးစားနေကြသည်။ မဟာဗျူဟာစီမံချက်များ ချမှတ်ဆောင်ရွက်နေကြသည်။

လေသည် လူ၊ တိရစ္ဆာန်၊ အပင်များအား အသက်ဆက်ပေးနေရုံသာမက ရှင်သန်ရပ်တည်ရေးနှင့်ပတ်သက်သည့် အခြေအနေအရပ်ရပ်ကို ဖန်တီးပေးသည်။ နွေ၊ မိုး၊ ဆောင်းဖြစ်ပေါ်လာခြင်းနှင့်အတူ နေပူခြင်း၊ မိုးရွာခြင်း၊ နှင်းကျခြင်း၊ လေတိုက်ခြင်း၊ ပူအိုက်ခြင်း၊ ချမ်းအေးခြင်းစသည့် ရာသီဥတုဖြစ်စဉ်များကို ဖြစ်ပေါ်စေသည်။ ကမ္ဘာနှင့် နေအကွာအဝေး ပြောင်းလဲမှုကိုလိုက်၍ လေတွင် လှုပ်ရှားမှု၊ အပူအအေးပြောင်းလဲမှုဖြစ်ပေါ်စေသည်။ လေသည် ဓာတ်တစ်မျိုးတည်းဖွဲ့စည်းထားခြင်းမဟုတ်ဘဲ အသက်ရှင်သန်စေရန်ဓာတ်များကို အချိုးကျဖွဲ့စည်းထားသည်။ လေထုထဲတွင် ဓာတ်ငွေ့၊ မီးခိုး၊ ဖုန်မှုန့်များ များလာသည်နှင့်အမျှ လေထုညစ်ညမ်းမှုဖြစ်ပေါ်လာသည်။ သက်ရှိများ၏ ကျန်းမာရေးကို တဖြည်းဖြည်းဆိုးရွားစွာထိခိုက်လာစေသည်။

သို့ဖြစ်ရာ ကမ္ဘာပေါ်ရှိ သက်ရှိလူ၊ တိရစ္ဆာန်နှင့်အပင်များ ရှင်သန်ရပ်တည်နိုင်ရေးအတွက် လေထုညစ်ညမ်းမှုမဖြစ်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ လေထုညစ်ညမ်းမှုမဖြစ်အောင် မီးခိုးများ၊ အဆိပ်အတောက်ဖြစ်စေသော ဓာတ်ငွေ့များနှင့် ဖုန်မှုန့်များ လျှော့ချနိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ယခုအခါ လေထုညစ်ညမ်းမှုကြောင့် ဆိုးရွားသည့်ရာသီဥတုပြောင်းလဲမှုနောက်ဆက်တွဲအန္တရာယ်များကို ကြုံတွေ့ခံစားနေကြရသည်။ ယခုနှစ် “အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့” ဆောင်ပုဒ်ဖြစ်သည့် “ရာသီဥတုကောင်းမွန်ဖို့ သန့်ရှင်းသောလေဖန်တီးစို့” ဟု တိုက်တွန်းနှိုးဆော်လိုက်ရပါကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## သာယာဝတီမြို့၌ ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းဖွင့်

**သာယာဝတီ စက်တင်ဘာ ၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့ မြို့နယ်ဥပဒေရုံးနှင့် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်းဖွင့်လှစ်သည့် ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်း (၁/၂၀၂၆) ကို အရှေ့ ရိုးကြီးရပ်ကွက်၊ ဖေဒင်ကုန်းရပ်ကွက်၊ အရှေ့လက်ပံခုန်ရပ်ကွက်၊ အနောက်လက်ပံခုန်ရပ်ကွက်များ၌ ယနေ့နံနက်ပိုင်းတွင် ပြုလုပ်သည်။

သင်တန်းတွင် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း (TOT) သင်တန်းဆင်းသည့် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက သင်တန်းသားပြည်သူ ၁၅၀ အား ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရာဇသတ်ကြီး၊ လောင်းကစားဥပဒေ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ၊ ပြည်သူ့စစ်မှုထမ်းဥပဒေ အကြောင်းအရာတို့ကို ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ထန်းတပင်မြို့နယ်၌ ရပ်ကွက် / ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဆင်း

**ရန်ကုန် စက်တင်ဘာ ၆**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် အမှတ်(၁) ရပ်ကွက်ရှိ မြို့နယ်လုံးဆိုင်ရာ သာသနာ့ဗိမာန်တော်ကြီး၌ စက်တင်ဘာ ၅ ရက်တွင် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး (၂/၂၀၂၆) သင်တန်းဆင်းပွဲကို ကျင်းပသည်။

အဆိုပါ သင်တန်းကို ဩဂုတ် ၁၀ ရက်မှ စက်တင်ဘာ ၄ ရက်အထိ တစ်လကြာဖွင့်လှစ်ပြီး သင်တန်းသား ၅၉ ဦး ခန့် တက်ရောက်လျက်ရှိသည်။ သင်တန်းတက်ရောက်လျက်ရှိသည့် သင်တန်းသားများကိုလည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သမိုင်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်ချက် ဘာသာရပ် ၄၅ ခုတို့ကို သင်ကြားပို့ချပေးခဲ့ကြကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

## ပေါင်းတည်မြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းများဖွင့်

**ပေါင်းတည် စက်တင်ဘာ ၆**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ မြို့နယ်ဥပဒေရုံးနှင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များပူးပေါင်း၍ ပြည်သူများ ဥပဒေအသိပညာတိုးပွားစေရေးအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းများ (၁/၂၀၂၆) ကို စက်တင်ဘာ ၅ ရက်က ရပ်ကွက်များ၌ ဖွင့်လှစ်ပို့ချပေးသည်။

နံနက်ပိုင်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမနှင့် မွန်းလွဲပိုင်းနှင့် ညနေပိုင်းများတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများ၌ မြို့ပေါ် ၁၂ ရပ်ကွက်ရှိ စုစုပေါင်းပြည်သူ ၉၅ ဦးခန့်ကို ဆင့်ပွားပို့ချကြသည်။

ဆင့်ပွားပို့ချရာတွင် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း (TOT) သင်တန်းဆင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရာဇသတ်ကြီး၊ လောင်းကစားဥပဒေ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေများကို ဆင့်ပွားရှင်းလင်းဆွေးနွေးပို့ချပေးခဲ့ကြောင်း နှင့် သိရှိလိုသည်များကို မြို့နယ်ဥပဒေအရာရှိ ဒေါ်အိအိပိုင်က ပြန်လည်ရှင်းလင်းဆွေးနွေးဖြေကြားပေးခဲ့ကြောင်း သိရသည်။

**ပေါင်းတည်(ပြန်/ဆက်)**

## ၆ - ၉ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၁၅၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** - ဝင်းနိုင် | | **အကြီးတန်း သတင်းထောက်များ** | - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **စာတည်းမှူး** - အေးဝမ်းစိုး | | **အငယ်တန်း သတင်းထောက်များ** | - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| **စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည် | | **သုတေသန** | - ဇင်မာဝင့် |
| | | **စာပြင်** | - ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ | | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - နီလာစိုးနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

★ ရှေ့ဖုံးမှ

နှင့် ဗီယက်နမ်နိုင်ငံတို့မှ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ ရောက်ရှိလာရာ တာဝန်ရှိသူများနှင့် နှစ်နိုင်ငံ စီးပွားရေး လုပ်ငန်းရှင်များက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် **“မြန်မာ–ဗီယက်နမ်စီးပွားရေးဖိုရမ်”**ကို အခမ်းအနား အစီအစဉ်အတိုင်း စတင်ကျင်းပပြုလုပ်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Nguyen Duc Chi နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) ဥက္ကဋ္ဌ ဦးအေးဝင်းတို့က ကြိုဆိုဂုဏ်ပြုနှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် “မြန်မာ–ဗီယက်နမ် စီးပွားရေးဖိုရမ်”သို့ တက်ရောက်စဉ်။

ယင်းနောက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Nguyen Van Thang က စီးပွားရေးဖိုရမ်နှင့်ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးပြောကြားရာတွင် ယခုစီးပွားရေးဖိုရမ်နှင့်ပတ်သက်၍ နှစ်နိုင်ငံ အစိုးရများအကြား သဘောတူညီချက်များနှင့် ကတိကဝတ်များကို လက်တွေ့ အကောင်အထည်ဖော်ပေးနေကြသော နှစ်နိုင်ငံမှ စီးပွားရေး လုပ်ငန်းများနှင့် အသင်းအဖွဲ့များ၏ တက်ကြွစွာ ပါဝင်မှုကို ဝမ်းမြောက်စွာ တွေ့မြင်ရပါကြောင်း၊ ၎င်းတို့အနေဖြင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး အလားအလာများကို လက်တွေ့ကျသော စီမံကိန်းများအဖြစ် ပြောင်းလဲပေးပြီး ထုတ်ကုန်များ၊ အလုပ်အကိုင်များ ဖန်တီးပေးကာ နှစ်နိုင်ငံ ပြည်သူများအတွက် အမှန်တကယ် အကျိုးကျေးဇူးများ ဖြစ်ထွန်းစေနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ယခုကဲ့သို့ ဖိုရမ်ပြုလုပ်ခြင်းအားဖြင့် နှစ်နိုင်ငံအကြား ဘက်စုံမိတ်ဖက်ပူးပေါင်း ဆောင်ရွက်မှုများကို ပိုမိုနက်ရှိုင်းပြီး ထိရောက်လာစေမည် ဖြစ်ပါကြောင်းနှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ အမြင်နှင့် အကြံပြုချက်များကို မိမိအနေဖြင့် အလေးထားပါကြောင်း၊ ယနေ့ဖိုရမ်သည် နှစ်နိုင်ငံ အစိုးရများအကြား နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှု၊ ထုတ်လုပ်မှုနှင့် စီးပွားရေးလုပ်ငန်းများ ကြုံတွေ့နေရသည့် အခက်အခဲများ၊ အခွင့်အလမ်းများ၊ အနာဂတ် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်များကို တိုက်ရိုက် နားထောင်နိုင်သည့် အခွင့်အရေး ဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာ–ဗီယက်နမ် နှစ်နိုင်ငံလုံးအနေဖြင့် ပိုင်ဆိုင်ထားရှိပြီးဖြစ်သည့် အရင်းအမြစ်များကို ပေါင်းစပ်အသုံးချပြီး ပူးပေါင်းဆောင်ရွက်ရေး နယ်ပယ်ကို အတူတကွချဲ့ထွင်သွားရန် လိုအပ်ကြောင်း။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ “မြန်မာ–ဗီယက်နမ်စီးပွားရေးဖိုရမ်”တွင် ခင်းကျင်းပြသထားသည့်ပြခန်းများအား လှည့်လည်ကြည့်ရှုစဉ်။

**✱ မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံဆက်ဆံရေးသည် ကမ္ဘာ့နိုင်ငံရေးနှင့် စီးပွားရေး အပြောင်းအလဲများ၊ စိန်ခေါ်မှုများ မြင့်မားနေသည့်ကာလအတွင်း၌ပင် အပြန်အလှန်လေးစားမှုများဖြင့် ဒေသတွင်းတွင် အားကောင်းခိုင်မာစွာ ဆက်လက်ပူးပေါင်းဆောင်ရွက်လျက်ရှိ**

**✱ ဗီယက်နမ်နိုင်ငံသည် မြန်မာနိုင်ငံ၏ အရေးပါသည့် ကုန်သွယ်ဖက်နိုင်ငံ တစ်နိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် လယ်ယာထွက်ကုန်၊ ရေထွက်ကုန်နှင့် စားသောက်ကုန်များကို ဗီယက်နမ်နိုင်ငံသို့ အဓိကတင်ပို့ရောင်းချလျက်ရှိကာ ဗီယက်နမ်နိုင်ငံမှ ဓာတ်မြေဩဇာ၊ ပလတ်စတစ်ထုတ်ကုန်များ၊ မော်တော်ယာဉ်နှင့် အပိုပစ္စည်းများ၊ သံမဏိထုတ်ကုန်များကို အဓိကတင်သွင်းလျက်ရှိ**

မိမိတို့နှစ်နိုင်ငံအနေဖြင့် စီးပွားရေးအသိုက်အဝန်းကို ယခင်ကတည်းကပင် ထူထောင်ထားရှိပြီး ဗီယက်နမ်စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း ရေရှည်ရင်းနှီးမြှုပ်နှံမှု စီးပွားရေးလုပ်ငန်းများအား မြန်မာနိုင်ငံတွင် ဆက်လက်ဆောင်ရွက်သွားလိုပါကြောင်း၊ သို့ဖြစ်ပါ၍ အဆွေတော်သမ္မတကြီးအနေဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ယုံကြည်စွာ ဆက်လက်တိုးချဲ့ဆောင်ရွက်သွားနိုင်ရေး လိုအပ်သည်များကို လမ်းညွှန်ပေးစေလိုပါကြောင်း၊ နှစ်နိုင်ငံ ခေါင်းဆောင်များ၏ တွေ့ဆုံဆွေးနွေးမှု ရလဒ်များအရ **ဗီယက်နမ်နိုင်ငံ အစိုးရအနေဖြင့် နှစ်နိုင်ငံအကြား စီးပွားရေးလုပ်ငန်းများချိတ်ဆက်မှုနှင့် အပြန်အလှန်ပံ့ပိုးမှုများကို ပိုမိုမြှင့်တင်သွားရန်၊ အတွေ့အကြုံများကို အပြန်အလှန်မျှဝေ၍ လုံခြုံစိတ်ချရပြီး ရေရှည်တည်တံ့သည့် စီးပွားရေးတိုးတက်မှုကို ဖော်ဆောင်သွားရန်၊ လက်ရှိပူးပေါင်း ဆောင်ရွက်နေသည့် အခန်းကဏ္ဍများကို ထိရောက်စွာ အသုံးချပြီး စီးပွားရေးလုပ်ငန်းများ၌ ကြုံတွေ့နေရသည့်အခက်အခဲများကို အတူတကွ ပူးပေါင်းဖြေရှင်းသွားရန်၊ ဗီယက်နမ်နှင့် မြန်မာ စီးပွားရေးလုပ်ငန်းများအနေဖြင့် စီးပွားရေးအခွင့်အလမ်း ရှာဖွေရုံသာမက** ယုံကြည်စိတ်ချရသော ရေရှည်မိတ်ဖက်များအဖြစ် လက်တွဲ ဆောင်ရွက်သွားရန်၊ မြန်မာနိုင်ငံ၏ စီးပွားရေးအရ လိုအပ်ချက်ရှိသည့် ကဏ္ဍများတွင် ဗီယက်နမ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဆောင်ရွက်သွားရန် စသည့်အချက်ငါးချက်ကို အကြံပြုလိုပါကြောင်း၊ တက်ရောက်လာကြသည့် မြန်မာ–ဗီယက်နမ် စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် အတူတကွ ပူးပေါင်းဆောင်ရွက်သွားကြရန်လိုပြီး စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှု၏ အကျိုးရလဒ်များကို နှစ်နိုင်ငံ ပြည်သူများ ခံစားရရှိသွားကြရန် လိုကြောင်း၊ နှစ်နိုင်ငံစီးပွားရေး အသိုက်အဝန်း ဆက်လက်ဖွံ့ဖြိုးတိုးတက်ပြီး အောင်မြင်မှုများရရှိနိုင်ရန်နှင့် ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းများ ဆက်လက်အောင်မြင်မှုများရရှိနိုင်စေရန် ဆုမွန်ကောင်းတောင်းပါကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတက နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်နိုင်ရေးဆိုင်ရာများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်သွားနိုင်ရန် ရည်ရွယ်သည့် မိမိ၏ခရီးစဉ်အတွင်း မြန်မာ–ဗီယက်နမ် နှစ်နိုင်ငံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဖိုရမ်တစ်ရပ် ကျင်းပနိုင်သည့်အတွက် အထူး ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ ယနေ့ဖိုရမ်မှတစ်ဆင့် နှစ်နိုင်ငံ ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းခိုင်မာစေပြီး ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း အားပေးမြှင့်တင်နိုင်မည်ဟု ယုံကြည်ပါကြောင်း။




ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Nguyen Van Thang က စီးပွားရေးဖိုရမ်နှင့်ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးပြောကြားစဉ်။

လက်ရှိတွင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများသည် နိုင်ငံရေးနှင့် သံတမန်ရေးရာ ကဏ္ဍများတွင်သာမက လုံခြုံရေး၊ ကာကွယ်ရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအပါအဝင် ကဏ္ဍပေါင်းစုံတွင် ကျယ်ပြန့်နက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ **မြန်မာ–ဗီယက်နမ်နှစ်နိုင်ငံ ဆက်ဆံရေးသည် ကမ္ဘာ့နိုင်ငံရေးနှင့် စီးပွားရေး အပြောင်းအလဲများ၊ စိန်ခေါ်မှုများ မြင့်မားနေသည့် ကာလအတွင်း၌ပင် အပြန်အလှန်လေးစားမှုများဖြင့် ဒေသတွင်းတွင် အားကောင်းခိုင်မာစွာ ဆက်လက်ပူးပေါင်းဆောင်ရွက်လျက်** ရှိကြောင်း၊ အထူးသဖြင့် စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများသည် နှစ်နိုင်ငံ၏ အနာဂတ်တွင် ပိုမိုတိုးတက်ဖွံ့ဖြိုးနိုင်မည့်အလားအလာကောင်းများကို ထင်ဟပ်ဖော်ပြနေကြောင်း။

**ဗီယက်နမ်နိုင်ငံသည် မြန်မာနိုင်ငံ၏ အရေးပါသည့် ကုန်သွယ်ဖက်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် လယ်ယာထွက်ကုန်၊ ရေထွက်ကုန်နှင့် စားသောက်ကုန်များကို ဗီယက်နမ်နိုင်ငံသို့ အဓိကတင်ပို့ ရောင်းချလျက်ရှိကာ ဗီယက်နမ်နိုင်ငံမှ ဓာတ်မြေဩဇာ၊ ပလတ်စတစ် ထုတ်ကုန်များ၊ မော်တော်ယာဉ်နှင့် အပိုပစ္စည်းများ၊ သံမဏိထုတ်ကုန်များကို အဓိကတင်သွင်းလျက်ရှိကြောင်း၊** ရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးသကဲ့သို့ နှစ်နိုင်ငံ ဆက်ဆံရေး ပိုမိုခိုင်မာအားကောင်းစေရန်အတွက်လည်း အဓိကကျသည့် မောင်းနှင်အားတစ်ရပ်ဖြစ်ကြောင်း၊ ဗီယက်နမ်ရင်းနှီးမြှုပ်နှံသူများအနေဖြင့် မြန်မာနိုင်ငံတွင် ထုတ်လုပ်မှုကဏ္ဍ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍတို့တွင် အဓိကဆောင်ရွက်နေကြပြီး သတ္တု၊ ရေနံနှင့် သဘာဝဓာတ်ငွေ့၊ မွေးမြူရေးနှင့် ရေလုပ်ငန်းများတွင်လည်း ရင်းနှီးမြှုပ်နှံလျက်ရှိကြောင်း၊ ထင်ရှားသည့်ရင်းနှီးမြှုပ်နှံမှုတစ်ရပ် အနေဖြင့် ၂၀၁၈ ခုနှစ်တွင် စတင်ခဲ့သည့်

စာမျက်နှာ ၄ သို့ ★

★ စာမျက်နှာ ၃ မှ



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဗီယက်နမ်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Chu Cong Phung နှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံစဉ်။

**✱ ခရီးသွားလုပ်ငန်းသည်လည်း မြန်မာ-ဗီယက်နမ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုတိုးချဲ့နိုင်မည့် အလားအလာကောင်းသည့် ကဏ္ဍတစ်ရပ်ဖြစ်**

**✱ နှစ်နိုင်ငံ၏ တောတောင်ရေမြေ၊ သဘာဝအလှအပ၊ ယဉ်ကျေးမှုအမွေအနှစ်များနှင့် ထူးခြားသည့် ဒေသခရီးစဉ်များသည် နှစ်နိုင်ငံခရီးသွားများသာမက နိုင်ငံတကာမှ ခရီးသွားများကိုပါ ဆွဲဆောင်နိုင်မည်ဖြစ်သဖြင့် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့် ဟိုတယ်နှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် အပြန်အလှန် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများရှိ**

Mytel Myanmar လုပ်ငန်းသည် မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍတွင် အရေးပါသည့် အခန်းကဏ္ဍမှပါဝင်နေပြီး နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှု၏ စံနမူနာကောင်းတစ်ခု ဖြစ်ကြောင်း။

အနာဂတ်တွင်လည်း မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အကြား ဆက်သွယ်ရေး၊ နည်းပညာ၊ စက်မှုလုပ်ငန်း၊ စိုက်ပျိုးရေး၊ စွမ်းအင်နှင့် ခရီးသွားလုပ်ငန်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးတို့အပါအဝင် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်သွားရန် ယုံကြည်ချက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများနှင့်ပတ်သက်၍ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှ ဒေသတွင် တရုတ်၊ အိန္ဒိယ၊ တောင်အာရှ၊ အရှေ့တောင်အာရှနှင့် အိန္ဒိယသမုဒ္ဒရာတို့ကို ဆက်သွယ်ပေးနိုင်သည့် အချက်အချာနေရာတွင် တည်ရှိပြီး စိုက်ပျိုးဖြစ်ထွန်းသည့် မြေဧရိယာများစွာ ရှိသကဲ့သို့ သဘာဝသယံဇာတများ၊ ရေချိုနှင့် ရေငန်သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝကြောင်း၊ ပူအိုက်စွတ်စိုသည့် ရာသီဥတုရှိသဖြင့် တစ်နှစ်ပတ်လုံး စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ကြောင်း၊ ဗီယက်နမ်နိုင်ငံမှ လုပ်ငန်းရှင်များအနေဖြင့် ဒေသတွင်းသဘောတူညီချက်များကိုအခြေပြု၍ မြန်မာနိုင်ငံမှ မိတ်ဖက်စီးပွားရေးလုပ်ငန်းများနှင့် အကျိုးတူပူးပေါင်းကာ လယ်ယာအခြေခံ သွင်းအားစုထုတ်လုပ်ခြင်း၊ စားသောက်ကုန်နှင့် ရေထွက်ကုန်ပြုပြင်ထုတ်လုပ်ခြင်းစသည့် တန်ဖိုးမြှင့်ကုန်ထုတ်လုပ်မှုစက်ရုံများ တည်ထောင်ခြင်း လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံပြီး ကမ္ဘာ့စားနပ်ရိက္ခာတန်ဖိုးကွင်းဆက်အတွင်း အတူတကွ ဝင်ရောက်နိုင်ရန် ဖိတ်ခေါ်ပါကြောင်း၊ ထို့ပြင် ဒီဂျစ်တယ်အခြေခံအဆောက်အအုံ၊ ဆိုက်ဘာလုံခြုံရေး၊ အစိုးရဝန်ဆောင်မှုများကို ဒီဂျစ်တယ်အသွင်ကူးပြောင်းရေး၊ ဆက်သွယ်ရေးနည်းပညာ၊ ဒီဂျစ်တယ်ငွေပေးချေမှုစနစ်များနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ စီးပွားရေးဝန်းကျင်ဖော်ဆောင်ရေးတို့တွင် ဗီယက်နမ်နိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုများကို ကြိုဆိုဖိတ်ခေါ်ပါကြောင်း။

ခရီးသွားလုပ်ငန်းသည်လည်း မြန်မာ-ဗီယက်နမ် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုတိုးချဲ့နိုင်မည့် အလားအလာကောင်းသည့် ကဏ္ဍတစ်ရပ်ဖြစ်ကြောင်း၊ နှစ်နိုင်ငံ၏ တောတောင်ရေမြေ၊ သဘာဝအလှအပ၊ ယဉ်ကျေးမှု အမွေအနှစ်များနှင့် ထူးခြားသည့် ဒေသခရီးစဉ်များသည် နှစ်နိုင်ငံခရီးသွားများသာမက နိုင်ငံတကာမှ ခရီးသွားများကိုပါ ဆွဲဆောင်နိုင်မည်ဖြစ်သဖြင့် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့် ဟိုတယ်နှင့် ဝန်ဆောင်မှု လုပ်ငန်းများတွင် အပြန်အလှန် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ ရှိကြောင်း၊ ထို့အတူ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် အရေးပါသည့် ရေအားလျှပ်စစ်ထုတ်လုပ်ရေး၊ နေရောင်ခြည်စွမ်းအင်ထုတ်လုပ်ရေးနှင့် Biomass စွမ်းအင်ထုတ်လုပ်ရေး လုပ်ငန်းများ၊ အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ အဝေးပြေးလမ်းမကြီးနှင့် အာဆီယံစီးပွားရေးစင်္ကြံ တစ်လျှောက် အခြေခံ အဆောက်အအုံဆိုင်ရာ လုပ်ငန်းများ၊ သံ၊ သံမဏိနှင့် ဘိလပ်မြေထုတ်လုပ်ခြင်း လုပ်ငန်းများတွင်လည်း ဗီယက်နမ်လုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံရန် ဖိတ်ခေါ်လိုပါကြောင်း။

ဗီယက်နမ် လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်ရာ၌ စက်မှုဇုန်များ၊ အထူးစီးပွားရေးဇုန်များတွင်သာမက လယ်ယာပေါင်းစည်းဇုန်များနှင့် စက်မှုစီမံကိန်းများကိုလည်း ထူထောင်ဆောင်ရွက်နိုင်ကြောင်း၊ မြန်မာနိုင်ငံတွင် ကျောက်ဖြူရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်၊ သီလဝါ အထူးစီးပွားရေးဇုန်နှင့် ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်ဟူ၍ အထူးစီးပွားရေးဇုန်ကြီး သုံးခုရှိပြီး သီလဝါစီးပွားရေးဇုန်သည် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးစင်္ကြံများ (GMS Economic Corridors) အနက် အရှေ့-အနောက် စီးပွားရေးစင်္ကြံ (EWEC-East-West Economic Corridor) ဖြစ်သည့် မြန်မာနိုင်ငံ (မြဝတီ)-ထိုင်း-လာအို-ဗီယက်နမ်နိုင်ငံ (ဒါနန်း) လမ်းကြောင်းနှင့် ချိတ်ဆက်သွားမည် ဖြစ်သဖြင့် အနာဂတ်တွင် ဒေသတွင်းအရေးပါသည့် နိုင်ငံဖြတ်ကျော် မဟာဗျူဟာမြောက် ကုန်သွယ်ရေးလမ်းကြောင်းတစ်ရပ် ဖြစ်လာမည်ဖြစ်ကြောင်း။

ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်သည်လည်း အနာဂတ်တွင် မဟာဗျူဟာမြောက် အရေးပါသည့် နေရာတစ်ခုဖြစ်လာမည်ဖြစ်ပြီး GMS Economic Corridors အနက် Southern Economic Corridor (SEC) တောင်ပိုင်း စီးပွားရေးစင်္ကြံလမ်းဖြစ်သည့် မြန်မာနိုင်ငံ(ထားဝယ်)-ဗန်ကောက်-လွှန်ပရာဘမ်-ဗီယက်နမ်နိုင်ငံ (ဒါနန်း) လမ်းကြောင်းနှင့် ချိတ်ဆက်သွားနိုင်မည်ဖြစ်သဖြင့် ဒေသတွင်း အရေးပါသည့် မဟာစီမံကိန်းတစ်ရပ် ဖြစ်လာမည်ဖြစ်ကြောင်း။

ထို့ပြင် မြန်မာနိုင်ငံတွင် ပြည်တွင်း ထုတ်ကုန်များနှင့် ရင်းနှီးမြှုပ်နှံမှုများကို မူပိုင်ခွင့် ဥပဒေ ၄ ရပ်နှင့်အညီ အကာအကွယ်ပေးလျက် ရှိသကဲ့သို့ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ရာတွင်လည်း နည်းပညာပူးပေါင်းဆောင်ရွက်ခြင်း၊ အရည်အသွေးမြင့်အလုပ်အကိုင်များ ဖန်တီးခြင်းနှင့် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေခြင်းတို့ကို အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံတွင် ဗီယက်နမ်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ပံ့ပိုးကူညီပေးသွားမည် ဖြစ်သကဲ့သို့ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးကိုလည်း အလေးထား ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

**“တစ်ဦးတည်းဆိုပါက လျင်မြန်စွာသွားနိုင်သော်လည်း အတူတကွ ပူးပေါင်းမှသာလျှင် ဝေးဝေးသို့ ရောက်နိုင်သည်”** ဆိုသည့် အဆိုအမိန့်အတိုင်း ယနေ့ကဲ့သို့ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေး မရေရာမှုများနှင့် ရင်ဆိုင်နေရချိန်တွင် နိုင်ငံတစ်ခုတည်း၊ ကုမ္ပဏီတစ်ခုတည်းဖြင့် ရပ်တည်ရန် ခက်ခဲကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အကြား ထူထောင်ထားသည့် ဘက်စုံ ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးအောက်တွင် အထူးသဖြင့် စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ သယ်ယူပို့ဆောင်ရေး၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး၊ သိပ္ပံနှင့် နည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ခရီးသွားလုပ်ငန်းနှင့် ပြည်သူအချင်းချင်း အပြန်အလှန်ထိတွေ့ဆက်ဆံမှု အပါအဝင် နယ်ပယ်စုံ၊ ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များကို အရှိန်အဟုန်ဖြင့် မြှင့်တင်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

## ပြောကြား

ယနေ့ကျင်းပသည့် စီးပွားရေးဖိုရမ်သည် ပစ္စုပ္ပန်ကာလအတွက် သာမက အနာဂတ်မျိုးဆက်များအတွက်ပါ အကျိုးရှိမည့် ရေရှည်တည်တံ့သည့် စီးပွားရေးမိတ်ဖက်ဆက်ဆံရေးကို တည်ဆောက်ပေးနိုင်မည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြား **“အပြန်အလှန်လေးစားမှုကို အခြေခံသည့် မိတ်ဖက်ဆက်ဆံရေး၊ နည်းပညာကို အခြေခံသည့် ဖွံ့ဖြိုးတိုးတက်မှုနှင့် နှစ်ဖက်အကျိုးစီးပွား ဖြစ်ထွန်းစေမည့် အနာဂတ်”**ကို အတူတကွ ဖော်ဆောင်သွားနိုင်မည် ဟု ယုံကြည်ကြောင်းကို အလေးအနက် ဆွေးနွေးပြောကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် **“မြန်မာ-ဗီယက်နမ် စီးပွားရေးဖိုရမ်”**တွင် ခင်းကျင်းပြသထားသည့် ပြခန်းများအား လှည့်လည်ကြည့်ရှုခဲ့ကြပြီး ပြခန်းအလိုက် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့သည်။

ယနေ့တွင် ကျင်းပပြုလုပ်သည့် **“မြန်မာ-ဗီယက်နမ် စီးပွားရေးဖိုရမ်”**တွင် မြန်မာနိုင်ငံနှင့်ဗီယက်နမ်နိုင်ငံတို့မှ စီးပွားရေးလုပ်ငန်းရှင် ၆၀၀ ခန့် တက်ရောက်ခဲ့ကြပြီး လုပ်ငန်းရှင်များအကြား နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု စာချွန်လွှာများ အပြန်အလှန် လက်မှတ်ရေးထိုးခြင်းနှင့် နှစ်နိုင်ငံမှ ထုတ်ကုန်ပစ္စည်းများအား ပြခန်းပေါင်း ၂၀ ကျော် ခင်းကျင်းပြသနိုင်ခဲ့ကြကာ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများစွာကို ဖော်ဆောင် ပေးနိုင်ခဲ့ကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဗီယက်နမ်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Chu Cong Phung နှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ကူးလူးဆက်ဆံမှုများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ဘက်ပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေး၊ အစိုးရနှစ်ရပ်၏ အားပေးမှုနှင့်အတူ လုပ်ငန်းရှင်များနှင့် အဖွဲ့အစည်းများမှ လုပ်ငန်းဆောင်ရွက်မှုများကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးတို့နှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

**✣ တနင်္သာရီမြစ်ရေမှ**

စိုးရိမ်ရေအမှတ်ဖြစ်သည့် ၁၇ ပေအောက်သို့ပြန်လည်ကျဆင်းသွားကြောင်း သိရသည်။

“တနင်္သာရီ-ဘုတ်ပြင်းကားလမ်းက စက်တင်ဘာ ၅ ရက်မှာ ပြန်လည်သွားလာလို့ရပြီး လယ်တောင်ယာရွာပတ်ဝန်းကျင်မှာ ကားတွေပိတ်မိနေတာ၊ ရေပြန်ကျသွားတော့ ကား/ဆိုင်ကယ်တွေ အကုန်လုံး သွားလို့ရပါပြီ”ဟု ဒေသခံတစ်ဦးက ပြောသည်။

တနင်္သာရီမြစ်ရေလွှမ်းမှုကြောင့် လူဦးရေ ထောင်ချီ ရေဘေးသင့်ခဲ့ပြီး စာသင်ကျောင်းများ ပိတ်ထားခဲ့ရကာ၊ ပြည်ထောင်စုလမ်းမကြီးအစိတ်အပိုင်းတချို့လည်း သွားလာမှုပြတ်တောက်ခဲ့ရသည်။

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်အတွင်း ဖြတ်သန်းစီးဆင်းနေသည့် တနင်္သာရီမြစ်ရေသည် မိုးရာသီတွင် မကြာခဏမြစ်ရေကြီးမှုဖြစ်ပြီး စိုးရိမ်ရေအမှတ် ၁၇ ပေ၊ အန္တရာယ်ရေအမှတ် ၂၄ ပေ သတ်မှတ်ထားကြောင်း သိရသည်။ ၁၉၉၄ ခုနှစ်တွင် စံချိန်တင်အဖြစ် ၃၆ ပေ ၄ လက်မအထိ တက်ခဲ့ပြီး ၂၀၀၆ ခုနှစ်တွင် ပေ ၃၀ ကျော်၊ ၂၀၁၈ ခုနှစ်တွင် ၂၇ ပေ ၃ လက်မ၊ ၂၀၂၄ ခုနှစ်တွင် ၂၇ ပေ ၇ လက်မ၊ ၂၀၂၆ ခုနှစ်တွင် ၂၅ ပေ ၁၀ လက်မအထိ မြစ်ရေတက်ခဲ့ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ရှိ မြန်မာသံရုံး စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံ အမှာစကားပြောကြား

**နေပြည်တော် စက်တင်ဘာ ၆**

ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၌ ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဟနွိုင်းမြို့ရှိ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများအား ယနေ့နံနက်ပိုင်းတွင် မြန်မာသံရုံး၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များလိုက်ပါ၍ မြန်မာသံရုံးသို့ရောက်ရှိကြရာ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။


ယင်းနောက် နိုင်ငံတော်သမ္မတသည် သံရုံးဧည့်သည်တော် မှတ်တမ်းတွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးသည်။

ထို့နောက် နိုင်ငံတော်သမ္မတက မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံအမှာစကား ပြောကြားရာတွင် ဗီယက်နမ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် ခေတ်အဆက်ဆက် နှစ်နိုင်ငံ နိုင်ငံ့ခေါင်းဆောင်များ အချင်းချင်းနှင့် ပြည်သူများ အဆက်ဆက် ထိန်းသိမ်းပြုစုပျိုးထောင်ခဲ့ကြသည့် ခိုင်မာသည့် ချစ်ကြည်ရင်းနှီးမှုနှင့် ကောင်းမွန်သည့်ဆက်ဆံမှု သမိုင်းကောင်းများရှိကြကြောင်း၊ ဗီယက်နမ်နိုင်ငံသည် မြန်မာနိုင်ငံအတွက် ယုံကြည်စိတ်ချရသည့် နိုင်ငံတစ်ခုဖြစ်ပြီး နှစ်နိုင်ငံအကြား တူညီသည့် ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံနှင့် သမိုင်းကြောင်းဆိုင်ရာများရှိကြကာ လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းသည်လည်း တူညီမှုများစွာ ရှိခဲ့ကြကြောင်း၊ ဗီယက်နမ်နိုင်ငံသည် မြန်မာနိုင်ငံနှင့်ပတ်သက်၍ ခိုင်မာသည့် ရပ်တည်ချက်ရှိသည့် နိုင်ငံတစ်ခုဖြစ်ပြီး နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ကူးလူးဆက်ဆံမှုကောင်းများရှိသည့် နိုင်ငံလည်းဖြစ်ကြောင်း၊ ဗီယက်နမ်နိုင်ငံသည် စီးပွားရေးကိုအလေးထားသည့် နိုင်ငံတစ်ခုဖြစ်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများအနက် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ထိပ်တန်းနိုင်ငံ တစ်နိုင်ငံဖြစ်ပြီး စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်မှုများကို အတုယူကြရန်နှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ် အလုပ်လုပ်ကြရန်လိုကြောင်း။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ရှိ မြန်မာသံရုံး စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံ အမှာစကားပြောကြားစဉ်။

မြန်မာနိုင်ငံ၌ လွတ်လပ်ပြီး တရားမျှတသည့် အထွေထွေ ရွေးကောက်ပွဲမှ တစ်ဆင့်ပေါ်ပေါက်လာသည့် လွှတ်တော်နှင့် အစိုးရတို့ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး တည်ငြိမ်အေးချမ်းမှုရရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို မိမိတို့အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အဓိကဆောင်ရွက်သည့် နိုင်ငံတစ်ခုဖြစ်သည့်အတွက် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်း Agro-based Industry ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးဆောင်ရွက်၍ နိုင်ငံ့စီးပွားတိုးတက်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသတွင်းနိုင်ငံများ၊ မိတ်ဖက်နိုင်ငံများနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုများ တိုးမြှင့်နိုင်ရေးအတွက်လည်း မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မြန်မာသံရုံး စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများအတွက် လက်ဆောင်ပစ္စည်းများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

သံရုံး၊ စစ်သံရုံး ဝန်ထမ်းများ၊ မိသားစုများအနေဖြင့် နိုင်ငံရပ်ခြားတွင် မိမိတို့ နိုင်ငံတော်၏ တာဝန်များကို အတူတကွ လာရောက်ထမ်းဆောင်နေကြခြင်းဖြစ်သည့်အတွက် တစ်ဦးနှင့်တစ်ဦး ဖေးမကူညီ စောင့်ရှောက်ကြရန်နှင့် မိမိတို့၏ လုပ်ငန်း တာဝန်များကို ကျေပွန်အောင် ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ပြင် နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ကောင်းမွန်ရေး၊ နှစ်နိုင်ငံ အကျိုးတူစီးပွားရေးလုပ်ငန်းများ၊ ပို့ကုန်သွင်းကုန်လုပ်ငန်းများ အခွင့်အလမ်းရရှိစေရေး သံတမန်ဆက်ဆံရေးမှ တစ်ဆင့် ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း။

ဗီယက်နမ်နိုင်ငံ အနေဖြင့် စစ်ပွဲဒဏ်နှင့် အရေးယူ ပိတ်ဆို့ကန့်သတ်မှုများကို ဆယ်စုနှစ်ပေါင်းများစွာ ကြုံတွေ့ခဲ့ရသော်လည်း နိုင်ငံချစ်စိတ်ဖြင့် အပတ်တကုတ်ကြိုးစားအားထုတ်မှုများကြောင့် တိုးတက်ပြောင်းလဲမှုများ စဉ်ဆက်မပြတ် ဖြစ်ပေါ်ခဲ့ကြသည်ကို အတုယူကြရန် လိုကြောင်း၊ အချင်းချင်း စည်းလုံးညီညွတ်စွာ နေထိုင်၍ နိုင်ငံ့အကျိုးကို တစ်ထောင့်တစ်နေရာမှ ပါဝင်ထမ်းရွက်သွားကြရန် မှာကြားလိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများ အတွက် လက်ဆောင် ပစ္စည်းများနှင့် ချီးမြှင့်ငွေများကို ပေးအပ်ရာ သံအမတ်ကြီး၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ)နှင့် သင်တန်းသားများက လက်ခံရယူခဲ့ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

**○ ညောင်တုန်းမြို့နယ်မှ**

ထိုသို့ တာကိုယ်ထည်တိုက်စားခံရမှုအပေါ် ယာယီကာကွယ်နိုင်ရန်အတွက် တာကိုယ်ထည်တိုက်စားမှု ဖြစ်ပေါ်ခဲ့သည့်နေရာအား တာမိုင် ၁၁/၅ နှင့် ၁၁/၆ ကြား ယာယီပန်းတာ တည်ဆောက်ခြင်း၊ ဆည်မြောင်းမှူရင်းတာ တာမိုင် ၁၁/၆ + ၃၀၀ မှ ၁၁/၇ + ၆၀၀ အတွင်း ခန့်မှန်းလျှာထားအလျား ပေ ၇၀၀ အား သဲအိတ်များဖြင့် တာခြေ ထောက်ခြင်း၊ ဆည်မြောင်းတာ အတွင်းဘက်ခြမ်း တာမိုင် ၁၁/၆ + ၃၀၀ မှ တာမိုင် ၁၁/၇ + ၆၀၀ အထိ ပန်းတာ တည်ဆောက်ခြင်း၊ မြစ်ကမ်းထိန်းလုပ်ငန်းဖြစ်သည့် porcupine ချထားခြင်း၊ ကမ်းပြိုကာကွယ်ရေးသုံး Geotextine ခင်းခြင်း၊ Steel Cable Groyne နှစ်ချောင်း ဆောင်ရွက်ခြင်းနှင့် ရေလယ်သောင်တူးခြင်း လုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

ထိုသို့ ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



**✪ ဇီးကုန်းမြို့နယ်မှ**

အောင်နိုင်တိုး စပါးစိုက်ခင်းအား စံကွက်ရိတ်သိမ်းခဲ့သည်။

စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှမိုးနှင့် တာဝန်ရှိသူများ၏ ကြီးကြပ်မှုဖြင့် စိုက်ပျိုးပညာပေး ဝန်ထမ်းများက အောင်နိုင်တိုး စပါးစိုက်ခင်း ငါးဧကအား ကောင်း၊ သင့်၊ ညံ့ သတ်မှတ်၍ စံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧက ပျမ်းမျှအစို ၁၂၂ ဒသမ ၅၂ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု**

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုလန်းနှင့် ဇနီးတို့၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ် (Official Visit) သွားရောက်ခဲ့ပြီး ယနေ့မွန်းလွဲပိုင်းတွင် ဟနွိုင်းမြို့ Noi Bai အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ပြန်လည်ထွက်ခွာကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့အား ဗီယက်နမ်နိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့က ကော်ဖောနီ၏ တစ်ဖက်တစ်ချက်စီတွင် နေရာယူအလေးပြု၍ ဂုဏ်ပြုနှုတ်ဆက်ကြစဉ်။

နိုင်ငံတော်သမ္မတနှင့် ဇနီး ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင် သမ္မတရုံးဝန်ကြီး မစ္စတာ လဲခိုင်ဟိုင် ဦးဆောင်သည့် အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံအမတ်ကြီး၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဝေလင်းနှင့် ဇနီး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် ဇော်မင်းနှင့် တာဝန်ရှိသူများက လေဆိပ်၌ ရင်းနှီးနွေးထွေးစွာ ပို့ဆောင်နှုတ်ဆက်ကြသည်။

ထိုသို့ ပို့ဆောင်နှုတ်ဆက်စဉ် ဗီယက်နမ်နိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့က ကော်ဇောနီ၏ တစ်ဖက်တစ်ချက်စီတွင် နေရာယူအလေးပြု၍ ဂုဏ်ပြုနှုတ်ဆက်ကြသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် လိုက်ပါသွားကြသည့် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဦးမင်းနောင်၊ ဒေါက်တာ ချာလီသန်း၊ ဦးထွန်းအုံ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများပြန်လည်လိုက်ပါလာကြသည်။

နိုင်ငံတော်သမ္မတသည် ခရီးစဉ်အတွင်း ဗီယက်နမ်နိုင်ငံသမ္မတနှင့် တွေ့ဆုံ၍ နှစ်နိုင်ငံဆွေးနွေးပွဲ ကျင်းပပြုလုပ်ခြင်း၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်၊ ဗီယက်နမ်နိုင်ငံ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌတို့နှင့် တွေ့ဆုံဆွေးနွေးခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို ပိုမိုခိုင်မာလာစေရေးကိစ္စရပ်များ၊ နှစ်နိုင်ငံအစိုးရများအကြား၊ လွှတ်တော်များအကြားနှင့် ပြည်သူများအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်ကိစ္စများ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် အခြားနယ်ပယ်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံတို့တွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးနိုင်ခဲ့သည့် အပြင်

> နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့အား ဒုတိယ သမ္မတ ဦးညိုစောနှင့် ဇနီး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။

ဗီယက်နမ်နိုင်ငံရှိ ဒီဂျစ်တယ်နည်းပညာနှင့် စက်မှုလုပ်ငန်းများကို သွားရောက်လေ့လာခြင်း၊ မြန်မာ-ဗီယက်နမ် စီးပွားရေးဖိုရမ်သို့ တက်ရောက်ခြင်းများကို ဆောင်ရွက်နိုင်ခဲ့ပြီး နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကို ဆောင်ရွက်နိုင်ခဲ့သည်။




နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် နေပြည်တော်လေဆိပ်သို့ ပြန်လည်ရောက်ရှိကြရာ ဒုတိယသမ္မတ ဦးညိုစောနှင့်ဇနီး၊ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီနှင့်ဇနီး၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးနှင့် ဇနီး၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံရုံးတို့မှ တာဝန်ရှိသူများက လေဆိပ်တွင် ရင်းနှီးနွေးထွေးစွာဖြင့် ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးကောလိပ် ဝင်ခွင့်စာမေးပွဲဖြေဆိုနေမှုအား ကြည့်ရှုစစ်ဆေး

**ပုသိမ် စက်တင်ဘာ ၆**

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)၏ ပညာရေးဘွဲ့ ငါးနှစ်သင်တန်း အမှတ်စဉ်(၁၄) နှင့် ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်၊ စစ်ကိုင်း)တို့၏ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ပထမနှစ် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် AGTI ဒီပလိုမာသင်တန်း ဝင်ခွင့်စာမေးပွဲကို စက်တင်ဘာ ၅ ရက်က ပုသိမ်မြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းတွင် စတင်ကျင်းပရာ တိုင်းဒေသကြီး ကျောင်းသား ရွေးချယ်ရေး



ကော်မတီဥက္ကဋ္ဌ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိုးမင်းဦးနှင့် အဖွဲ့ဝင်များက သွားရောက်စစ်ဆေးသည်။

အဆိုပါ ဝင်ခွင့်စာမေးပွဲသို့ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၈ ခုမှ ကျောင်းသား ကျောင်းသူ ၈၀ လျှောက်ထားဖြေဆိုလျက်ရှိကြောင်းနှင့် ပညာရေးဘွဲ့ ငါးနှစ်သင်တန်းအတွက် ၁၇ ဦး၊ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် AGTI ဒီပလိုမာ သင်တန်းများအတွက် ၆၃ ဦး ဖြစ်ပြီး ယခု စာမေးပွဲတွင် ရွေးချယ်ခံရသူများသည် နယ်စပ်ရေးရာဝန်ကြီးဌာနက ဖွင့်လှစ်ထားသော တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ၌ နိုင်ငံတော်စရိတ်နေထိုင်စားသောက် အခမဲ့စနစ်ဖြင့် ပညာသင်ကြားခွင့်ရရှိမည့်အပြင် ဘွဲ့၊ ဒီပလိုမာများရရှိပါက နိုင်ငံတော်အစိုးရ၏ ဝန်ကြီးဌာနအသီးသီးတွင် အလုပ်အကိုင်များ တစ်ပါတည်း ခန့်အပ်ခြင်းခံရမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဟိန်း(ပြန်/ဆက်)**

❖

**❖ မြန်မာ့ကမ်းရိုးတန်းမှ**

ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီ တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်၍ သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုလန်းနှင့် ဇနီးတို့၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ် သွားရောက်ခဲ့မှုနှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများအပေါ် နိုင်ငံတော်သမ္မတရုံး ဒုတိယဝန်ကြီး ဒေါက်တာ ခိုင်ခိုင်စိုး ရှင်းလင်းဖြေကြား

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုလန်းနှင့် ဇနီးတို့၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ်(Official Visit) သွားရောက်ခဲ့မှုနှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများအပေါ် နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ နိုင်ငံတော်သမ္မတရုံး ဒုတိယဝန်ကြီး ဒေါက်တာ ခိုင်ခိုင်စိုးက ရှင်းလင်းဖြေကြားခဲ့သည်များကို ဖော်ပြအပ်ပါသည်။

**မေး။ နိုင်ငံတော်သမ္မတကြီးရဲ့ ဗီယက်နမ်ခရီးစဉ်ကို ဘယ်လိုသုံးသပ်ပါသလဲ။**

**ဖြေ။** နိုင်ငံတော်သမ္မတကြီးရဲ့ ဗီယက်နမ်နိုင်ငံခရီးစဉ်က အာဆီယံနိုင်ငံထဲမှာဆိုရင် ဒါက တတိယမြောက်နိုင်ငံကို သွားရောက်ခြင်းဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတကြီးက နိုင်ငံခြားခရီးစဉ်တွေကို သွားတဲ့အခါမှာလည်း ကိုယ့်နိုင်ငံရဲ့ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ သဘောသဘာဝတူညီတဲ့ နိုင်ငံတွေကို ဦးစားပေးရွေးချယ်ပြီးတော့ သွားခဲ့တာဖြစ်ပါတယ်။ ဗီယက်နမ်ကတော့ တတိယမြောက်နိုင်ငံပါ။ ဒီခရီးစဉ်မှာ ဗီယက်နမ်နိုင်ငံသမ္မတ၊ ဝန်ကြီးချုပ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့နဲ့ တွေ့ဆုံခဲ့ပါတယ်။ စီးပွားရေးဖိုရမ်တွေလည်း ပြုလုပ်ခဲ့ပါတယ်။ တကယ်တော့ ဗီယက်နမ်နိုင်ငံက ကျွန်မတို့နိုင်ငံနဲ့ အခုမှ ရင်းနှီးမှုတည်ဆောက်တဲ့ သံတမန်ဆက်ဆံရေးရှိတဲ့နိုင်ငံ မဟုတ်ပါဘူး။ နှစ်ပေါင်းများစွာသော သံတမန်ဆက်ဆံရေးဆိုရင် ရွှေရတုတိုင်ခဲ့ပါပြီ။ အဲဒီမတိုင်ခင်ကလည်း ၁၉၅၄ ခုနှစ်မှာ အရင်ဝန်ကြီးချုပ်ဟောင်း ဦးနု ဗီယက်နမ်နိုင်ငံကို အလည်အပတ်သွားရောက်ခဲ့ပါတယ်။ ၁၉၅၈ ခုနှစ်မှာလည်း ဗီယက်နမ်နိုင်ငံရဲ့ အမျိုးသားခေါင်းဆောင်ကြီး မစ္စတာ ဟိုချီမင်း ကျွန်မတို့နိုင်ငံကို အလည်အပတ် လာရောက်ခဲ့ပါတယ်။ ဒီခရီးစဉ်မှာပဲ ရန်ကုန်တက္ကသိုလ် ဥပဒေဌာနကနေပြီးတော့မှ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ကို မစ္စတာ ဟိုချီမင်းအား ချီးမြှင့်ခဲ့တာဖြစ်ပါတယ်။ ဒါကဘာကိုပြောတာလဲဆိုတော့ နှစ်နိုင်ငံရဲ့ ဆက်ဆံရေးသည် နှစ်ပေါင်းများစွာ တည်ရှိခဲ့တယ်၊ ရင်းနှီးချစ်ကြည်တဲ့ဆက်ဆံရေးလို့ ပြောလို့ရပါတယ်။ အခုခရီးစဉ်ကလည်း ရှိရင်းစွဲ၊ ရှိပြီးသား ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်ယုံကြည်မှုတွေကို ပိုပြီးတော့ တိုးမြှင့်နိုင်ခဲ့ပါတယ်။ စီးပွားရေးအခွင့်အလမ်းတွေကို ပိုပြီးတော့ ပွင့်လန်းအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ နောက်တစ်ခုကတော့ ၂၀၁၇ တုန်းက MoU ထိုးခဲ့တဲ့ Comprehensive Cooperation Partnership ဟာ လာမယ့်နှစ်ဆိုရင် ၁၀ နှစ်ပြည့်မြောက်ပါပြီ။ အဲဒီ အထိမ်းအမှတ်ကိုလည်း ထူးထူးခြားခြားလေး ဆောင်ရွက်သွားဖို့အတွက် နှစ်နိုင်ငံခေါင်းဆောင်တွေ သဘောတူညီခဲ့ပါတယ်။ ဒ့ါအပြင် ဒီ ၁၀ နှစ်ပြည့်ပြီးနောက်ပိုင်းမှာလည်း ထူးခြားတဲ့အစီအစဉ်တွေနဲ့ ဆက်လက်ဆောင်ရွက်သွားမယ်။ ၁၀ နှစ်ပြည့် အထိမ်းအမှတ်အနေနဲ့လည်း မြန်မာနိုင်ငံကို ဗီယက်နမ်သမ္မတကြီး လာရောက်လည်ပတ်ဖို့အတွက် ဖိတ်ကြားခဲ့ပါတယ်။ ဒီခရီးစဉ်က သံတမန်ရေးအရရော၊ စီးပွားရေးအရရော၊ ပြည်သူအချင်းချင်း ရင်းနှီးဆက်ဆံမှု ဒါတွေကို မြှင့်တင်ဖို့အတွက်ရော ကျွန်မတို့ အများကြီးဆွေးနွေးနိုင်ခဲ့တဲ့ အကျိုးရှိတဲ့ ခရီးစဉ်တစ်ခုလို့ သုံးသပ်နိုင်ပါတယ်။

**မေး။ နိုင်ငံတော်သမ္မတကြီးရဲ့ ဗီယက်နမ်ခရီးစဉ်မှာ နိုင်ငံအတွက် စီးပွားရေး၊ ကုန်သွယ်ရေးအတွက် ဘယ်လိုအကျိုးကျေးဇူးတွေ ဆောင်ကြဉ်းပေးနိုင်ခဲ့ပါသလဲ။**

**ဖြေ။** ဒီနေ့မနက်ပဲ စီးပွားရေးဖိုရမ် လုပ်ခဲ့ပါတယ်။ စီးပွားရေးဖိုရမ်မှာဆိုရင် မြန်မာနိုင်ငံဘက်က စီးပွားရေးလုပ်ငန်းရှင်နဲ့ ဗီယက်နမ်နိုင်ငံဘက်က စီးပွားရေးလုပ်ငန်းရှင် ၆၀၀ ကျော် တက်ရောက်ခဲ့ပါတယ်။ ဒီဖိုရမ်မှာပဲ နိုင်ငံတော်သမ္မတကြီးက မိန့်ခွန်းပြောကြားခဲ့ပါတယ်။ ပြောတဲ့အခါမှာလည်း မြန်မာနိုင်ငံဘက်ကို လာရောက်ပြီးတော့ ရင်းနှီးမြှုပ်နှံမယ့်၊ ကုန်သွယ်မှုတိုးမြှင့်မယ့်ကိစ္စတွေမှာ ကျွန်မတို့ဘက်က ဘာတွေလုပ်ပေးနိုင်မလဲ။ နောက်တစ်ခါ နိုင်ငံကနေပြီးတော့မှ လွန်ခဲ့တဲ့ နှစ်အနည်းငယ်က ပြန်လည်ထွက်ခွာသွားတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေ၊ သူတို့ကရော ဘာကြောင့် ပြန်ပြီးထွက်ခွာသွားတာလဲ၊ သူတို့မှာ ဘာအခက်အခဲတွေရှိလဲ၊ ဘာအကန့်အသတ်တွေရှိလဲ၊ ကျွန်မတို့ ဘာတွေပြန်ပြီးတော့ ဖြေလျှော့ပေးရမလဲ၊ ဒါတွေအကုန်လုံးကိုလည်း နိုင်ငံတော်သမ္မတကြီးက ပွင့်ပွင့်လင်းလင်းနဲ့ ဆွေးနွေးခဲ့ပါတယ်။ ကျွန်မတို့ဘက်က ဘာတွေဆောင်ရွက်ပေးရမလဲ။ အဲဒီတော့ ဒီနေရာမှာ သတင်းကောင်းကြားခဲ့ရတာက ကျွန်မတို့နိုင်ငံကနေပြီးတော့ ထွက်ခွာသွားတဲ့ အရင်စီးပွားရေးလုပ်ငန်းရှင်တွေ၊ သူတို့ကလည်း ပြန်လာဖို့အတွက်ကို စိတ်ဝင်စားကြောင်း၊ မေးမြန်းနေကြကြောင်း သတင်းကောင်းတွေ ကြားခဲ့ရပါတယ်။ နောက်ထပ် ထပ်ပြီးတော့မှ လာချင်တဲ့၊ ရင်းနှီးမြှုပ်နှံချင်တဲ့ အဖွဲ့တွေလည်းရှိတယ်လို့ သိရပါတယ်။ ဒီနေ့ဆိုရင် B to B MoU ခုနစ်ခု ထိုးနိုင်ခဲ့ပါတယ်။ နောက်တစ်ခါ စီးပွားရေးဖိုရမ်မှာပဲ ဗီယက်နမ်နိုင်ငံရဲ့ ဒုတိယဝန်ကြီးချုပ်က ဘယ်လိုကဏ္ဍတွေမှာ၊ ဥပမာ– စိုက်ပျိုးမွေးမြူရေး၊ Digital Transformation၊ နောက်တစ်ခါ ဓာတ်သတ္တုတူးဖော်ရေး၊ စွမ်းအင်ကဏ္ဍ စသည်ဖြင့် ပူးပေါင်းဆောင်ရွက်မယ့်ကဏ္ဍတွေကို အတိအလင်း ချပြသွားပါတယ်။ ဒါဟာ ဆုံးဖြတ်ပြီးသားဖြစ်တဲ့ အနေအထားတွေကို တွေ့ရပါတယ်။ ဒါဟာ နှစ်နိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအတွက် ဝမ်းမြောက်ဖွယ် သတင်းကောင်းပဲဖြစ်ပါတယ်။

**မေး။ ဒီခရီးစဉ်က မြန်မာနိုင်ငံနဲ့ အာဆီယံ ဆက်ဆံရေးအတွက် ဘယ်လိုအကျိုးသက်ရောက်မှု ရှိမလဲဆိုတာသိပါရစေ။**

**ဖြေ။** အာဆီယံအဖွဲ့ဝင်နိုင်ငံ အခုနောက်ဆုံး တီမောလက်စ်တေနိုင်ငံ ပါဆိုရင် ၁၁ နိုင်ငံ၊ ကျွန်မတို့နိုင်ငံ မပါဘူးဆိုရင် ၁၀ နိုင်ငံပါ။ ၁၀ နိုင်ငံမှာ အခု လာအိုရယ်၊ ထိုင်းရယ်၊ အခု ဗီယက်နမ်ရယ် သုံးနိုင်ငံ သွားရောက်ပြီးပါပြီ။ နောက် မကြာခင်မှာပဲ ကမ္ဘောဒီးယားနိုင်ငံကို သွားမှာဖြစ်ပါတယ်။ ရှေ့ဆက်ပြီးလည်း တခြားအာဆီယံ Member နိုင်ငံတွေကို သွားဖို့အတွက် အစီအစဉ်ရှိပါတယ်။ အဲဒီတော့ ကျွန်မတို့သည် အာဆီယံအဖွဲ့အတွင်းမှာ ဒါကထိတွေ့ဆက်ဆံမှုတွေ တဖြည်းဖြည်း တိုးမြှင့်လာတာဖြစ်ပါတယ်။ အဲဒီတော့ ဒီခရီးစဉ်က ကျွန်မတို့ မြန်မာနဲ့ ဗီယက်နမ် နှစ်နိုင်ငံ ထိတွေ့ဆက်ဆံမှုတိုးမြှင့်တာ၊ ဒါတင်မကဘဲနဲ့ ဒါကအာဆီယံ Member နိုင်ငံတွေနဲ့လည်း ထိတွေ့ဆက်ဆံမှုကို တိုးမြှင့်တာ ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ဗီယက်နမ်နိုင်ငံနဲ့ ကျွန်မတို့နိုင်ငံဆိုရင် ပွင့်ပွင့်လင်းလင်းနဲ့ ဆက်ဆံတဲ့ ပွဲတစ်ခုလို့လည်း ပြောလို့ရပါတယ်။ အဲဒီတော့ အာဆီယံ Member Countries တွေထဲမှာ ထိတွေ့ဆက်ဆံမှုကို တစ်ဆင့်မြှင့်တင်လိုက်ခြင်းလို့ ကျွန်မတို့ ပြောလို့ရပါတယ်။

**မေး။ ဗီယက်နမ်နိုင်ငံရဲ့ အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်နေတဲ့အပေါ်မှာ မြန်မာနိုင်ငံအနေနဲ့ရော ဘာတွေအတုယူစရာရှိမလဲဆိုတာ ပြောပြပေးပါ။**

**ဖြေ။** အရင်တုန်းကတော့ ဗီယက်နမ်ဆိုတာ ကျွန်မတို့လိုပဲ CLMV လေးနိုင်ငံထဲမှာ ပါပါတယ်။ သိပ်ပြီး မကွာခြားခဲ့ပါဘူး။ သို့သော်လည်း



နိုင်ငံတော်သမ္မတရုံး ဒုတိယဝန်ကြီး ဒေါက်တာ ခိုင်ခိုင်စိုး

အခုသွားကြည့်လိုက်တဲ့အချိန်မှာတော့ ဗီယက်နမ်နိုင်ငံက အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်နေတာကို တွေ့ရပါတယ်။ တကယ်တော့ ဗီယက်နမ်နိုင်ငံသည် ကျွန်မတို့နိုင်ငံလိုပဲ စိုက်ပျိုးရေးကို အခြေခံတဲ့နိုင်ငံပါ လူဦးရေများပါတယ်။ ကျွန်မတို့ထက် လူဦးရေများပါတယ်။ သို့သော်လည်း ဧရိယာအကျယ်အဝန်းက ကျဉ်းပါတယ်။ အဲဒီတော့ ရှိတဲ့မြေမှာပဲ စိုက်ပျိုးမွေးမြူရေးကို ခေတ်မီနည်းပညာ၊ နောက်ပြီး အားသာချက်တစ်ခုကတော့ သုတေသန၊ ဒါတွေနဲ့ သူတို့ဆောင်ရွက်သွားတယ်။ ဖွံ့ဖြိုးတိုးတက်အောင်၊ စက်မှုနိုင်ငံဖြစ်အောင် တစ်ဆင့်ပြီးတစ်ဆင့် တက်လှမ်းသွားတာကို တွေ့ရပါတယ်။ အဲဒီတော့ ဗီယက်နမ်နိုင်ငံကို လေ့လာကြည့်တဲ့အချိန်မှာ နံပါတ်တစ်အချက်က မြေလွတ်မြေရိုင်း မရှိဘူး၊ ရှိတဲ့မြေပေါ်မှာ အကုန်လုံး စိုက်ပျိုးမွေးမြူရေးကို အပြည့်အဝလုပ်ထားတယ်။ နောက်တစ်ခုကတော့ ဗီယက်နမ်ရဲ့ အားသာချက်သည် လူတိုင်းအလုပ်လုပ်ပါတယ်။ ကျွန်မတို့ Labour force participation rate အလွန်မြင့်ပါတယ်။ နောက်တစ်ခုကတော့ သူတို့လည်း ကျွန်မတို့လိုပဲ အတားအဆီးတွေ၊ အကန့်အသတ်တွေနဲ့ ကြုံခဲ့ရတဲ့နိုင်ငံ၊ Sanction တွေ ထိခဲ့တဲ့နိုင်ငံ ဖြစ်ပါတယ်။ သို့သော်လည်း တစ်ခါတည်း စည်းလုံးညီညွတ်စွာနဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင်လို့ ဆောင်ရွက်ခဲ့ကြတယ်။ အခြေအနေတွေ၊ အခက်အခဲတွေကို Blame မလုပ်ဘဲနဲ့ တစ်ဦးချင်းစီကနေပြီးတော့ အားသွန်ခွန်စိုက်ကြိုးစားခဲ့တဲ့အတွက် ဒီဆယ်စုနှစ် တစ်စု၊ နှစ်စုစာ ကာလအတွင်းမှာပဲ ဗီယက်နမ်နိုင်ငံက အရှိန်အဟုန်နဲ့ တိုးတက်လာတာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်မတို့နိုင်ငံနဲ့ ခုနက ဗီယက်နမ်တို့ ယှဉ်မယ်ဆိုရင် မြေနေရာတွေ အကျယ်ကြီးရှိပါတယ်၊ ကောင်းမွန်တဲ့ ရာသီဥတုတွေရှိပါတယ်၊ ၁၂ လရာသီပတ်လုံး စိုက်ပျိုးနိုင်တဲ့ မြေတွေ၊ ရာသီဥတုအနေအထားတွေ ရှိပါတယ်။ ဒီလိုအနေအထားတွေနဲ့ ဗီယက်နမ်နိုင်ငံက အခု တိုးတက်လာတဲ့ နည်းပညာတွေ၊ သူတို့ရဲ့ သုတေသနလုပ်ငန်းတွေ ဒါတွေကို ပေါင်းစပ်ပြီးတော့ ဆောင်ရွက်နိုင်မယ်ဆိုရင် နှစ်နိုင်ငံလုံးအတွက် Win–win situation ရနိုင်ပါတယ်။

**မေး။ ဒေသတွင်း ပထဝီစီးပွားရေးအရ မြန်မာ–ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှုက ဘယ်လို မဟာဗျူဟာ အရေးပါမှုတွေရှိမလဲဆိုတာ သိပါရစေ။**

**ဖြေ။** ဗီယက်နမ်နိုင်ငံက ဒီအရှေ့အာရှ၊ အာရှ အရှေ့ခြမ်း၊ နောက်တစ်ခါ ပစိဖိတ်သမုဒ္ဒရာဘက် သူတို့နဲ့အဆက်အသွယ်ရှိသလို ကျွန်မတို့နိုင်ငံသည်လည်း အနောက်အာရှ၊ အာရှရဲ့ အနောက်ဘက်ခြမ်း၊ တောင်အာရှ၊ နောက်တစ်ခါ ဒီဘက် အိန္ဒိယသမုဒ္ဒရာ ထွက်ပေါက် နှစ်ခု ရှိနေပါတယ်။ အဲဒီတော့ ဒီနှစ်နိုင်ငံကို ချိတ်ဆက်မယ်၊ နဂိုကလည်း လမ်းကြောင်းတွေရှိပြီးသားပါ၊ ဗီယက်နမ်ကနေ လာအိုရှိမယ်၊ လာအိုကနေ ထိုင်းရှိမယ်၊ အဲဒီက တစ်ဆင့် ကျွန်မတို့နိုင်ငံ ရှိပြီးသားလမ်းကြောင်းတွေ ရှိပါတယ်၊ ထပ်ပြီးတော့ ဆက်သွယ်ရမယ့်လမ်းကြောင်းတွေလည်း ရှိပါတယ်။ တကယ်လို့သာ ဒါကို ချိတ်ဆက်နိုင်မယ်ဆိုရင် အာရှအရှေ့ခြမ်းနဲ့ အနောက်ခြမ်း ဆက်သွယ်ပေးနိုင်တဲ့ Transit trade လုပ်နိုင်မယ့် အနေအထားမျိုး ရှိပါတယ်။ ဒါကို နိုင်ငံတော်သမ္မတကြီးကလည်း ဒီအနေအထားကိုဗီယက်နမ်သမ္မတကြီးကို မြေပုံနဲ့တကွ အသေအချာ ရှင်းလင်းပြီးတော့ ဆွေးနွေးခဲ့ပါတယ်၊ ချပြခဲ့ပါတယ်။ ဗီယက်နမ်သမ္မတကြီးကလည်း ဒါကို အလွန်စိတ်ဝင်စားပြီးတော့မှ Study တွေ လုပ်ရမယ်၊ ဒါကို Research တွေ လုပ်ရမယ်၊ ဒီလို ဆက်သွယ်ရေးလမ်းကြောင်းတွေ ပေါ်လာမယ်ဆိုရင် နှစ်နိုင်ငံအတွက် ဘယ်လိုအကျိုးရှိနိုင်မလဲဆိုတာကို လေ့လာဖို့အတွက်ကို အကြမ်းဖျင်း သဘောတူညီခဲ့ပါတယ်။ ဒါကြောင့် နှစ်နိုင်ငံ ဆက်ဆံရေး၊ ဒီလိုလမ်းကြောင်းတွေ ဖောက်ထားခြင်းသည် နှစ်နိုင်ငံအတွက် သာမဟုတ်ပါဘူး၊ ကျွန်မတို့ ဒေသတွင်းနိုင်ငံ၊ ဒီနှစ်နိုင်ငံအကြားမှာရှိတဲ့ နိုင်ငံတွေ၊ မဲခေါင်ဒေသ၊ အနောက်ခြမ်းနဲ့ အရှေ့ခြမ်း ဒါတွေအားလုံးသည် Regional ကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါတယ်လို့ ပြောချင်ပါတယ်။

**မေး။ ဗီယက်နမ်ခရီးစဉ်ရဲ့ အဓိက ရလဒ်အနေနဲ့က ဘာဖြစ်မလဲဆိုတာသိပါရစေ။**

**ဖြေ။** ဗီယက်နမ်ခရီးစဉ် အဓိကရလဒ်ကတော့ သုံးချက်ပါပဲ။ နံပါတ်တစ်ကတော့ ရှိရင်းစွဲ ရှိပြီးသား ချစ်ခင်ရင်းနှီးမှု၊ ယုံကြည်မှု အဲဒါကို ပိုပြီးတော့ ခိုင်မာအောင် လုပ်နိုင်ခဲ့ပါတယ်။ နောက်တစ်ခုကတော့ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းပါ။ နှစ်ဖက် သေသေချာချာဆွေးနွေးခဲ့တယ်၊ ရရှိနိုင်မယ့်အနေအထားတွေ၊ ပူးပေါင်းဆောင်ရွက်ရင် ရရှိနိုင်မယ့် အကျိုးအမြတ်တွေ၊ ဒါ Win–Win situation၊ နောက်တစ်ခုကတော့ ဒေသတွင်း၊ နောက်တစ်ခါ ကမ္ဘာ့မျက်နှာစာမှာ အပြန်အလှန် ထောက်ပံ့မယ်၊ ကူညီမယ်၊ အားပေးမယ်။ အဲဒီတော့ ဗီယက်နမ်ဘက်ကလည်း ကျွန်မတို့ဘက်ကို အာဆီယံမျက်နှာစာမှာရော ကမ္ဘာ့မျက်နှာစာမှာပါ အပြည့်အဝ ကျွန်မတို့ရဲ့ ရပ်တည်ချက်ကို ထောက်ခံပါတယ်ဆိုပြီး ပြောခဲ့တယ်။ ကျွန်မတို့ဘက်ကလည်း ဗီယက်နမ်ကို အပြည့်အဝထောက်ခံသွားမယ်။ အဲဒီတော့ နိုင်ငံရေးအရ၊ သံတမန်ရေးအရ၊ စီးပွားရေးအရ အောင်မြင်တဲ့ ခရီးစဉ်လို့ ပြောနိုင်ပါတယ်။

**မေး။ နိုင်ငံတော်သမ္မတကြီးရဲ့ ဗီယက်နမ်ခရီးစဉ်တစ်ခုလုံးကို ခြုံပြီးပြောရရင် အဓိကရလဒ်က ဘယ်လိုပြောလို့ရနိုင်ပါသလဲ။**

**ဖြေ။** အဓိကရလဒ်ကတော့ နှစ်နိုင်ငံ ရှိရင်းစွဲ ချစ်ခင်ရင်းနှီးမှု၊ အပြန်အလှန် ယုံကြည်မှု အဲဒါကို ပိုပြီး ခိုင်မာစေခဲ့ပါတယ်။ နောက်တစ်ခုကတော့ စီးပွားရေးအရ အခွင့်အလမ်းတွေ ဖော်ဆောင်နိုင်ခဲ့ပါတယ်။ နောက်တစ်ချက်ကတော့ နှစ်နှစ်တာ သံတမန်ရေးအရ အချိန်ဇယားပါ၊ သံတမန်အချိန်ဇယား ပေါ်ထွက်လာခဲ့ပါတယ်။ ရှေ့ဆက်ပြီးတော့ ဘာတွေဆောင်ရွက်မယ်။ ဒါတွေရဲ့ ရလဒ်တွေအားလုံးသည် ကျွန်မတို့ ပြည်သူပြည်သားတွေအတွက် အကျိုးကို လက်တွေ့ဖော်ဆောင်ဖို့ ဘာတွေဆောင်ရွက်မယ်ဆိုတဲ့ လမ်းကြောင်းရရှိခဲ့ပါတယ်။ **(သတင်းအဖွဲ့)**

# တွဲလက်ညီညီ အောင်ပွဲဆီသို့ တက်လှမ်းလို့ပင် မြန်မာ-ဗီယက်နမ်ခရီးစဉ်

ကေဇက်ဟိန်း(PPIB)

ယနေ့သည် နိုင်ငံတော်အကြီးအကဲနှင့်ဇနီး ဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ဗီယက်နမ်နိုင်ငံခရီးစဉ် ဒုတိယနေ့ပဲဖြစ်ပါတယ်။ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတနှင့် တွေ့ဆုံမှုအပြင် အခြားသော နိုင်ငံရဲ့ အရေးပါသူများနဲ့ တွေ့ဆုံမှုတွေလည်း ပြုလုပ်သွားမှာ ဖြစ်ပါတယ်။ ခရီးစဉ်ရဲ့ အရေးကြီးဆုံး နေ့ရက် တစ်ရက်လို့ ဆိုရမှာပါပဲ။ နှစ်နိုင်ငံခေါင်းဆောင်ချင်း တွေ့ဆုံရာမှာ ပြောတဲ့ ဆွေးနွေးချက်တွေဟာ နှစ်နိုင်ငံချစ်ကြည်ရေးကိုအခြေခံပြီး ကဏ္ဍစုံထိ တစ်စတစ်စ ကျယ်ပြန့်သွားတဲ့အပြင် ဒေသတွင်းကနေ ကမ္ဘာ့မျက်နှာစာထိ ကျယ်ပြန့်သွားတတ်တဲ့ သဘောကို စာရေးသူ မကြာခဏ တွေ့မြင်ခဲ့ရပါတယ်။

မည်သို့သော သဘောတူညီမှုများ ရရှိသွားမလဲ၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများရဲ့ အရှိန်အဟုန် ဘယ်လောက်ထိ တိုးမြှင့်သွားနိုင်မလဲ၊ ဘယ်လို ကဏ္ဍသစ်တွေ ဖော်ဆောင်သွားနိုင်ဦးမလဲ၊ ဒါတွေက တစ်ဆင့် နှစ်နိုင်ငံရဲ့ မဟာဗျူဟာမြောက် ပူးပေါင်းနိုင်မှုအောင်ပွဲကို ဘယ်လိုတက်လှမ်းသွားနိုင်မလဲ စတဲ့ မေးခွန်းပေါင်းများစွာဟာ စာရေးသူရဲ့စိတ်ထဲ ပွဲတင်ထပ်လို့နေပါတယ်။ စာရေးသူလည်း နိုင်ငံတော်အကြီးအကဲနှင့်ဇနီး ဦးဆောင်တဲ့ မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့လိုက်ပါတဲ့ အထူးယာဉ်တန်းနဲ့ လိုက်ပါရင်း ခရီးစဉ်ဒုတိယရက်ကို စတင်ခဲ့ရပါတော့တယ်။

### ဟနွိုင်းမြို့ရှိ အမျိုးသားသူရဲကောင်းများနှင့် အာဇာနည်ဗိမာန်၊ ဟိုချီမင်းဂူဗိမာန်တို့၌ လွမ်းသူ့ပန်းခွေချအလေးပြု

နိုင်ငံတော်အကြီးအကဲနှင့်ဇနီး ဦးဆောင်တဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ လိုက်ပါလာတဲ့ အထူးယာဉ်တန်းဟာ ဟနွိုင်းမြို့ရှိ အမျိုးသားသူရဲကောင်းများနှင့် အာဇာနည်ဗိမာန်၊ ဟိုချီမင်းဂူဗိမာန်တို့ဆီသို့ စတင်ခရီးဆက်ခဲ့ပါတယ်။

နိုင်ငံတော်အကြီးအကဲဟာ ပြည်ပခရီးစဉ်တွေတိုင်းမှာ နိုင်ငံတွေရဲ့ သမိုင်းကြောင်း၊ နိုင်ငံအတွက် အသက်စွန့်ကြိုးပမ်းခဲ့သူတွေအတွက် အလေးအမြတ်ထားရာ သူရဲကောင်းဗိမာန်တွေကို သွားရောက်ဂုဏ်ပြုမြဲ၊ အလေးအမြတ်ပြုမြဲ ဖြစ်ပါတယ်။ သူရဲကောင်းဗိမာန်တွေဟာ နိုင်ငံတော်တွေရဲ့ သမိုင်းကို လေးမြတ်စွာ ကမ္ပည်းရေးထိုးနိုင်သူတွေ၊ နိုင်ငံနှင့်လူမျိုးအတွက် အသက်စွန့်ဝံ့သူတွေကို အသိအမှတ်ပြုထားတဲ့ အထိမ်းအမှတ်နေရာတွေပဲ ဖြစ်ပါတယ်။ နိုင်ငံ့ခေါင်းဆောင်တိုင်းက အပြန်အလှန်သွားရောက်တိုင်း အလေးအမြတ်ပြုမြဲပါ။ နိုင်ငံတော်အကြီးအကဲနှင့်ဇနီး ဦးဆောင်တဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဟာ သူရဲကောင်းဗိမာန်မှာ ကျဆုံးလေပြီးသော အမျိုးသားသူရဲကောင်းများ ဂူဗိမာန်နဲ့ ဟိုချီမင်းဂူဗိမာန်တို့မှာ ဂုဏ်ပြုတပ်ဖွဲ့၏ ဂါရဝပြုတီးမှုတ်မှုများနဲ့အတူ လွမ်းသူ့ပန်းခွေချခြင်းများကို ဆောင်ရွက်ခဲ့ပါတယ်။ ဒါဟာတစ်နိုင်ငံနဲ့တစ်နိုင်ငံ သမိုင်းကို လေးစားမှု၊ ရင်ဆိုင်ဖြတ်သန်းခဲ့ရတဲ့ သမိုင်းနေ့ရက်များကို ထပ်တူလေးစားဂုဏ်ယူနေမှု စတဲ့ စိတ်နှလုံးသားတွေရဲ့ ပြယုဂ်တစ်ခုပါပဲ။

> ❝ဗီယက်နမ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့်အတူ ဘက်စုံခိုင်မာပြီး လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှု ကဏ္ဍသစ်တစ်ရပ်ကို တက်လှမ်းနိုင်ရန် အသင့်ရှိပါကြောင်း၊ နှစ်နိုင်ငံအကြား နိုင်ငံရေးအရ ယုံကြည်မှုနှင့် အပြန်အလှန်နားလည်မှု မြှင့်တင်နိုင်ရေး၊ ကာကွယ်ရေးနှင့်လုံခြုံရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံရေး၊ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ပညာရေးနှင့် ခရီးသွားလာရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာ စာမျက်နှာတို့တွင် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများဖြင့် ထောက်ခံရပ်တည်သွားနိုင်ရေး စသည့်နယ်ပယ်ပေါင်းစုံတို့၌ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားလို❞



**နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုလန်းတို့ စက်တင်ဘာ ၅ ရက်က ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

### ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ တိုလန်းနှင့်ဇနီးတို့က ဂုဏ်ပြုကြိုဆို

ကြည်လင်သာယာသော ကောင်းကင်ပြင်ကြီးက ဟနွိုင်းမြို့ပြတစ်ခုလုံးကို လွှမ်းခြုံထားသည့်နှယ်။ ကြည်လင်တဲ့ ရာသီသဘာဝ၊ ဟနွိုင်းမြို့ပြရဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုပုံရိပ်တို့ဟာ လိုက်ဖက်ညီနေပါတယ်။ မြို့ပြပုံရိပ်အစုံစုံတို့က စာရေးသူတို့ကို လက်ပြနှုတ်ဆက်နေသလိုပင်။ နိုင်ငံတော်အကြီးအကဲနှင့်ဇနီး ဦးဆောင်တဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့လိုက်ပါလာတဲ့ အထူးယာဉ်တန်းဟာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာတိုလန်းနှင့်ဇနီးတို့ ကြိုဆိုမည့်နေရာသို့ ရောက်ရှိခါနီးပါပြီ။ မကြာမီဆိုသလိုပဲ အထူးယာဉ်တန်းဟာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ရှိ အမျိုးသားလွှတ်တော်(National Assembly Building)ရှေ့ ရင်ပြင်ကို ရောက်ရှိခဲ့ပါတယ်။

ကြိုဆိုပွဲအခမ်းအနားအတွက် ပြင်ဆင်ထားပုံက ခမ်းနားလှပါတယ်။ ရင်ပြင်ရဲ့ နေရာအချို့မှာလည်း နှစ်နိုင်ငံအလံတွေကို လွှင့်ထူထားပါသေးတယ်။ နှစ်နိုင်ငံအလံတွေကို LED Board ဖြင့် ပြသထားရှိမှုဟာလည်း နှစ်နိုင်ငံရဲ့ ချစ်ကြည်ရင်းနှီးမှု ခိုင်မာနေခြင်းကို ပြသထားသလို ခံစားမိပါတယ်။ ရှေ့ရင်ပြင်ပေါ်မှာလည်း ကော်ဇောနီလျှောက်လမ်းများနဲ့အတူ ဂုဏ်ပြုတပ်ဖွဲ့များကလည်း အသင့်စောင့်ဆိုင်းလို့နေပါတော့တယ်။ အထူးယာဉ်တန်းဟာ အမျိုးသားလွှတ်တော်ရှေ့ ရင်ပြင်ကိုရောက်ရှိတာနဲ့ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နဲ့ဇနီးတို့ကို ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုလန်းနှင့်ဇနီးတို့က ရင်းရင်းနှီးနှီးနဲ့ကြိုဆိုနှုတ်ဆက်ကြပါတယ်။ နှစ်နိုင်ငံအကြီးအကဲချင်း သာမက အကြီးအကဲနှစ်ဦးရဲ့ ဇနီးနှစ်ဦးပါ တွေ့ဆုံခွင့်ရခြင်းဟာ သံတမန်ဆက်ဆံရေးဆိုတဲ့အဆင့်ထက် ကျော်လွန်တဲ့ ရင်းနှီးကျွမ်းဝင်မှုတွေကို ပြသပုံဖော်ပေးထားသလိုလည်း စာရေးသူခံစားမိပါတယ်။

အဲဒီနောက်မှာတော့ နိုင်ငံတော်သမ္မတနှစ်ဦးဟာ အလေးပြုခံစင်မြင့်ထက်မှာ နေရာယူပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူခဲ့ပါတယ်။ ဂုဏ်ပြုတပ်ဖွဲ့က နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများနဲ့ ဂုဏ်ပြုအလေးပြုပြီးနောက်မှာတော့ နှစ်နိုင်ငံ သမ္မတနှစ်ဦးဟာ ဂုဏ်ပြုတပ်ဖွဲ့များကို ကော်ဇောနီလျှောက်လမ်းများအတိုင်း လမ်းလျှောက်စစ်ဆေးခဲ့တာကိုလည်း တွေ့မြင်ခဲ့ရပါတယ်။ အခမ်းအနားပြီးမြောက်ချိန်မှာတော့ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးမှုကို စတင်ပါတော့တယ်။

နှစ်နိုင်ငံသမ္မတနှစ်ဦးရဲ့ တွေ့ဆုံဆွေးနွေးမှု အဓိကအကြောင်းအရာများကို လေ့လာကြည့်ကြပါမယ်။ ဒါတွေကတော့ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုဆိုင်ရာများ၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာများ၊ စက်မှုကဏ္ဍနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍများ၊ ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ၊ ဆက်သွယ်ရေး၊ ဒီဂျစ်တယ်နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာများ၊ လူမှုရေးနှင့် အမျိုးသမီးရေးရာကဏ္ဍများ၊ ယဉ်ကျေးမှုနှင့် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုဆိုင်ရာများ၊ ခရီးသွားလုပ်ငန်းနှင့် လေကြောင်းဆက်သွယ်မှုဆိုင်ရာများ၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးဆိုင်ရာများ၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများ၊ ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံမှုများ၊ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများ စတဲ့အချက်တွေကို အကျယ်တဝင့်နဲ့ ရင်းနှီးနွေးထွေးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့တာပဲ ဖြစ်ပါတယ်။

မိမိတို့နိုင်ငံအကြီးအကဲအနေနဲ့ ဗီယက်နမ်နိုင်ငံခရီးစဉ်များကို ပြန်ကြည့်ရင် သုံးကြိမ်တိုင်တိုင်ရောက်ခဲ့ဖူးပါတယ်။ သမ္မတတာဝန်ယူပြီးချိန်ဆိုရင်တော့ ဒီခရီးစဉ်ဟာ ပထမဆုံးအကြိမ်ပဲ ဖြစ်ပါတယ်။ နှစ်နိုင်ငံသမ္မတနှစ်ဦး ဆွေးနွေးနေချိန်မှာ စာရေးသူ မြင်မိတာလေးတွေရှိပါတယ်။ နှစ်နိုင်ငံသမ္မတနှစ်ဦးဟာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့မှာကျင်းပခဲ့တဲ့ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲနှစ်(၈၀)ပြည့် အထိမ်းအမှတ် အခမ်းအနားမှာ တွေ့ဆုံခဲ့ဖူးပြီး ဒီတစ်ကြိမ်ပြန်ဆုံတွေ့ရတဲ့အပေါ် နှစ်ဖက်စလုံးက တခုတ်တရ ပြောဆိုကြပါတယ်။ သာမန်ဆက်ဆံရေးမဟုတ်ဘဲ မိတ်ဟောင်းဆွေဟောင်းတွေ ပြန်လည်တွေ့ဆုံတဲ့အခါမျိုးမှာ မြင်ရတတ်တဲ့ မြင်ကွင်းမျိုးပါ။

ဒါ့အပြင် နိုင်ငံတော်အကြီးအကဲရဲ့ ဦးဆောင်မှုနဲ့အတူ နိုင်ငံတော်မှာကျင်းပနိုင်ခဲ့တဲ့ အထွေထွေရွေးကောက်ပွဲနဲ့အတူ အစိုးရသစ်တစ်ရပ်ပေါ်ထွန်းလာမှု၊ နိုင်ငံတကာဆက်ဆံရေးနှင့် ဒေသတွင်းနိုင်ငံများနဲ့ ဆက်ဆံရေးတိုးမြှင့်တည်ဆောက်နိုင်မှု၊ နှစ်နိုင်ငံရဲ့ ဖြတ်သန်းခဲ့ရတဲ့ သမိုင်းပုံရိပ်များတူညီမှုနဲ့အတူ ရင်းနှီးကျွမ်းဝင်မှု ပိုမိုရှိတယ်ဆိုတဲ့အကြောင်းကို ဗီယက်နမ်သမ္မတကြီးက အလေးအနက်ထားပြောခဲ့တာကို တွေ့ရပါတယ်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အနေနဲ့လည်း ဗီယက်နမ်နိုင်ငံ ပြည်သူများရဲ့ လွတ်လပ်ရေးနှင့် အမျိုးသားပြန်လည်ပေါင်းစည်းရေးအတွက် ကြိုးပမ်းခဲ့မှု၊ နိုင်ငံတော်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်နေမှုများအပေါ် အထူးလေးစားကြောင်းကို တခုတ်တရ ပြန်လည်ပြောဆိုခဲ့ပါတယ်။ ဗီယက်နမ်နိုင်ငံဟာ စစ်ပွဲနဲ့ အရေးယူပိတ်ဆို့ကန့်သတ်မှုတွေကြားကရုန်းထပြီး ယခုလို အလျင်အမြန် ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်လာမှုကိုလည်း နိုင်ငံတော်အကြီးအကဲက အလေးအနက်ထားပြီး ချီးကျူးခဲ့ပါသေးတယ်။ ဒီလေးစားဂုဏ်ယူမှုဟာ လက်ရှိ ဗီယက်နမ်သမ္မတလက်ထက်တစ်ခုတည်းတင်မဟုတ်ဘဲ ခေတ်အဆက်ဆက် ခေါင်းဆောင်များရဲ့ စွမ်းရည်ကိုလေးစားဂုဏ်ယူကြောင်း ပြသခဲ့တာပဲ ဖြစ်ပါတယ်။

ဒါ့အပြင် မိမိတို့နိုင်ငံရဲ့ အစိုးရ၊ လွှတ်တော်၊ နိုင်ငံရေးပါတီနှင့်ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံရေးတွေတိုးမြှင့်သွားဖို့၊ နှစ်နိုင်ငံကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများကတစ်ဆင့် နိုင်ငံတော်ရဲ့ စီးပွားရေးကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍများဖွံ့ဖြိုးတိုးတက်စေရေးမှာလည်း ပူးပေါင်းဆောင်ရွက်သွားဖို့ အလေးထားဆွေးနွေးကာ ရလဒ်တစ်ခုကို ဖော်ဆောင်နိုင်ခဲ့ပါသေးတယ်။

**"မြန်မာ-ထိုင်း-လာအို-ဗီယက်နမ် အရှေ့-အနောက် စီးပွားရေးစင်္ကြံ ပိုမိုအားကောင်းလာစေရေး၊ လမ်းပန်းဆက်သွယ်ရေး၊ နယ်စပ်ဖြတ်ကျော်ကုန်သွယ်ရေး၊ ပို့ဆောင်ရေးကဏ္ဍတို့တွင် သုံးနိုင်ငံအကြား လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုကိုတိုးမြှင့်လိုကြောင်း၊ မြန်မာ-လာအို-ဗီယက်နမ်၊ မြန်မာ-ထိုင်း-လာအို-ဗီယက်နမ် စသည့် လမ်းပန်းဆက်သွယ်ရေးလမ်းကြောင်းများကို အဆင့်မြှင့်တင်ပြီး မြန်မာနိုင်ငံနှင့် ချိတ်ဆက်နိုင်မည်ဆိုပါက ဒေသတွင်း ကုန်သွယ်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးများစွာဖြစ်ထွန်းနိုင်မည်"။**

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ရဲ့ ဆွေးနွေးမှုများထဲက စီးပွားရေးစင်္ကြံလမ်းကြောင်းကိစ္စကိုထုတ်နုတ်တင်ပြတာပဲ ဖြစ်ပါတယ်။ ဒီအချက်ဟာ အာဆီယံဒေသတွင်းရဲ့ စီးပွားရေးလမ်းကြောင်းအပေါ် မြန်မာရဲ့ အချက်အချာကျမှုနဲ့ များစွာသက်ဆိုင်နေပါတယ်။ မိမိတို့နိုင်ငံဟာ မြန်မာ-အိန္ဒိယ-ထိုင်း သုံးနိုင်ငံ

စာမျက်နှာ ၉ သို့ »»

»»» စာမျက်နှာ ၈ မှ

အဝေးပြေးလမ်းမကြီး စီမံကိန်းကို အကောင်အထည် ဖော်ဆောင်ရွက်နေပါတယ်။ ဒီလမ်းနဲ့ချိတ်ဆက်ပြီး ဗီယက်နမ်ဟာ လာအိုနဲ့ မြန်မာကတစ်ဆင့် အိန္ဒိယကို ထွက်ပေါက်တစ်ခုရနိုင်သလို တောင်အာရှနဲ့ အနောက်ဘက်ဈေးကွက်လမ်းကြောင်း ရရှိနိုင်မှာပါ။ မြန်မာဟာ ဗီယက်နမ်အတွက် Land Bridge တစ်ခု ဖြစ်သလို မြန်မာအတွက်လည်း လာအို-ဗီယက်နမ်က တစ်ဆင့် အရှေ့အာရှဈေးကွက်ကို ချိတ်ဆက်သွားနိုင်မှာပဲ ဖြစ်ပါတယ်။ Land Bridge အပေါ် အခြေခံထားတဲ့ စီးပွားရေးစင်္ကြံကို တွေ့ရမှာပါ။

တစ်ယောက်တည်းအားထက် ပူးပေါင်းမှု စွမ်းအားက ပိုပြီးကောင်းပါတယ်။ စီးပွားရေးစင်္ကြံလမ်းကြောင်းတွေကို နိုင်ငံတော်အကြီးအကဲက ပြည်ပခရီးစဉ်တိုင်းမှာ ဆွေးနွေးဖြစ်တာကို တွေ့မြင်ရမှာပါ။ တစ်နေရာတည်းကနေ လမ်းကြောင်းတစ်ခုတည်းနဲ့ ပုံသေတွက်ချက်သွားလာနေမယ်ဆိုရင် အမှတ်မထင်တဲ့ အခင်းအကျင်း ပြောင်းလဲမှုတွေက ကြီးမားတဲ့အဟန့်အတား အကျပ်အတည်းကို ဖြစ်ပေါ်စေပါတယ်။ ယနေ့ ကမ္ဘာ့ဖြစ်စဉ်များက သက်သေပါပဲ။ ဒါကြောင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုမှာ စုပေါင်းအားနဲ့ ကဏ္ဍသစ်၊ မျက်နှာစာသစ်နဲ့ အခင်းအကျင်းအသစ်တွေကို ဖော်ဆောင်ထားနိုင်ခြင်းသည်သာ အကောင်းဆုံးဖြစ်တာကို နိုင်ငံတော်အကြီးအကဲက အာဆီယံကို ရည်ညွှန်းပြောဆိုနေခြင်းသာဖြစ်ကြောင်း စာရေးသူခံစားမိပါတယ်။

**“ဗီယက်နမ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့်အတူ ဘက်စုံခိုင်မာပြီး လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှု ကဏ္ဍသစ်တစ်ရပ်ကို တက်လှမ်းနိုင်ရန် အသင့်ရှိပါကြောင်း၊ နှစ်နိုင်ငံအကြား နိုင်ငံရေးအရ ယုံကြည်မှုနှင့် အပြန်အလှန်နားလည်မှု မြှင့်တင်နိုင်ရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံရေး၊ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ပညာရေးနှင့် ခရီးသွားလာရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများဖြင့် ထောက်ခံရပ်တည်သွားနိုင်ရေး စသည့် နယ်ပယ်ပေါင်းစုံတို့၌ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားလိုပါကြောင်း”**

ဒါကတော့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတက ပြန်လည်ပြောကြားချက်ပါပဲ။ ခရီးစဉ်ရဲ့ ရလဒ်ဟာ ဒါပါပဲ။ မိမိတို့ နိုင်ငံအကြီးအကဲရဲ့ ခြေလှမ်းများနောက်ကို တစ်ချက်လှေ့လာကြည့်ကြပါမယ်။ သွားခဲ့တဲ့ခရီးစဉ်တွေနောက်ပိုင်းမှာ နိုင်ငံတော်ဒုတိယသမ္မတတွေ၊ ပြည်ထောင်စုဝန်ကြီးတွေ၊ ဒုတိယဝန်ကြီးအဆင့်တွေဟာ အကြီးအကဲဖော်ဆောင်ခဲ့တဲ့ ကဏ္ဍစုံအတွက် နိုင်ငံအသီးသီးကို သွားရောက်နေတာကို ယနေ့သတင်းစာမျက်နှာတွေမှာ တွေ့ကြမှာပါ။ ဒါတွေဟာ နိုင်ငံတော်အတွက်၊ နိုင်ငံသူနိုင်ငံသားတွေအတွက်ပါပဲလို့ မီးမောင်းထိုးပြလိုပါတယ်ဗျာ။ နိုင်ငံတော်အကြီးအကဲ ကတော့ ခရီးဆက်ဦးမှာမို့ ဆက်လေ့လာကြည့်ရအောင်ပါ။

**ဗီယက်နမ်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မစ္စတာချိန်ထန်မန်းနှင့် တွေ့ဆုံ**

နိုင်ငံတော်အကြီးအကဲဟာ ပြည်ပခရီးစဉ်တိုင်းမှာ နိုင်ငံတော်ရဲ့ ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်တဲ့ လွှတ်တော်ကဏ္ဍကိုလည်း အလေးအနက်ထားဆောင်ရွက်စမြဲ ဖြစ်ပါတယ်။ တွေ့ဆုံပွဲကိုတော့ ဗီယက်နမ်အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမမှာ ကျင်းပခဲ့ပါတယ်။

တွေ့ဆုံပွဲရဲ့ ရလဒ်ကိုကြည့်မယ်ဆိုရင် နှစ်နိုင်ငံလွှတ်တော်အချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန် နားလည်ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရေး၊ နှစ်နိုင်ငံအစိုးရအချင်းချင်း၊ တပ်မတော်အချင်းချင်း၊ ပါတီအချင်းချင်းမှစ၍ ပြည်သူအချင်းချင်းဆက်ဆံရေးအထိ ပူးပေါင်းဆောင်ရွက်ဖို့ အဓိကထားဆွေးနွေးခဲ့တာကို တွေ့ရပါတယ်။

ဒါ့အပြင် ဗီယက်နမ်နိုင်ငံဟာ မြန်မာနိုင်ငံရဲ့ အချုပ်အခြာအာဏာနှင့် နယ်မြေပိုင်ဆိုင်မှု၊ လွတ်လပ်စွာဆုံးဖြတ်ပိုင်ခွင့်များကို လေးစားတန်ဖိုးထားပြီး မြန်မာအနေဖြင့် ဗီယက်နမ်နိုင်ငံအပေါ် ယုံကြည်စိတ်ချရတဲ့ မိတ်ဆွေနိုင်ငံအဖြစ် မှတ်ယူနိုင်သည်ဆိုတဲ့ အဆင့်အထိ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ချပြဆွေးနွေးခဲ့တာကိုလည်း တွေ့မြင်ရပါတယ်။



စက်တင်ဘာ ၅ ရက်က နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လေမင်ဟုန်တို့ တွေ့ဆုံဆွေးနွေးစဉ်။

လွှတ်တော်နှစ်ရပ်ချင်း ပူးပေါင်းမှုမှသည် နှစ်နိုင်ငံ ဥပဒေပြုရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေး၊ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများအထိ တိုးမြှင့်နိုင်မှုများအပေါ် အလေးအနက်ထား ဆွေးနွေးခဲ့တာကို တွေ့မြင်ကြားသိခဲ့ရပါတယ်။

**ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ လေမင်ဟုန်နှင့် တွေ့ဆုံ**

ဒီတွေ့ဆုံမှုကိုတော့ ဒေသစံတော်ချိန် မွန်းလွဲပိုင်းမှာ ဟနွိုင်းမြို့ အစိုးရအဖွဲ့ရုံး(Grand Hall) မှာ တွေ့ဆုံဆွေးနွေးမှာပဲ ဖြစ်ပါတယ်။ ဒီတွေ့ဆုံမှုမှာတော့ မြန်မာနိုင်ငံရဲ့ ဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများ၊ နှစ်နိုင်ငံဆက်ဆံမှု တိုးမြှင့်နိုင်မယ့်အခြေအနေများ၊ အစိုးရ၊ လွှတ်တော်၊ ပြည်သူများအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုတွေကို မြှင့်တင်ဆောင်ရွက်မှုများ၊ ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ၊ လူမှုရေးနှင့် အမျိုးသမီးရေးရာကဏ္ဍ၊ ယဉ်ကျေးမှု၊ ခရီးသွားလာရေးနှင့် ပြည်သူအချင်းချင်းထိတွေ့ဆက်ဆံမှုကဏ္ဍ၊ ဆက်သွယ်ရေးနည်းပညာဆိုင်ရာကဏ္ဍတို့မှာ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ မြန်မာနိုင်ငံ၏ နိုင်ငံတကာဆက်ဆံရေးတွင် ဘက်မလိုက်ပြီး ဟန်ချက်ညီတဲ့ ဆက်ဆံရေးကို တည်ဆောက်သွားမည့် အခြေအနေများ၊ ဗီယက်နမ်နိုင်ငံအပါအဝင် ဒေသတွင်း မိတ်ဖက်နိုင်ငံများနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီးမှာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေးဆိုင်ရာ ကိစ္စရပ်တွေကို ခင်မင်ရင်းနှီးစွာ ဆွေးနွေးခဲ့တာကို တွေ့မြင်ရပါတယ်။

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ Van Phuc ပိုးထည်ရွာ (Silk Village)သို့ သွားရောက်လေ့လာ**

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ ဇနီးဖြစ်သူ ဒေါ်ကြူကြူလှရဲ့ ဒုတိယမြောက် ပြည်ပခရီးစဉ်တစ်ခုပဲ ဖြစ်ပါတယ်။ ပထမခရီးစဉ်ဟာ လာအိုနိုင်ငံပဲ ဖြစ်ပါတယ်။ လာအိုနိုင်ငံခရီးစဉ် လိုက်ပါစဉ်ကလည်း လာအိုပိုးထည်တိုက်ကို သွားရောက်လေ့လာခဲ့ပါသေးတယ်။ ယခုခရီးစဉ်မှာလည်း ဗီယက်နမ်နိုင်ငံရဲ့ Van Phuc ပိုးထည်ရွာ(Silk Village)ကို သွားရောက်လေ့လာခဲ့ပြန်ပါတယ်။ ယနေ့အချိန်ထိတော့ ပိုးထည်တိုက်၊ ပိုးထည်ပစ္စည်းလုပ်ငန်းများနှင့် စပ်လျဉ်းပြီး မည်သို့အကောင်အထည်ဖော်မည်ကိုတော့ တွေးဆလို့မရနိုင်သေးပါဘူး။

ခရီးစဉ်တစ်ခုမှာ နှစ်နိုင်ငံခေါင်းဆောင်ချင်းသာမက ပါရမီဖြည့်ဖက် ဇနီးများပါ ခင်မင်ရင်းနှီးခွင့်ပေးခြင်းဟာ ချစ်ကြည်ရင်းနှီးမှုကို ပိုမိုနွေးထွေးသလို ခံစားမိပါတယ်။ ယခုပုံရိပ်ဟာ အာဆီယံဒေသတွင်းကို ပြသခဲ့တဲ့ ဒုတိယမြောက် ပြကွက်တစ်ခုပမာ မြင်တွေ့ရပါတယ်။ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ရဲ့ Van Phuc ပိုးထည်ရွာ(Silk Village) အကြောင်းကို လေ့လာကြည့်ရအောင်ပါ။

Van Phuc ပိုးထည်ရွာ(Silk Village)ဟာ ဗီယက်နမ်နိုင်ငံရဲ့ အထင်ရှားဆုံး ရိုးရာပိုးထည်ရက်လုပ်တဲ့ ကျေးရွာတွေထဲက တစ်ခုပဲဖြစ်ပါတယ်။ နှစ်ပေါင်း(၁၀၀၀)ရှိတဲ့ ရိုးရာအမွေအနှစ်တစ်ခုအဖြစ် လေ့လာတွေ့ရှိခဲ့ရပါတယ်။ ပိုးမွေးမြူခြင်း၊ ပိုးချည်မျှင်ထုတ်လုပ်ခြင်း၊ ချည်မျှင်ပြင်ဆင်ခြင်း၊ ရိုးရာရက်ကန်းစင်များဖြင့် ရက်လုပ်ခြင်း၊ အရောင်ဆိုးခြင်းနှင့် နောက်ဆုံးပိုးထည်များ ပြုလုပ်ခြင်းတွေကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရပါတယ်။ ထူးခြားမှုတစ်ခုကတော့ ရိုးရာလက်မှုပညာရှင်များရဲ့ မျိုးဆက်အလိုက် ရက်ကန်းပညာလက်ဆင့်ကမ်းထိန်းသိမ်းလာမှု၊ ခရီးသွားလုပ်ငန်းနှင့် ချိတ်ဆက်ဖွံ့ဖြိုးလာမှုတွေဟာ ဂုဏ်ယူစရာပဲဖြစ်ပါတယ်။

ဒီနေရာမှာ စာရေးသူက တစ်ခုမျှဝေလိုပါတယ်။ ဥပမာ ပိုးထည်ဆိုပါစို့။ ရက်လုပ်ပြီး ထွက်ပေါ်လာတဲ့ လှပတဲ့ပိုးထည်တစ်ခုဟာ ဒြပ်ရှိယဉ်ကျေးမှုတစ်ခုပါ။ ရက်လုပ်တဲ့ ပညာရပ်ဟာ ဒြပ်မဲ့ယဉ်ကျေးမှုတစ်ခုပါ။ နားလည်စေချင်တာက ယဉ်ကျေးမှုတစ်ခုမှာ ဒြပ်ရှိ ဒြပ်မဲ့ ယဉ်ကျေးမှုနှစ်ရပ်ရှိတယ်ဆိုတာပါပဲ။ ထပ်ပြီး အဓိကကျတာကတော့ ဒြပ်မဲ့ယဉ်ကျေးမှုဖြစ်တဲ့ ပညာရပ်နဲ့ ပညာရပ်ကိုတတ်ကျွမ်းတဲ့ လူသားအရင်းအမြစ်ပါ။ ဒီလူသားအရင်းအမြစ်တွေဆုံးရှုံးရင် ပညာရပ်တွေ တိမ်ကောပြီး ဒြပ်ရှိယဉ်ကျေးမှုတွေပါ အလိုလိုပျောက်ဆုံးသွားတတ်တာ သဘာဝပါ။ မိမိတို့နိုင်ငံမှာလည်း ဒြပ်ရှိဒြပ်မဲ့နဲ့ သက်ဆိုင်တဲ့ ရိုးရာယဉ်ကျေးမှုတွေ တိုင်းရင်းသားများအလိုက် ရှိကြပါတယ်။ မိမိတို့ တိုင်းရင်းသားများအလိုက် ဒြပ်ရှိဒြပ်မဲ့ ရိုးရာယဉ်ကျေးမှုတွေ ဘယ်လိုအဆင့်ရောက်နေပြီလဲ၊ တိမ်ကောသွားနိုင်ခြေတွေ ရှိနေပြီလားဆိုတာတွေကို စာရေးသူက အလျဉ်းသင့်လို့ ဆောင်းပါးလေးကတစ်ဆင့် မေးလိုက်ပါဦးမယ်။

နိုင်ငံတော်အကြီးအကဲတို့ရဲ့ ဇနီးနှစ်ဦးဟာ ရင်းနှီးနွေးထွေးသော ဆက်ဆံမှုများနဲ့အတူ လေ့လာရေးခရီးစဉ်လေးကို ပုံဖော်ညွှန်းဆိုပြသနိုင်ခဲ့တယ်လို့ပဲ ဆိုလိုက်ပါရစေခင်ဗျာ။

**ဟနွိုင်းမြို့ပုံရိပ်အချို့၊ ဗီယက်နမ်တို့၏စိတ်ဓာတ်နှင့် ထုတ်ကုန်များအကြောင်း တစေ့ တစောင်း**

အချိန်အနည်းငယ်ရခိုက် စာရေးသူ ဟနွိုင်းမြို့ကို လေ့လာကြည့်ဖြစ်ခဲ့ပါသေးတယ်။ တကယ်တော့ ဟနွိုင်းမြို့ဆိုပေမယ့် ရန်ကုန်မြို့ကို ရောက်နေသလို ခံစားမိပါတယ်။ ရန်ကုန်မြို့နဲ့ ကွာခြားတာကတော့ ရန်ကုန်လို အထပ်မြင့်တွေ သိပ်မများတာပါပဲ။ ဟနွိုင်းမှာလည်း ရန်ကုန်မြို့လို ကန်တော်ကြီးပုံစံမျိုး တစ်ခုရှိပါတယ်။ လှပသပ်ရပ်တဲ့ Green Zone တစ်ခုပါ။ ဟနွိုင်းမြို့က အရွယ်မျိုးစုံဟာ ဒီကန်ကြီးနားမှာ လမ်းလျှောက်ခြင်း၊ စကားစမြည်ပြောခြင်းတွေနဲ့ စိတ်အပန်းဖြေကြတာကိုလည်း စာရေးသူ တွေ့မြင်ခဲ့ရပါတယ်။

တစ်နေ့တာ အလုပ်လုပ်လို့ ပင်ပန်းနွမ်းနယ်မှုတွေကို ဒီကန်ကြီးရဲ့ ပတ်လမ်းတွေမှာ စည်းကမ်းရှိစွာ အပန်းဖြေနေကြတဲ့ သဘောပါပဲ။ လူစည်ကားတဲ့ နေရာတွေမှာ လူငယ်တွေစုပြီး သွားလာလှုပ်ရှားတဲ့ ပုံရိပ်ကလည်း စည်းကမ်းတကျရှိခြင်းဆိုတဲ့ လူနေမှုပုံစံကို ပြသလျက်ရှိပါတယ်။ ယနေ့ စာရေးသူတို့နိုင်ငံက လူငယ်တွေအတွက် အတုယူစရာတစ်မျိုး ဖြစ်ပါတယ်။

ဗီယက်နမ်လူမျိုးတွေဟာ မိမိနိုင်ငံနဲ့ မိမိလူမျိုးကို ချစ်မြတ်နိုးစိတ် အပြည့်အဝရှိကြပါတယ်။ တိုင်းတစ်ပါးကို အထင်ကြီးလေးစားမှု အလျဉ်းမရှိဘဲ မိမိခွန်မိမိအား၊ မိမိလူမျိုးအားနဲ့သာ မိမိနိုင်ငံကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်မယ်ဆိုတဲ့ စိတ်အပြည့်အဝရှိတာကိုလည်း စာရေးသူလေ့လာတွေ့ရှိရပါတယ်။ ယနေ့ ဗီယက်နမ်နိုင်ငံဟာ ကဏ္ဍစုံမှာ အရှိန်အဟုန်နဲ့ အလျင်အမြန်တိုးတက်ပြောင်းလဲလာတာဟာ ဗီယက်နမ်လူမျိုးတို့ရဲ့ စည်းလုံးတဲ့အား၊ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်တွေစုစည်းပြီး ရုန်းထကြိုးစားခဲ့လို့ ပိုင်ဆိုင်ခဲ့တဲ့ ရလဒ်ကောင်းများပဲ ဖြစ်ပါတယ်။ မိမိတို့နိုင်ငံသားတွေအနေနဲ့လည်း ဒီလိုစံနမူနာကောင်းတွေကို အတုယူပြီး မိမိနိုင်ငံ၊ မိမိလူမျိုးအတွက် စည်းလုံးညီညွတ်တဲ့အားနဲ့ ကြိုးစားအားထုတ်ချိန် တန်ပါပြီ။ နောက်တစ်ခု မျှဝေပေးလိုပါသေးတယ်။ ဒါကတော့ ဗီယက်နမ်နိုင်ငံရဲ့ အထည်အလိပ်တွေအကြောင်းပါပဲ။

ဗီယက်နမ်နိုင်ငံရဲ့ အထည်အလိပ်တွေဟာ ဈေးနှုန်းချိုသာပြီး အရည်အသွေးလည်းကောင်းမွန်တာကို စာရေးသူလေ့လာတွေ့ရှိခဲ့ရပါတယ်။ ဒါကလည်း သူတို့နိုင်ငံရဲ့ MSME လုပ်ငန်းတွေရဲ့ တိုးတက်မှုအရှိန်အဟုန်တစ်ခုပဲဖြစ်ပါတယ်။

ဗီယက်နမ်နိုင်ငံဟာ ကမ္ဘာပေါ်မှာ အဝတ်အထည်ထုတ်လုပ်တင်ပို့မှုအများဆုံး နိုင်ငံတစ်ခုအဖြစ် စာရင်းဝင်တဲ့နိုင်ငံတစ်ခု ဖြစ်ပါတယ်။ ဈေးနှုန်းနဲ့ ကောင်းမွန်တဲ့ အရည်အသွေးကြောင့် ကမ္ဘာမှာ နာမည်ကြီးအမှတ်တံဆိပ်များနဲ့ နာမည်ကြီးနေတာကိုလည်း တွေ့ခဲ့ရပါတယ်။ အဓိကသော့ချက်ကို လေ့လာကြည့်ရာမှာတော့ ကျွမ်းကျင်လုပ်သား အရင်းအမြစ်ကောင်းတွေရှိပြီး လုပ်ငန်းစွမ်းဆောင်ရည်နှင့် အထည်ချုပ်ကျွမ်းကျင်မှု မြင့်မားကြတယ်။ အခြေခံကုန်ကျမှုစရိတ်သက်သာတဲ့အတွက် စက်ရုံတွေလည်ပတ်မှုနဲ့ ကုန်ထုတ်လုပ်မှုကုန်ကျစရိတ်ကို သင့်တင့်တဲ့ဈေးနှုန်းနဲ့ ထိန်းသိမ်းထားနိုင်တယ်။

ထုတ်လုပ်လိုက်တဲ့ ကုန်ပစ္စည်းတွေအတွက်လည်း ကုန်သွယ်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေး ကွန်ရက်ကောင်းတွေကို စွမ်းဆောင်နိုင်ကြတာကိုလည်း တွေ့ရတယ်။ ထိစပ်နေတဲ့ အိမ်နီးချင်းနိုင်ငံအချို့ကတစ်ဆင့် လိုအပ်တဲ့ကုန်ကြမ်းတွေကို တင်သွင်းနိုင်နေတာကိုလည်း တွေ့ရပြန်ပါတယ်။ အတိုချုံးကြည့်ရင်တော့ အထည်အလိပ်တွေအတွက် ကုန်ကြမ်းရရှိမှုကောင်းခြင်း၊ ကျွမ်းကျင်လုပ်သားအရင်းအမြစ်ကောင်းများ ပိုင်ဆိုင်ခြင်း၊ ပြည်တွင်းကတစ်ဆင့်ပြည်ပဈေးကွက်အထိ ကွန်ရက်ရှာဖွေနိုင်ခြင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်ချိုသာခြင်းဆိုတဲ့ အဓိကအချက်တွေကို တွေ့မြင်ရမှာပဲဖြစ်ပါတယ်။ စာဖတ်သူတို့အတွက် ပြန်လည်မျှဝေပေးတာပဲဖြစ်ပါတယ်။ ခရီးစဉ်အကြောင်းလေး ခဏဆက်လိုက်ရအောင်ပါ။

ခရီးစဉ်ဒုတိယရက်ရဲ့ညမှာတော့ နိုင်ငံတော်အကြီးအကဲနှင့်ဇနီးဦးဆောင်တဲ့ အဆင့်မြင့် မြန်မာကိုယ်စားလှယ်အဖွဲ့ကို ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ တိုလန်းနှင့်ဇနီးတို့က ဂုဏ်ပြုညစာနဲ့ တည်ခင်းဧည့်ခံခဲ့ပါတယ်။ ဒီဂုဏ်ပြုညစာစားပွဲကိုတော့ ဗီယက်နမ်နိုင်ငံ သမ္မတရုံး တုံကင်နန်းတော်မှာ ကျင်းပခဲ့တာပဲဖြစ်ပါတယ်။ တုံကင်နန်းတော်ဆိုတာ သမိုင်းဝင်အထိမ်းအမှတ်နေရာတစ်ခုလည်း ဖြစ်ပါတယ်။ ပြင်သစ်ကိုလိုနီကာလအတွင်းက မြို့တော်ဝန်နေအိမ်အဖြစ်အသုံးပြုခဲ့တဲ့ သမိုင်းဝင် အထင်ကရ ဗိသုကာလက်ရာတစ်ခုပဲ ဖြစ်ပါတယ်။ နန်းတော်အတွင်း ရောက်ရှိခဲ့တဲ့အချိန်မှာတော့ ဗီယက်နမ်တို့ရဲ့ မြေယာရှုခင်း(landscape) ပိုင်းမှာ ကျွမ်းကျင်ပိုင်နိုင်မှုနဲ့ စနစ်တကျနဲ့ သာယာလှပမှုရှိအောင် ဖန်တီးထားနိုင်မှုကိုလည်း လေးစားအသိအမှတ်ပြုခဲ့ရပါတယ်။

ဒီနေ့မှာ ပြုလုပ်ခဲ့တဲ့ တွေ့ဆုံပွဲအခမ်းအနားတွေမှာ ခရီးစဉ်ရဲ့အောင်မြင်မှု ရလဒ်ကောင်းများကို ကိုယ်စီအပြုံးတွေကတစ်ဆင့် မှန်တစ်ချပ်ပမာ တွေ့မြင်ခဲ့ရပြီပဲ ဖြစ်ပါတယ်။

ဤရလဒ်များနှင့်အတူ ပိုင်ဆိုင်ခဲ့တဲ့ နေ့ရက်တစ်ရက်ဟာလည်း တွဲလက်ညီညီ အောင်ပွဲဆီသို့ တက်လှမ်းနိုင်ခဲ့တဲ့ မြန်မာ-ဗီယက်နမ်ခရီးစဉ်အဖြစ် ကမ္ပည်းတင်ရေးထိုးနိုင်ခဲ့ကြောင်း စာပန်းချီခြယ်မှုန်းရကြောင်းပါဗျာ။ ။

# အလုပ်သမားဆေးရုံကြီး(မန္တလေး)တွင် အာမခံအလုပ်သမားလူနာများအတွက် Ultrasound စက်အသစ် တပ်ဆင်ထားရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိ

**မန္တလေး စက်တင်ဘာ ၆**

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် အလုပ်သမားဆေးရုံကြီး(မန္တလေး)၌ အာမခံအလုပ်သမားလူနာများအတွက် Ultrasound စက်အသစ်တပ်ဆင်ထားရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိကြောင်း သိရသည်။



အဆိုပါ ဆေးရုံကုသဆောင်များတွင် ဆေးရုံတက်ရောက်နေသော အာမခံအလုပ်သမားလူနာများအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးနေမှု၊ Ultrasound စက်ဖြင့် ရောဂါရှာဖွေပေးနေမှုနှင့် ကျောက်ကပ်သွေးသန့်စင်ဌာနတွင် လူနာများအား ကျောက်ကပ်သွေးသန့်စင်ပေးနေမှုတို့ကို ယနေ့နံနက်ပိုင်းတွင် အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးပြီး အလှူငွေများ ထောက်ပံ့လှူဒါန်း၍ ဆေးရုံအစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ယမန်နေ့ကလည်း မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ကင်မရာမှန်ဘီလူးစက်ရုံ Burst Transmission Co., Ltd သို့ သွားရောက်၍ စက်ရုံမှ တာဝန်ရှိသူများ၊ အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC)အဖွဲ့ဝင်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး စက်ရုံရှိ အကျုံးဝင်အာမခံအလုပ်သမားများကို အလုပ်သမားဆေးရုံကြီးများမှ အထူးကုဆရာဝန်များက ရွေ့လျားဆေးကုသယာဉ်ဖြင့် စက်ရုံအရောက် လိုအပ်သောဆေးဝါးကုသမှုပေးခြင်း၊ ခာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းနှင့် ECG စက်ဖြင့် နှလုံးစစ်ဆေးပေးခြင်းတို့ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြင်ဦးလွင်မြို့ လူမှုဖူလုံရေးအဖွဲ့ မြို့နယ်လူမှုဖူလုံရေးဆေးခန်း(ပြင်ဦးလွင်) ၌ ဆေးခန်းအဆောက်အအုံ ပြင်ဆင်ထိန်းသိမ်းထားရှိမှု၊ ဆေးစတိုတွင် ဆေးဝါးများထိန်းသိမ်းထားရှိမှု၊ ဆေးပစ္စည်းကိရိယာများနှင့် ဆေးဝါးများရရှိသုံးစွဲမှုနှင့် အာမခံအလုပ်သမားလူနာများ ဆေးဝါးပြတ်လပ်မှုမရှိစေရေး စီစဉ်ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

မန္တလေးတိုင်းဒေသကြီးတွင် အကျုံးဝင်အာမခံအလုပ်သမား ၁၂၇၂၇၆ ဦးရှိပြီး အဆိုပါအာမခံအလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် အလုပ်သမားဆေးရုံကြီး (မန္တလေး)၊ မြို့နယ်လူမှုဖူလုံရေးဆေးခန်းခြောက်ခု၊ ဌာနကြီးဆေးခန်းငါးခု၊ စာချုပ်ဆေးခန်းခြောက်ခုတို့ ဖွင့်လှစ်၍ ကျန်းမာရေးဝန်ဆောင်မှု ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ရွေ့လျားဆေးကုသယာဉ် (MMU) ဖြင့် ကွင်းဆင်းဆေးကုသမှုဆောင်ရွက်ခြင်းနှင့် အာမခံအလုပ်သမားများ စိုက်ထုတ်ကုန်ကျခဲ့သည့် ဆေးဖိုးကုန်ကျငွေများအတွက် ဆေးဖိုးပြန်လည်ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကာ ၂၀၂၆ ခုနှစ် ဧပြီလမှ ဩဂုတ်လအထိ ဆေးဖိုးကုန်ကျငွေကျပ်သန်းပေါင်း ၁၀၅ ဒသမ ၃၃၇ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်သူ့စစ်မှုထမ်းတာဝန် ထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသူများအား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်

**မကွေး စက်တင်ဘာ ၆**

ပြည်သူ့စစ်မှုထမ်း အပတ်စဉ် (၁/၂၀၂၄) နှင့် (၂/၂၀၂၄)တို့မှ နေရပ်သို့ ထပ်မံရောက်ရှိလာသူများနှင့် အပတ်စဉ်(၃/၂၀၂၄) နှင့် (၄/၂၀၂၄) တို့တွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်ပြီး နေရပ်သို့ပြန်လည်ရောက်ရှိလာသော ပြည်သူ့စစ်မှုထမ်းများအား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ခြင်းနှင့် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခြင်း အခမ်းအနားကို ယမန်နေ့ ညနေပိုင်းက မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကိုက ဂုဏ်ပြုအမှာစကားပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ မကွေးတိုင်းဒေသကြီးမှ တာဝန်ထမ်းဆောင်ခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်း အပတ်စဉ် (၁)နှင့် (၂)တို့မှ ထပ်မံရောက်ရှိလာသူ ၃၉ ဦးနှင့် အပတ်စဉ်(၃) နှင့် (၄)တို့မှ ပြန်လည်ရောက်ရှိလာသူ ၁၇၉ ဦး စုစုပေါင်း ၂၁၈ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၈)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ကြိုဆို

**နေပြည်တော် စက်တင်ဘာ ၆**

ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၈)သို့ တက်ရောက်ကြမည့် ရှမ်းပြည်နယ်အတွင်းရှိ နိုင်ငံ့သားကောင်းရတနာများအား ကြိုဆိုပွဲကို ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ရှိ နယ်မြေခံသင်တန်းကျောင်း၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် တိုင်းရင်းသားယဉ်ကျေးမှု အဖွဲ့များ တက်ရောက်ကြသည်။



ဦးစွာ တက်ရောက်လာကြသူများက ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၂၈)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအား အောင်သပြေပန်းများ၊ စားသောက်ဖွယ်ရာများ ဖြင့် သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် တာဝန်ရှိသူများက အဆိုပါသင်တန်းသို့ တက်ရောက်မည့်နိုင်ငံ့သားကောင်းရတနာများအား လိုအပ်သည့် စုဖွဲ့ပြင်ဆင်မှုများနှင့် အုပ်ချုပ်မှုကိစ္စရပ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်ခြောက်မြို့နယ်ရှိ ရပ်ကွက် ၁၉ ခုနှင့် ကျေးရွာအချို့၌ ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ



**နေပြည်တော် စက်တင်ဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှု ဖြစ်ပွားခဲ့သည်။ အဆိုပါရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ငသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရပ်ကွက် ၁၄ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိသည်။

ထိုသို့ ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သော်လည်း ကျုံပျော်မြို့နယ်တွင် ငဝန်မြစ်ရေသည် ဩဂုတ် ၃၀ ရက်တွင် ရှစ်ပေ တစ်လက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ခြောက်ပေ ၁၁ လက်မခန့်သာ ကျန်ရှိသဖြင့် ၁ ပေ ၂ လက်မခန့်ကျဆင်းသွားကြောင်း၊ ကျောင်းကုန်းမြို့နယ်တွင် ငဝန်မြစ်ရေသည် ဩဂုတ် ၃၀ ရက်တွင် ၇ ပေ ၁ လက်မခန့်အထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၆ ပေ ၂ လက်မခန့်သာ ကျန်ရှိသဖြင့် ၁၁ လက်မခန့်ကျဆင်းသွားခဲ့ကြောင်း၊ ရေကြည်မြို့နယ်တွင် ငဝန်မြစ်ရေသည် ဩဂုတ် ၂၄ ရက်တွင် ၁၁ ပေ ၂ လက်မခန့်အထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၆ ပေ ၁၀ လက်မခန့်သာ ကျန်ရှိသဖြင့် ၄ ပေ ၄ လက်မခန့်အထိ ကျဆင်းသွားခဲ့ကြောင်း သိရသည်။

ထိုသို့ ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအား အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်း အဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိရေဘေးသင့်ပြည်သူများအား ထမင်းဘူးများနှင့် စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ငဝန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများ အသုံးပြု၍ Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များ ဖြည့်၍ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်း စသည့်ငဝန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေး လုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများ အသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်တွင် (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၅ ရက်က ပင်းတယမြို့ ဆူးဗိုလ်ကုန်းရပ်ကွက် ပရိယတ္တိစာသင်တိုက်တွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရဲကွပ်ကဲမှုအဖွဲ့မှူးရုံးမှ ဒုတိယဒေသရဲကွပ်ကဲမှုအဖွဲ့မှူး ရဲမှူးမြစိုးနှင့် ရဲတပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ အောင်ကိုဦး(ပြန်/ဆက်)

# တစ်ပတ်အတွင်း သတင်းအနှစ်ချုပ်

**စာတည်းအဖွဲ့**

**ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၆ ရက်အတွင်း ကြေးမုံသတင်းစာတွင်ဖော်ပြခဲ့သည့် သတင်းများအနက် နိုင်ငံခြားဆက်ဆံရေး၊ ကျန်းမာရေး၊ ပညာရေး၊ ကုန်ဈေးနှုန်းတည်ငြိမ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ ဥပဒေရေးရာ၊ ပြန်လည်ခေါ်ဆောင်ရေး၊ ငြိမ်းချမ်းရေး၊ အလုပ်သမားရေးရာ၊ ရခိုင်ပြည်နယ်အရေး၊ အားကစား၊ အကြမ်းဖက်တိုက်ခိုက်မှုနှင့် မှုခင်း စသည့်သတင်းများကိုစုစည်း၍ တစ်ပတ်အတွင်း သတင်းအနှစ်ချုပ်အဖြစ် ဖော်ပြလိုက်ပါသည် –**

## နိုင်ငံခြားဆက်ဆံရေး

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ၏ ဖိတ်ကြားချက်အရ စက်တင်ဘာလ ၄ ရက်နေ့တွင် ဗီယက်နမ်နိုင်ငံသို့ တရားဝင်ခရီးစဉ် သွားရောက်ခဲ့ပြီး ဟနွိုင်းမြို့ရှိ Vinfast မော်တော်ယာဉ် ထုတ်လုပ်ရေးကုမ္ပဏီနှင့် Viettel ဆက်သွယ်ရေး ကုမ္ပဏီများသို့ သွားရောက်လေ့လာခဲ့ပါသည်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ၏ ဖိတ်ကြားချက်အရ စက်တင်ဘာလ ၅ ရက်နေ့တွင် ဟနွိုင်းမြို့သို့ရောက်ရှိခဲ့ပြီး ဗီယက်နမ်သမ္မတ မစ္စတာ တိုလန်း၊ ဝန်ကြီးချုပ် မစ္စတာ လေမင်ဟုန်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မစ္စတာ ချန်ထန်မန်းတို့နှင့် သီးခြားစီ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးပွဲများတွင် နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် နည်းပညာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် သဘောတူညီခဲ့ကြသည်။

## ကျန်းမာရေး

စကျွတ်စ်ထောင်၊ လူတစ်ထောင် အလင်းဆောင်မည့် အစီအစဉ်ဖြင့် ပျဉ်းမနား၊ မြောင်းမြနှင့် မန္တလေးမြို့ရှိ မြစ်ငယ်မီးရထားဆေးရုံတို့တွင် မျက်စိအတွင်းတိမ်နှင့် မျက်သားခြစ်ရောဂါခံစားနေရသည့် လူနာ ၅၀၀ ကျော်ကို အခမဲ့ခွဲစိတ်ကုသပေးခဲ့ပြီးဖြစ်ကြောင်း ဩဂုတ် ၃၀ ရက်တွင် သတင်းဖော်ပြခဲ့သည်။ အလှူရှင်များအနေဖြင့် မျက်စိတစ်လုံးလျှင် ငွေကျပ် ၂၀၀၀၀၀ နှုန်းဖြင့် ပါဝင်လှူဒါန်းနိုင်သည်။

ထို့ပြင် မကွေးမြို့ရှိ သီတဂူမြင့်မိုရ်စံ စကျွဒါနဆေးရုံကြီးတွင် ပဥ္စမအကြိမ်မြောက်အဖြစ် မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးမှ မျက်စိဝေဒနာရှင်စုစုပေါင်း ၁၆၀၀ ကျော်ကို စမ်းသပ်စစ်ဆေးပေးခဲ့သည်။ ၎င်းတို့အနက် အတွင်းတိမ်နှင့် ရေတိမ်ဝေဒနာရှင်များကို သီတဂူအထူးကုဆရာဝန်ကြီးများက ဩဂုတ် ၂၉ ရက်မှ စက်တင်ဘာ ၅ ရက်အထိ အခမဲ့ခွဲစိတ်ကုသပေးလျက်ရှိသည်။

## ပညာရေး

နေပြည်တော်ရှိ Naypyitaw State Academy ၌ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတို့တွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်သည့်အခမ်းအနားကို ဩဂုတ် ၃၁ ရက်တွင် ကျင်းပခဲ့သည်။ ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မှာ ၅၂ ဒသမ ၃၇ ရာခိုင်နှုန်းရှိပြီး ပြီးခဲ့သည့်နှစ်များထက် တိုးတက်လာကြောင်း သိရသည်။

## ကုန်ဈေးနှုန်းတည်ငြိမ်ရေး

ကုန်စည်ဈေးနှုန်းများ ထိန်းညှိနိုင်ရန်အတွက် ဒီဇယ်ဆီ၊ သဘာဝဓာတ်ငွေ့ရည်(LNG)နှင့် ဓာတ်မြေဩဇာများ တင်သွင်းမှုအပေါ် အခွန်ကင်းလွတ်ခွင့်ကာလကို ၂၀၂၆ ခုနှစ် စက်တင်ဘာ ၃၀ ရက်အထိ ထပ်မံတိုးမြှင့် ခွင့်ပြုပေးလိုက်သည်။

## သယ်ယူပို့ဆောင်ရေး

ရထားစီးခရီးသွားများနှင့် ကျောင်းသား ကျောင်းသူများ အဆင်ပြေစေရန် ရန်ကုန်–တိုးကြောင်ကလေး–ဒဂုံတက္ကသိုလ် ရထားခရီးစဉ်ကို ဘက်ထရီရထားစက်ခေါင်းဖြင့် စက်တင်ဘာ ၁ ရက်မှ စတင်ပြေးဆွဲပေးနေပြီဖြစ်သည်။

## ဥပဒေရေးရာ

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးဥပဒေကြမ်းကို ပြည်သူများ လေ့လာအကြံပြုနိုင်ရန် စက်တင်ဘာ ၁ ရက်တွင် ဖော်ပြထားသည်။

## ပြန်လည်ခေါ်ဆောင်ရေး

မလေးရှားနိုင်ငံ လူဝင်မှုကြီးကြပ်ရေး ထိန်းသိမ်းရေးစခန်းများတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသား ၁၄၇၆ ဦးကို စက်တင်ဘာ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် မြန်မာ့တပ်မတော်ရေယာဉ်များဖြင့် သွားရောက်ခေါ်ဆောင်ရန် နှစ်နိုင်ငံအစိုးရချင်း ညှိနှိုင်းထားရှိကြောင်း စက်တင်ဘာ ၂ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

## ငြိမ်းချမ်းရေး

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးမှ PDF အမည်ခံ အဖွဲ့ဝင် အမျိုးသား ၂၀ နှင့် အမျိုးသမီး လေးဦး စုစုပေါင်း ၂၄ ဦးတို့သည် လက်နက် ရှစ်လက်၊ ခဲယမ်းများနှင့်အတူ စက်တင်ဘာ ၂ ရက်တွင် ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာခဲ့သည်။

ထို့ပြင် မွန်ပြည်နယ် အရှေ့တောင်တိုင်းစစ်ဌာနချုပ်၌ စက်တင်ဘာ ၄ ရက်တွင် ငြိမ်းချမ်းရေးကို လက်ခံယုံကြည်လာသည့် PDF အဖွဲ့ဝင် အမျိုးသား ၁၆ ဦးနှင့် အမျိုးသမီး တစ်ဦးတို့သည် လက်နက်/ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာခဲ့ကြသည်။

## အလုပ်သမားရေးရာ

မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့(NSSA)အနေဖြင့် ၂၀၁၄ ခုနှစ်မှ ၂၀၂၆ ခုနှစ် ဩဂုတ်လအထိ အလုပ်အကိုင် ၄၂ မျိုးတွင် ကျွမ်းကျင်သူပေါင်း ၃၃၀၈၄ ဦးကို အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်များ ပေးအပ်နိုင်ခဲ့သည်။

ထို့ပြင် လေကြောင်းလိုင်းကဏ္ဍတွင် အလုပ်အကိုင်အခွင့်အလမ်းများ ရှာဖွေနိုင်မည့် Career Fair ကို လာမည့် စက်တင်ဘာ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ရန်ကုန်မြို့ရှိ International Business Center (IBC) ၌ ကျင်းပသွားမည်ဖြစ်ကြောင်း စက်တင်ဘာ ၅ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

## ရခိုင်ပြည်နယ်အရေး

၂၀၁၇ ခုနှစ်အတွင်း ရခိုင်ပြည်နယ်မြောက်ပိုင်း ဖြစ်စဉ်များနှင့် ပတ်သက်၍ အချို့နိုင်ငံများ၏ ထုတ်ပြန်ချက်များသည် အကြမ်းဖက်အဖွဲ့၏ ကြိုတင်စီစဉ်တိုက်ခိုက်မှုကို အသိအမှတ်ပြုရန် ပျက်ကွက်နေကြောင်းနှင့် မြန်မာနိုင်ငံ၏ပုံရိပ်ကို ထိခိုက်စေသည့် ပြောကြားချက်များကို ပယ်ချကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ၂၀၂၆ ခုနှစ် စက်တင်ဘာ ၃ ရက် ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည်။

## အားကစား

ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ကျင်းပသည့် 2027 AFC U–20 Asian Cup ခြေစစ်ပွဲ အုပ်စု(K)ပွဲစဉ်အဖြစ် စက်တင်ဘာ ၃ ရက် ညနေပိုင်းတွင် မြန်မာလက်ရွေးစင် ယူ–၂၀ အသင်းနှင့် ဘရူနိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားရာ မြန်မာအသင်းက ခုနစ်ဂိုးပြတ်ဖြင့် အပြတ်အသတ်အနိုင်ရရှိခဲ့သည်။

ထို့ပြင် မြန်မာ့ပိုက်ကျော်ခြင်း အဆင့်အတန်းမြင့်မားလာစေရန် ရည်ရွယ်၍ ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း(အမျိုးသား) ပြိုင်ပွဲများကို စက်တင်ဘာ ၃ ရက်မှ ၉ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းတွင် ကျင်းပလျက်ရှိပြီး ဝန်ကြီးဌာန ၂၇ သင်းမှ ကစားသမား ၂၆၄ ဦး ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။

## အကြမ်းဖက်တိုက်ခိုက်မှု

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ထမ္မကြီးကျေးရွာအတွင်းသို့ ဩဂုတ် ၃၁ ရက်တွင် PDF အမည်ခံ အကြမ်းဖက်သမားများ ဝင်ရောက်လာပြီး အပြစ်မဲ့အရပ်သား ၁၂ ဦးအား ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်ခဲ့သည့်ဖြစ်စဉ်ဖြစ်ပွားခဲ့သည်။

## မှုခင်း

ဩဂုတ် ၂၈ ရက် နံနက်ပိုင်းက မော်လမြိုင်မြို့ရှိ ကိုကိုနှင့်ညီညီ လျှပ်စစ်ပစ္စည်းဆိုင်တွင် မျက်နှာဖုံးစွပ် အမျိုးသား သုံးဦးက သေနတ်ပြခြိမ်းခြောက်ကာ ငွေကျပ်သိန်း ၅၀၈၅၀ ခန့်တန်ဖိုးရှိ ရွှေထည်၊ စိန်ထည်နှင့် ငွေသားများကို လုယက်ယူဆောင်သွားခဲ့သည်။ အဆိုပါဖြစ်စဉ်မှ တရားခံ အမျိုးသား ငါးဦးနှင့် အမျိုးသမီး တစ်ဦးတို့ကို ဩဂုတ် ၂၈ ရက်မှ စက်တင်ဘာ ၂ ရက်အတွင်း သက်သေခံပစ္စည်းများ၊ မီးခံသေတ္တာတို့နှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ Mr. Daddy Hot Pot & Grill ဆိုင်တွင် စက်တင်ဘာ ၂ ရက် ညပိုင်းက ဆိုင်ရှင်အား ဓားဖြင့်ထိုး၍ ငွေနှင့် ပစ္စည်းများ လုယက်ခဲ့သည့် တရားခံ အမျိုးသား လေးဦးကို စက်တင်ဘာ ၄ ရက်တွင် သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

# မြောက်ဥက္ကလာပမြို့နယ်၌ သူဇာရောင်းဝယ်ရေး သမဝါယမအသင်းစည်းဝေး



**ရန်ကုန် စက်တင်ဘာ ၆**

ရန်ကုန် တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် သူဇာရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်ရွေးချယ်ပွဲကို ဩဂုတ် ၃၁ ရက်က မြို့နယ်သမဝါယမအသင်းစု၌ ပြုလုပ်သည်။

ဦးစွာ မြောက်ဥက္ကလာပမြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိက ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အသင်းမှ အမှုဆောင်အဖွဲ့ အစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေး ရှင်းတမ်းများကို အမှုဆောင် ဒေါ်မြင့်မြင့်သိန်းက ဖတ်ကြားတင်ပြပြီး အသင်းသားများ၏ အတည်ပြုချက်များ ရယူကာ အမှုဆောင်ရွေးချယ်ခဲ့ကြောင်း သိရသည်။

သက်လွင်စိုး(ပြန်/ဆက်)

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍**
**အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သထုံခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် လေကြောင်းရန် ကာကွယ်ရေးတပ်မှ အရာရှိနှင့် စစ်သည်များစုပေါင်း၍ စက်တင်ဘာ ၅ ရက် နံနက်ပိုင်းက သထုံမြို့၏ကျက်သရေဆောင် လေးဆူဓာတ်စံ ရွှေစာရံစေတီတော်မြတ်ကြီး၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။

ခရိုင်(ပြန်/ဆက်)





(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၅ ရက် နံနက်ပိုင်းက တောင်ငူခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်ဇော်ဝင်း ဦးဆောင်သော တပ်ဖွဲ့ဝင်များက တောင်ငူမြို့ သမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီး ရင်ပြင်တော်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

ခရိုင်(ပြန်/ဆက်)

## စံပြ-နန်းဇလူ ကွန်ကရစ်လမ်း ခင်းကျင်းပြီးစီးမှုနှင့် မိုးစပါးစိုက်ခင်း ကြည့်ရှုစစ်ဆေး



မုံရွာ စက်တင်ဘာ ၆

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့(ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ကလေးခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်ခဲ့သည့် စံပြ-နန်းဇလူ ကွန်ကရစ်လမ်း ခင်းကျင်းပြီးစီးပြီဖြစ်သည်။

**ကြည့်ရှုစစ်ဆေး**

အဆိုပါလမ်းပြီးစီးမှုကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေးသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

အဆိုပါခရီးစဉ်အတွင်း ကလေးမြို့နယ် နန်းဇလူကျေးရွာတောင်သူ ဦးမောင်ခင်၏ ရောမင်းမိုးစပါးစိုက်ခင်းအတွင်း ကျင်းပသည့် မိုးစပါးအထွက်နှုန်းတိုးတက်ရေးအတွက် သမန်းနှိုးခြင်း၊ မြေသြဇာ ထည့်သွင်းခြင်း ကွင်းသရုပ်ပြပွဲကို တက်ရောက်ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းပေးကာ ဒေသခံတောင်သူများထံ သဘာဝပိုးသတ်ဆေးများနှင့် ရွက်ဖျန်းဓာတ်မြေသြဇာများ ပေးအပ်သည်။

ထို့အတူ ကလေးမြို့ မြို့သာရပ်ကွက်ရှိ တစ်ရက်လျှင် တန် ၃၀ ကြိတ်ခွဲ ထုတ်လုပ်နေသည့် "မိသားစု" ဆန်စက်တွင် ဆန်များကြိတ်ခွဲထုတ်လုပ်နေမှု၊ ထုပ်ပိုးနေမှုများနှင့် ကုန်ကြမ်းများ သိုလှောင်ထားရှိမှုကို လည်းကောင်း၊ ကလေး - ကျီကုန်း - ကလေးဝကားလမ်းဘေး ချမ်းမြေ့အောင်စည်ရပ်ကွက်၌ မိုးစပါးစိုက်ခင်း ရေကြီးနစ်မြုပ်မှုအပေါ် ပြန်လည် ကုစားခြင်းအတွက် ဂျစ်ပဆမ်နှင့်တီဆူပါ မြေသြဇာ ကြဲပက်ခြင်း ကွင်းသရုပ်ပြပွဲသို့ လည်းကောင်း၊ အမှတ်(၁၀) တပ်မတော်ဆေးရုံ ခုတင်(၁၀၀) တွင် လူနာများအား ကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု အခြေအနေများကို လည်းကောင်း သွားရောက် ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ရန်ကုန်မြို့အမျိုးသားပြတိုက်သို့ လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ်ရှိ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ

ရန်ကုန် စက်တင်ဘာ ၆

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင် လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူ ၁၀၀ နှင့် ဆရာ ဆရာမများသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမျိုးသားပြတိုက်သို့ သွားရောက်လေ့လာကြသည်။

ထိုသို့သွားရောက်လေ့လာစဉ် အမျိုးသားပြတိုက်မှ တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား အမျိုးသားပြတိုက်၏ သက်တမ်း၊ မြန်မာ့သမိုင်းနှင့် ယဉ်ကျေးမှုဆိုင်ရာပြခန်းများအကြောင်းကို ရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**ဇွဲထက်ကို(ပြန်/ဆက်)**



## ဒုတိယဝန်ကြီး ဦးခင်လတ်ကြီး မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ထုံးကျောက်လုပ်ကွက်နှင့် နိုင်ငံပိုင်ကျောက်အမှုန့်ကြိတ်စက်ရုံတို့ကို ကြည့်ရှုစစ်ဆေး





**နေပြည်တော် စက်တင်ဘာ ၆**

မန္တလေး တိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ပြည်ညောင်ကျေးရွာ အုပ်စုရှိ ရွှေတောင် သတ္တုတူးဖော်ထုတ်လုပ်ရေး ကုမ္ပဏီလီမိတက်၏ အပါချီဘိလပ်မြေစက်ရုံတွင် ဘိလပ်မြေထုတ်လုပ်ရန် လိုအပ်သော ထုံးကျောက်၊ ရွှံ့စေး၊ မြေနီနှင့် ကျောက်မီးသွေး ထုတ်လုပ်နေမှု၊ ကုန်ကြမ်းစဉ်ဆက်မပြတ်ရရှိရေး စီမံဆောင်ရွက်ထားရှိမှု၊ ဘိလပ်မြေ ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်လတ်ကြီးသည် ယမန်နေ့က သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် စက်ရုံ၏ လုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့အတူ သာစည်မြို့နယ် ပြည်ညောင်ကျေးရွာအုပ်စု သပြေတောင် ထုံးကျောက်လုပ်ကွက်တွင် ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဘိလပ်မြေစက်ရုံအတွင်း ဘိလပ်မြေ ထုတ်လုပ်နေမှုကို လည်းကောင်း၊ သာစည်မြို့ နိုင်ငံပိုင် ကျောက်အမှုန့်ကြိတ်စက်ရုံ ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့် စက်ရုံအခြေအနေများကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ခရီးစဉ်အတွင်း သာစည်ရုံးခွဲရှိ ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးပြီး ဝန်ထမ်းများအတွက် ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## စက်ချုပ်နည်းပညာသင်တန်းဆင်းပွဲနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းသုံးပစ္စည်းများပေးအပ်ပွဲ ကျင်းပ

မကွေး စက်တင်ဘာ ၆

မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ဒေသတွင်းအသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် ဆောင်ရွက်ခဲ့သည့် စက်ချုပ်နည်းပညာသင်တန်းဆင်းပွဲနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီးရုံးသင်တန်းခန်းမ၌ ကျင်းပသည်။

ဦးစွာ တာဝန်ရှိသူများက သင်တန်းသူများထံ သင်တန်းဆင်းလက်မှတ်၊ သင်တန်းထွက်ကုန်ချောပစ္စည်းများနှင့် ထူးချွန်သင်တန်းသူငါးဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၁၈ သိန်းနှင့် ညီမျှသည့် လုပ်ငန်းသုံးပစ္စည်းများ ချီးမြှင့်ပေးအပ်သည်။

စက်ချုပ်နည်းပညာသင်တန်းတွင် သင်တန်းသူ ၁၅ ဦးဖြင့် ရက်ပေါင်း ၄၅ ရက်ကြာ ဖွင့်လှစ်သင်ကြားပေးပြီး ထူးချွန်သောသင်တန်းသူများရွေးချယ်ကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**






(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၆ ရက်က ဟသ်ာတခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဇော်မျိုးဝင်း ဦးဆောင်မှုဖြင့် ခရိုင်၊ မြို့နယ်တပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်းများ၊ အမှတ်(၈၄)ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ အမှတ်(၂၀) ရထားရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက ဆယ်ထပ်ကြီးဘုရားဝင်းအတွင်းနှင့် သာသနာ့ဗိမာန်တော်ကြီးဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

ခရိုင်(ပြန်/ဆက်)

(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၆ ရက်က ပျဉ်းမနားမြို့နယ်ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မင်း၊ မြို့မရဲစခန်းမှူး ဒုရဲမှူးကျော်သူရ၊ ရွာကောက်နယ်မြေရဲစခန်းမှူး ရဲအုပ်နေကျော်တို့ဦးဆောင်သောရဲတပ်ဖွဲ့ဝင်များက ပျဉ်းမနားမြို့ ခုတင်(၂၀၀) ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)



- ❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- ❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# အာဖရိကနိုင်ငံများ၏ အရွယ်အစားအစစ်အမှန်ကို ပိုမိုတိကျမှန်ကန်စွာ ဖော်ပြပေးနိုင်သည့် အခြားနည်းလမ်းများကို အားပေးမြှင့်တင်ရန် အဆိုပြုချက်တစ်ရပ် အတည်ပြု




**ကုလသမဂ္ဂ စက်တင်ဘာ ၆**

ကုလသမဂ္ဂအထွေထွေညီလာခံက လက်ရှိတွင် အသုံးပြုနေကြသည့် မြေပုံရေးဆွဲနည်းစနစ်ဖြင့် ပြုလုပ်ထားသော မြေပုံများကို အသုံးပြုခြင်းရပ်တန့်ရန်နှင့် အာဖရိကနိုင်ငံများ၏ အရွယ်အစားအစစ်အမှန်ကို ပိုမိုတိကျမှန်ကန်စွာ ဖော်ပြပေးနိုင်သည့် အခြားနည်းလမ်းများကို အားပေးမြှင့်တင်ရန် အဆိုပြုချက်တစ်ရပ်ကို အတည်ပြုလိုက်ပြီဖြစ်သည်။

အဓိကအားဖြင့် အာဖရိကဒေသမှ နိုင်ငံပေါင်း ၇၀ ကျော်က မြေပုံကို ပြင်ဆင်သတ်မှတ်ခြင်းဆိုင်ရာ အဆိုပြုမူကြမ်းကို စက်တင်ဘာ ၄ ရက်တွင် အထွေထွေညီလာခံ၌ ပူးတွဲတင်သွင်းခဲ့ကြသည်။

လက်ရှိအသုံးပြုသည့်စနစ်သည် အီကွေတာနှင့် ဝေးကွာသောနေရာများရှိ ကုန်းမြေကြီးများ၏ ပုံသဏ္ဍာန်နှင့် အရွယ်အစားကို ပုံပျက်စေကာ ရလဒ်အနေဖြင့် အာဖရိကနှင့် အခြားဒေသများ၏ အရွယ်အစားကို အချိုးအစားအရ သေးငယ်သွားစေကြောင်း အဆိုပြုမူကြမ်းတွင် ဖော်ပြထားသည်။

ကုန်းမြေကြီးများ၏ ရေိယာအစစ်အမှန်ကို ပိုမိုတိကျမှန်ကန်စွာ ဖော်ပြပေးနိုင်သည့် Equal Earth projection နှင့် အခြားနည်းလမ်းများကို ဖြန့်ဝေအသုံးပြုကြရန် အဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများအား ၎င်းအဆိုပြုချက်က တိုက်တွန်းထားသည်။

အဆိုပြုတင်သွင်းသူများကိုယ်စား အနောက်အာဖရိကနိုင်ငံဖြစ်သော တိုဂိုနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီး ရောဘတ် ဒူဆေက မိန့်ခွန်းပြောကြားခဲ့သည်။ ကမ္ဘာမြေကြီး၏ ပုံရိပ်ကို ပုံပျက်စေသော မြေပုံများ အသုံးပြုခြင်းသည် မျိုးဆက်ပေါင်းများစွာတစ်လျှောက် လက်ဆင့်ကမ်းလာခဲ့သည့် မမှန်ကန်သော ဖော်ပြချက်များကို ဆက်လက်တည်ရှိစေနိုင်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၆၄ နိုင်ငံ၏ ထောက်ခံမဲအများစုဖြင့် အဆိုပါဆုံးဖြတ်ချက်ကို အတည်ပြုခဲ့သည်။ ယူကရိန်းနှင့် အခြားနိုင်ငံ ငါးနိုင်ငံတို့က မဲမပေးဘဲ ကြားနေခဲ့ကြပြီး အမေရိကန်ပြည်ထောင်စုတစ်ခုတည်းကသာ ကန့်ကွက်မဲပေးခဲ့သည်။

အဆိုပါဆုံးဖြတ်ချက်သည် အနာဂတ်တွင် လျော်ကြေးပေးရေးကိစ္စရပ်များနှင့် ဆက်စပ်လာနိုင်ကြောင်း အမေရိကန်ကိုယ်စားလှယ်တစ်ဦးက ထုတ်ဖော်ပြောကြားခဲ့သည်။ **ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အောင်ကျော်ကျော်**

# အစ္စရေးကာကွယ်ရေးတပ်ဖွဲ့က ဟစ်ဇ်ဘိုလာလက်နက်ကိုင်များနှင့် ၎င်းတို့၏ ကာကွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို တိုက်ခိုက်

**ဂျေရုဆလင် စက်တင်ဘာ ၆**



အစ္စရေးကာကွယ်ရေးတပ်ဖွဲ့က လက်ဘနွန်နိုင်ငံတောင်ပိုင်း၌ ဟစ်ဇ်ဘိုလာ လက်နက်ကိုင်များနှင့် ၎င်းတို့၏ကာကွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို တိုက်ခိုက်ခဲ့ကြောင်း ပြောကြားခဲ့သည်။

စက်တင်ဘာ ၄ ရက် ညနေပိုင်းတွင် ဟစ်ဇ်ဘိုလာအဖွဲ့က လက်ဘနွန်နိုင်ငံတောင်ပိုင်းရှိ အစ္စရေး ကာကွယ်ရေးတပ်ဖွဲ့ ထိန်းချုပ်ထားသော လုံခြုံရေးဇုန်တစ်ခုအတွင်းရှိ အစ္စရေးတပ်ဖွဲ့များထံသို့ ဒရုန်းတစ်စင်း စေလွှတ်တိုက်ခိုက်ခဲ့ပြီးနောက် ယခုတိုက်ခိုက်မှုများကို အစ္စရေးက လုပ်ဆောင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ အဆိုပါဖြစ်စဉ်ကြောင့် အစ္စရေးတပ်ဖွဲ့ဝင်များ ထိခိုက်ဒဏ်ရာရရှိမှု မရှိခဲ့ပေ။

တိုက်ခိုက်ခံရသည့် ပစ်မှတ်များတွင် လက်နက်သိုလှောင်ရုံများ ပါဝင်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဟစ်ဇ်ဘိုလာအဖွဲ့အနေဖြင့် အစ္စရေး အရပ်သားများနှင့် တပ်မတော်သားများအား ထိခိုက်နစ်နာစေမည့် လုပ်ရပ်မျိုးကို ခွင့်ပြုမည် မဟုတ်ကြောင်းနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ဆက်လက်လိုက်နာထိန်းသိမ်းထားလျက် ခြိမ်းခြောက်မှုများကို ဆက်လက်ဖယ်ရှား ရှင်းလင်းသွားမည်ဖြစ်ကြောင်း အစ္စရေးကာကွယ်ရေးတပ်ဖွဲ့က ပြောကြားခဲ့သည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – အောင်ကျော်ကျော်**

# ဗီယက်နမ်နိုင်ငံ မြို့တော်ဟနွိုင်းတွင် မိုးရွာသွန်းမှုနှင့် ရေကြီးရေလျှံမှုဆိုင်ရာ သတိပေးချက်များထုတ်ပြန်နိုင်သည့် အပလီကေးရှင်းလုပ်ငန်း စတင်ဆောင်ရွက်

**ဟနွိုင်း စက်တင်ဘာ ၆**

ဗီယက်နမ်နိုင်ငံ မြို့တော်ဟနွိုင်းတွင် မိုးရွာသွန်းမှုနှင့် ရေကြီးရေလျှံမှုဆိုင်ရာ သတိပေးချက်များထုတ်ပြန်နိုင်သည့် Ban do mua ngap ခေါ် မြေပုံအပလီကေးရှင်းတစ်ခုအား ဟနွိုင်းသိပ္ပံနှင့်နည်းပညာဌာနက လုပ်ငန်းစတင်ဆောင်ရွက်စေခဲ့ကြောင်း သိရသည်။

အဆိုပါအပလီကေးရှင်း၏ ဒေတာအချက်အလက်များကို မိုးလေဝသအခြေအနေအလိုအလျောက်စောင့်ကြည့်ရေးစနစ်မှ တိုက်ရိုက်ရယူခြင်းဖြစ်ကာ ဟနွိုင်းမြို့ ပင်လယ်ရေမှော်နှင့် ရေနုတ်မြောင်းဆိုင်ရာ စီမံခန့်ခွဲရေးကုမ္ပဏီက ၎င်းအပလီကေးရှင်းအား စီမံခန့်ခွဲ၍ လုပ်ငန်းဆောင်ရွက်ခြင်းဖြစ်သည်။

အဆိုပါအပလီကေးရှင်းမှတစ်ဆင့် မိုးရွာသွန်းမှုနှင့် ရေကြီးရေလျှံမှုဆိုင်ရာ အခြေအနေများကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်သည်။

အဆိုပါ အပလီကေးရှင်းအား iHanoi digital citizen application မှတစ်ဆင့် ရယူသုံးစွဲနိုင်ကြောင်း သိရသည်။ အဆိုပါအပလီကေးရှင်းတွင် သဘာဝဘေးများအတွက် အဆင့်အလိုက် အရောင်များခွဲခြား၍ ဖော်ပြထားသဖြင့် ဒေသခံများအတွက် ရေကြီးရေလျှံမှုကဲ့သို့သော သဘာဝဘေးများကို စက္ကန့်ပိုင်းအတွင်း အလိုအလျောက် သတိပေးချက်များ ပေးပို့သည့်စနစ်ဖြင့် သိရှိနိုင်မည်ဟုသိရသည်။ ယခုအပလီကေးရှင်းကို သုံးစွဲခြင်းကြောင့် မြို့တော်ဟနွိုင်း၏ သဘာဝဘေးတုံ့ပြန်ရေး အစီအမံများကို အားကောင်းစေမည်ဖြစ်ပြီး ဒေသခံများအနေဖြင့် မိုးရာသီကာလအတွင်းနှင့် မုန်တိုင်းကျရောက်မည့်ကာလတွင် အန္တရာယ်ကင်းသည့်လမ်းများမှ ရှောင်ကွင်းသွားနိုင်မည်ဖြစ်သည်။

ယခု အပလီကေးရှင်းကို မြို့တော်တစ်ဝန်းရှိ ဒေသခံများ၊ ယာဉ်မောင်းများနှင့် ခရီးသွား သန်းပေါင်းများစွာကို ဝန်ဆောင်မှုပေးရန် ဒီဇိုင်းထုတ်ထားကြောင်းနှင့် အဆိုပါအပလီကေးရှင်းအား သုံးစွဲခြင်းကြောင့် ရုံးဝန်ထမ်းများနှင့် ကျောင်းသားများ၊ ယာဉ်မောင်းများအတွက် သဘာဝဘေးများမှ ရှောင်ရှားနိုင်မည်ဖြစ်ပြီး မြေနိမ့်ဒေသများရှိ အိမ်ထောင်စုများအတွက်လည်း သဘာဝဘေးများမှ ကာကွယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။ **ကိုးကား–VN Express၊ ဘာသာပြန် – စိုးသူရ**



# ဂျပန်နိုင်ငံက နီပေါနိုင်ငံသို့ ကူညီပေးရန်အတွက် ရဲအရာရှိများ စေလွှတ်မည်

**တိုကျို စက်တင်ဘာ ၆**

ဂျပန်နိုင်ငံက နီပေါနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် ပြင်းထန်သော ရုတ်တရက်ရေကြီးရေလျှံမှုနှင့် မြေပြိုမှုဘေးအန္တရာယ်ကြောင့် သေဆုံးခဲ့ရသူများအား အတည်ပြုဖော်ထုတ်ရာတွင် ကူညီပေးရန်အတွက် ရဲအရာရှိ ငါးဦးကို စေလွှတ်မည်ဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ စေလွှတ်ခြင်းမှာ နီပေါအစိုးရ၏ တောင်းဆိုချက်အရဖြစ်ကြောင်း အမျိုးသားရဲတပ်ဖွဲ့အေဂျင်စီက ပြောကြားခဲ့သည်။

လက်ရှိအချိန်အထိ လူပေါင်း ၁၂၀၀ ကျော် သေဆုံးခဲ့ပြီး ဂျပန်နိုင်ငံသား ငါးဦးအပါအဝင် လူပေါင်း ၄၇၀၀ ကျော် ပျောက်ဆုံးလျက်ရှိသည်။

အဆိုပါ ရဲအရာရှိ ငါးဦးပါဝင်သော အဖွဲ့တွင် အမျိုးသားရဲတပ်ဖွဲ့အေဂျင်စီ (National Police Agency) မှ ရဲအရာရှိ နှစ်ဦးနှင့် မြို့တော်ရဲဌာန (Metropolitan Police Department) မှ ရဲအရာရှိ သုံးဦးတို့ပါဝင်မည်ဖြစ်ကြောင်း အေဂျင်စီက ပြောကြားခဲ့သည်။

အဖွဲ့ဝင်များက ကနဦးအဆင့်အနေဖြင့် သေဆုံးသူများ၏ အထောက်အထားကို အတည်ပြုဖော်ထုတ်ခြင်းအပါအဝင် လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်သွားမည်ဖြစ်သည်။

အမျိုးသားရဲတပ်ဖွဲ့အေဂျင်စီ၏ အချက်အလက်များအရ နိုင်ငံတကာအရေးပေါ်ကူညီကယ်ဆယ်ရေးအဖွဲ့များ၏ အဖွဲ့ဝင်များအဖြစ် ပြည်ပဒေသပေါင်း ၁၇ ခုသို့ ရဲအရာရှိပေါင်း ၃၀၀ ကျော်ကို စေလွှတ်ခဲ့ဖူးသည်။

၂၀၂၃ ခုနှစ်တွင် တူရကီယဲနှင့် ဆီးရီးယားနိုင်ငံတို့၌ ငလျင်လှုပ်ခတ်ခဲ့ပြီးနောက် ဂျပန်ရဲအရာရှိများက ကယ်ဆယ်ရေးလုပ်ငန်းများနှင့် အခြားသော လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ခဲ့ကြောင်း အမျိုးသားရဲတပ်ဖွဲ့အေဂျင်စီက ပြောကြားခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အောင်ကျော်ကျော်**

# တရုတ်စာရေးဆရာများ၏ လက်ရာများ ရုရှားနိုင်ငံ၌ ရေပန်းစားနေ

**မော်စကို စက်တင်ဘာ ၆**

ရုရှားနိုင်ငံတွင် တရုတ်စာရေးဆရာများ၏ လက်ရာများအား လူကြိုက်များလာပြီး ဒေသခံထုတ်ဝေသူများထံမှ စိတ်ဝင်စားမှု များပြားလာနေကြောင်း ဆင်ဟွာသတင်းတစ်ရပ်အရ သိရသည်။

တရုတ်နိုင်ငံမှ ဂုဏ်ထူးဆောင်ဧည့်သည်အဖြစ်ပါဝင်သည့် (၃၉) ကြိမ်မြောက် မော်စကို အပြည်ပြည်ဆိုင်ရာ စာအုပ်ပွဲတော်တွင် “တရုတ်နိုင်ငံကို ဖတ်ရှုခြင်း” ခေါင်းစဉ်ဖြင့် ခေါင်းစဉ် ၂၀၀၀ ကျော်နှင့် တရုတ်နိုင်ငံဆိုင်ရာစာအုပ်၅၀၀၀ နီးပါးကိုပြသခဲ့ရာ အဆိုပါဆောင်ရွက်ချက်အရ ရုရှားနိုင်ငံမှ ထုတ်ဝေသူများအတွက် တရုတ်စာပေ၏ ဆွဲဆောင်မှု တိုးပွားလာခြင်းကြောင့် တရုတ်စာပေလက်ရာများကို ဈေးကွက်အတွင်းသို့ မိတ်ဆက်ပေးရန် အခွင့်အလမ်းအသစ်များ ဖန်တီးပေးခဲ့ကြောင်း သိရသည်။

ရှေးခေတ်တရုတ်နိုင်ငံတွင် ဇာတ်အိမ်တည်ထားသော စာအုပ်များသည် ရုရှားလူငယ်စာဖတ်သူများကြားတွင် အထူးရေပန်းစားနေကြောင်း ရုရှားနိုင်ငံ၏ အကြီးဆုံး စာပေထုတ်ဝေရေးကုမ္ပဏီများထဲမှ တစ်ခုဖြစ်သည့် Eksmo မှ အယ်ဒီတာ Daria Shpakovskaya က ပြောကြားခဲ့သည်။ စာပေ၊ ရုပ်မြင်သံကြားနှင့် အနုပညာများမှတစ်ဆင့် ရုရှားနိုင်ငံမှ စာဖတ်သူများသည် တရုတ်ယဉ်ကျေးမှုကို နားလည်လာကြပြီး နှစ်နိုင်ငံအကြား ပိုမိုနီးကပ်သော ယဉ်ကျေးမှုဖလှယ်မှုများကို မြှင့်တင်ရန် ကူညီပေးခဲ့ကြောင်း ၎င်းကပြောကြားခဲ့သည်။ **ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

# အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ သို့မဟုတ် ရိုးရာယဉ်ကျေးမှုအမွေ ထိန်းသိမ်းခြင်း၊ လက်ဆင့်ကမ်းခြင်း

ငြိမ်းငယ်

မြန်မာနိုင်ငံတွင် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကို ၁၉၉၃ ခုနှစ်မှ စတင်ကျင်းပလာခဲ့ပါသည်။ ၂၀၁၇ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိ အကြောင်းအမျိုးမျိုးဖြင့် ကျင်းပနိုင်ခြင်းမရှိဘဲ ၂၀၂၅ ခုနှစ်တွင် (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပခဲ့ပါသည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ နေထိုင်ကြသည့်အလျောက် တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ပေါကြွယ်ဝသည့် နိုင်ငံဖြစ်ပါသည်။ မြန်မာတိုင်းရင်းသားတို့တွင် ဒေသအလိုက်၊ လူမျိုးအလိုက် ယဉ်ကျေးမှုအမွေအနှစ်များ ရှိကြပါသည်။ ယင်းအမွေအနှစ်များသည် မိမိတို့၏ "ဘယ်သူတွေဖြစ်သည်" ဆိုသည့်အဓိပ္ပာယ်ကို ဖော်ညွှန်းနိုင်သကဲ့သို့ မိမိတို့လူမျိုး၏ အစဉ်အလာသမိုင်းတို့ကို ကိုယ်စားပြုနေပါသည်။ နိုင်ငံတိုင်းသည် မိမိတို့နိုင်ငံ၊ မိမိလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှုများကို အစဉ်ထိန်းသိမ်းလေ့ရှိကြပါသည်။

ရိုးရာယဉ်ကျေးမှုနှင့်ပတ်သက်၍ ယူနက်စကိုက **"ရိုးရာယဉ်ကျေးမှုဆိုသည်မှာ လူမျိုး၊ ဒေသ သို့မဟုတ် လူမှုအဖွဲ့အစည်းတစ်ခုတွင် ရှေးယခင်ကတည်းက ပေါ်ပေါက်ဖွံ့ဖြိုးလာပြီး မျိုးဆက်အလိုက် လက်ဆင့်ကမ်းထိန်းသိမ်းလာသော တန်ဖိုးထားမှုများ၊ ယုံကြည်ချက်များ၊ ဓလေ့ထုံးတမ်းများ၊ အသိပညာနှင့် ကျွမ်းကျင်မှုများ၊ အနုပညာနှင့် ဖျော်ဖြေရေးများ၊ လူမှုရေးအလေ့အထများနှင့် ပွဲတော်များ၊ ရိုးရာလက်မှုပညာများနှင့် နေထိုင်မှုပုံစံများအား စုစည်းထားသည့် လူမှုအမွေအနှစ်တစ်ရပ်ဖြစ်သည်"** ဟု ဖွင့်ဆိုပါသည်။

ယူနက်စကို၏ ၂၀၀၃ ခုနှစ် ကွန်ဗင်းရှင်းအရ ထိတွေ့ကိုင်တွယ်၍မရသော ယဉ်ကျေးမှုအမွေအနှစ်ဆိုသည်မှာ လူမှုအဖွဲ့အစည်းများက မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်အဖြစ် အသိအမှတ်ပြုထားသောအလေ့အကျင့်များ၊ ကိုယ်စားပြုမှုများ၊ ဖော်ပြချက်များ၊ အသိပညာနှင့် ကျွမ်းကျင်မှုများနှင့် ယင်းတို့နှင့်ဆက်စပ်နေသည့် တူရိယာများ၊ ပစ္စည်းများ၊ ရှေးဟောင်းပစ္စည်းများနှင့် ယဉ်ကျေးမှုဆိုင်ရာနေရာများကို ဆိုပါသည်။ ရိုးရာယဉ်ကျေးမှုနှင့်ပတ်သက်၍ အရေးကြီးဆုံးမှာ ယင်းတို့ကို မျိုးဆက်တစ်ဆက်မှ နောက်မျိုးဆက်တစ်ဆက်ဆီသို့ ဆက်လက်လက်ဆင့်ကမ်းပေးနေခြင်း ဖြစ်ပါသည်။

ယူနက်စကို၏ ၂၀၂၃ ကွန်ဗင်းရှင်းအရ ရိုးရာဂီတ၊ အကနှင့် ပြဇာတ်ကဲ့သို့သော Performing Arts များသည် Intangible Cultural Heritage (ICH)၏ အဓိကနယ်ပယ်များထဲတွင် ပါဝင်ပြီး ထိုအမွေအနှစ်များကို ထိန်းသိမ်းခြင်းဆိုသည်မှာ ပုံစံတစ်ခုကို ရုပ်တုတစ်ခုကဲ့သို့ မပြောင်းမလဲ ထားရှိခြင်းမဟုတ်ဘဲ အသိပညာ၊ ကျွမ်းကျင်မှုနှင့် အဓိပ္ပာယ်များကို မျိုးဆက်တစ်ဆက်မှ တစ်ဆက်သို့ ဆက်လက်လက်ဆင့်ကမ်းနိုင်အောင် ပြုလုပ်ခြင်းဟု ဆိုထားပါသည်။

သို့ဖြစ်ရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများသည် ဖျော်ဖြေရေး သို့မဟုတ် အနုပညာကျွမ်းကျင်မှုကို ယှဉ်ပြိုင်ပြသသည့် အစီအစဉ်တစ်ခုသာမဟုတ်ဘဲ နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်၊ အမျိုးသားရေးအမှတ်သညာနှင့် မျိုးဆက်အလိုက် ယဉ်ကျေးမှုလက်ဆင့်ကမ်းမှုတို့နှင့် ဆက်စပ်နေသည့် ရိုးရာယဉ်ကျေးမှုထိန်းသိမ်းစောင့်ရှောက်သည့် နည်းလမ်းတစ်ရပ်အဖြစ် ကျင်းပလျက်ရှိပါသည်။ ရိုးရာယဉ်ကျေးမှုပြိုင်ပွဲများသည် မြန်မာနိုင်ငံကဲ့သို့ အခြားသောနိုင်ငံများတွင်လည်း မိမိတို့၏ ရိုးရာယဉ်ကျေးမှုကို လက်ဆင့်ကမ်းရန် ကျင်းပလျက်ရှိကြပါသည်။

ထိုအထဲတွင် တောင်ကိုရီးယားနိုင်ငံ၌ ကလေးများကို gugak (ကိုရီးယားရိုးရာဂီတ) စိတ်ဝင်စားမှုမြှင့်တင်ရန်နှင့် ယဉ်ကျေးမှုလွှဲပြောင်းခြင်းကို အားပေးရန် ရည်ရွယ်ချက်ဖြင့် Grand Gugak ပွဲတော်ကို ၂၀၀၁ ခုနှစ်မှစ၍ ကျင်းပပေးခဲ့ပါသည်။ ကလေးများအတွက် ရိုးရာသီချင်း သီဆိုပြိုင်ပွဲအဖြစ်စတင်ခဲ့သော ဤပြိုင်ပွဲသည် တဖြည်းဖြည်းတိုးချဲ့လာခဲ့ရာ လက်ရှိတွင် အမျိုးအစားခုနစ်မျိုးဖြစ်သည့် ရိုးရာသီချင်းများ၊ လေမှုတ်ဂီတ၊ ကြိုးတပ်တူရိယာ၊ ပန်ဆိုရီ (pansori)၊ ပန်မူလ် (pungmul)၊ ဂါယာဂမ် ဗျိုင်းချန်း (gayageum byeongchang) (singing to the accompaniment of a gaya-geum – ဂါယာဂမ်နှင့်အတူသီဆိုခြင်း)နှင့် အကတို့ ပါဝင်လာခဲ့ပါသည်။ ဤပြိုင်ပွဲမှတစ်ဆင့် ကလေးများသည် ၎င်းတို့၏ သက်ဆိုင်ရာနယ်ပယ်များတွင် ၎င်းတို့၏ ကျွမ်းကျင်မှုများကို မြှင့်တင်နိုင်သည့်အပြင် ရိုးရာယဉ်ကျေးမှုကို ရိုးရာမပျက် လက်ဆင့်ကမ်းနိုင်ကြပါသည်။

### ပြိုင်ပွဲမှတစ်ဆင့် လက်ဆင့်ကမ်းခြင်း

ယင်းသို့ ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းခြင်းသည် ရိုးရာအနုပညာများကို လူကြီးများထံတွင်သာ ထားရှိခြင်းမဟုတ်ဘဲ ကလေးများနှင့် လူငယ်များထံသို့ ပြိုင်ပွဲမှတစ်ဆင့် လက်ဆင့်ကမ်းခြင်းလည်း ဖြစ်ပါသည်။ **မြန်မာနိုင်ငံတွင် ကျင်းပလျက်ရှိသော အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများသည်လည်း မိမိတို့၏ ရိုးရာအနုပညာကို လက်တွေ့လေ့ကျင့်ရန်နှင့် မျိုးဆက်သစ်များထံ လက်ဆင့်ကမ်းရန် အားပေးခြင်းဖြစ်ပါသည်။**

> **ရိုးရာယဉ်ကျေးမှုအနုပညာများကို ပြိုင်ပွဲပုံစံကျင်းပရာတွင် ခေတ်အလိုက် ပြောင်းလဲခွင့်မပေးဘဲ ရှေးရိုးပုံစံမှုသေဆုပ်ကိုင်ထားမှုများ ဖြစ်စေတတ်ပါသည်။ ယင်းနှင့်ပတ်သက်၍ ယူနက်စကိုက ရိုးရာယဉ်ကျေးမှုထိန်းသိမ်းခြင်းကို "Safeguarding without freezing" ဟုဆိုပါသည်။ Intangible Cultural Heritage သည် အသက်ရှင်နေသော ယဉ်ကျေးမှုဖြစ်သောကြောင့် မျိုးဆက်သစ်များက ပြန်လည်ဖန်တီးခြင်း၊ အဓိပ္ပာယ်အသစ်များ ထည့်သွင်းခြင်းတို့လည်း ထည့်သွင်းစဉ်းစားရန်လိုပါသည်။ တစ်နည်းအားဖြင့် ယဉ်ကျေးမှုထိန်းသိမ်းရေးသည် ရှေးပုံစံကို မပြောင်းမလဲဆုပ်ကိုင်ထားခြင်းဟု မဆိုလိုနိုင်ပါ**

ယူနက်စကိုက Traditional Performing Arts များကို ထိန်းသိမ်းရာတွင် အသိပညာနှင့် နည်းစနစ်များကို လက်ဆင့်ကမ်းပေးခြင်း၊ လက်ဆင့်ကမ်းပေးသူနှင့် လက်ခံပေးသူအကြား ဆက်ဆံရေးကို ခိုင်မာစေခြင်း၊ ယှဉ်ပြိုင်မှုများကို သုတေသနပြုခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် ထိန်းသိမ်းခြင်းတို့သည် အရေးကြီးသော ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းခြင်း လုပ်ငန်းစဉ်များဖြစ်သည်ဟု ဆိုပါသည်။ ယင်းသို့လုပ်ဆောင်ခြင်းသည် ပြိုင်ပွဲတစ်ခုအတွက် သီချင်းတစ်ပုဒ်ကို လေ့ကျင့်ခြင်း၊ ရိုးရာအကတစ်မျိုးကို သင်ယူခြင်း၊ ရိုးရာတူရိယာတစ်ခုကို တီးခတ်တတ်ရန် ကြိုးစားခြင်းတို့သည် "ကြည့်ရှုခြင်း" မှ "လက်တွေ့ပါဝင်ခြင်း" သို့ ပြောင်းလဲစေသည့် နည်းလမ်းများ ဖြစ်လာစေနိုင်ပါသည်။

ရိုးရာယဉ်ကျေးမှုပြိုင်ပွဲများ ကျင်းပပေးခြင်းသည် မိမိတို့၏ယဉ်ကျေးမှုကို လူထုအတွင်း ကျယ်ပြန့်စွာ သိရှိနားလည်စေပြီး စိတ်ဝင်စားမှုမြင့်တက်စေနိုင်ပါသည်။ ယူနက်စကို၏ လေ့လာမှုများအရလည်း ရိုးရာယဉ်ကျေးမှုပြိုင်ပွဲများသည် မျိုးဆက်သစ်လူငယ်များနှင့် ကလေးများကို ရိုးရာယဉ်ကျေးမှုအပေါ် စိတ်ဝင်စားလာစေရန်နှင့် Cult-ural Heritage များကို ဆက်လက် လက်ဆင့်ကမ်းရန် အသုံးဝင်သည့် နည်းလမ်းတစ်ခုဖြစ်ကြောင်း ဖော်ပြထားပါသည်။

ထို့ကြောင့် မိမိနိုင်ငံ၏ ရိုးရာသီချင်း၊ တေးဂီတ၊ အက၊ ဇာတ်ပုံပြင်နှင့် တူရိယာများကို လေ့လာပြီး ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခြင်းသည် လူငယ်များအနေဖြင့် မိမိတို့၏ ယဉ်ကျေးမှုအပေါ် ပိုမိုသိရှိနားလည်လာစေနိုင်ပါသည်။ အထူးသဖြင့် ခေတ်မီကမ္ဘာ့ယဉ်ကျေးမှုများနှင့် ထိတွေ့မှုများလာနေသော လူငယ်များအတွက် မိမိတို့၏ ရိုးရာအနုပညာနှင့် သမိုင်းနောက်ခံကို လက်တွေ့သင်ယူနိုင်သည့် အခွင့်အလမ်းတစ်ခု ဖြစ်လာစေနိုင်ပါသည်။

### အခြားအကျိုးကျေးဇူးများလည်း ရရှိစေနိုင်

သို့ဖြစ်ရာ ရိုးရာယဉ်ကျေးမှုပြိုင်ပွဲ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပပေးခြင်းကြောင့် အခြားအကျိုးကျေးဇူးများလည်း ရရှိစေနိုင်ပါသည်။ ယင်းတို့တွင် မိမိတို့နိုင်ငံ၊ လူမျိုး၏ယဉ်ကျေးမှုအမှတ်သညာ ခိုင်မာလာခြင်း၊ မျိုးဆက်အလိုက် လက်ဆင့်ကမ်းမှု တိုးတက်လာခြင်း၊ အနုပညာရှင်အသစ်များ ပေါ်ထွက်လာခြင်း၊ လူမှုစည်းလုံးညီညွတ်မှုကို အထောက်အကူပြုနိုင်ခြင်း၊ စီးပွားရေးအခွင့်အလမ်းများ ဖြစ်ပေါ်လာနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိစေနိုင်ပါသည်။

အထူးသဖြင့် ခေတ်မီကမ္ဘာ့ယဉ်ကျေးမှုများနှင့် ထိတွေ့မှုများလာနေသည့် လူငယ်များအတွက် မိမိတို့၏ ရိုးရာအနုပညာနှင့် သမိုင်းနောက်ခံကို လက်တွေ့သင်ယူနိုင်သည့် အခွင့်အလမ်းတစ်ခု ဖြစ်လာစေနိုင်ပါသည်။ ထို့အတူ ရိုးရာယဉ်ကျေးမှုအပေါ် နားလည်မှုနှင့် တန်ဖိုးထားမှုကို မြှင့်တင်ပေးခြင်းမှတစ်ဆင့် မျိုးချစ်စိတ်ဓာတ်နှင့် အမျိုးသားယဉ်ကျေးမှုဆိုင်ရာ အမှတ်လက္ခဏာကို မြှင့်တင်ရန် အထောက်အကူပြုနိုင်ပါသည်။ သို့သော်လည်း မျိုးချစ်စိတ်ဓာတ်မြှင့်တင်ရန်အတွက်မှု ပြိုင်ပွဲ၏ ထိရောက်မှု၊ လေ့ကျင့်သင်ကြားမှု၊ အကြောင်းအရာရွေးချယ်မှု၊ ပြိုင်ပွဲဝင်သူများ၏ နားလည်မှုနှင့် ပြိုင်ပွဲ၏ ရည်ရွယ်ချက်တို့အပေါ်တွင်လည်း မူတည်နေပါသည်။

ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရန်အတွက် ပြိုင်ပွဲများကျင်းပပေးသော်လည်း အခြားတစ်ဖက်တွင် ပြိုင်ပွဲကျင်းပခြင်းနှင့် ယဉ်ကျေးမှုကာကွယ်ပေးခြင်းအကြား ကွဲပြားမှုများရှိနိုင်ပါသည်။ ပြိုင်ပွဲများတွင် ရိုးရာယဉ်ကျေးမှုကို "ပြိုင်ပွဲပုံစံ" သို့ ထည့်သွင်းလိုက်ခြင်းကြောင့် ပုံစံတစ်မျိုးတည်း ဖြစ်လာနိုင်ပြီး ရိုးရာယဉ်ကျေးမှုအနုပညာ၏ ကွဲပြားမှုကို လျော့ကျစေနိုင်သည်ကိုလည်း သတိပြုကြရမည် ဖြစ်ပါသည်။ Traditional Performing Arts များအား စံကိုက်လုပ်ခြင်းကြောင့် အချို့သော ရိုးရာပုံစံများ ပျောက်ကွယ်သွားနိုင်ပြီး တစ်မျိုးတည်းသော "Standard Product" အဖြစ် ပြောင်းလဲသွားနိုင်ကြောင်း ယူနက်စကိုက သတိပေးထားပါသည်။

ထို့အတူ ရိုးရာယဉ်ကျေးမှုအနုပညာများကို ပြိုင်ပွဲပုံစံကျင်းပရာတွင် ခေတ်အလိုက် ပြောင်းလဲခွင့်မပေးဘဲ ရှေးရိုးပုံစံမှုသေဆုပ်ကိုင်ထားမှုများ ဖြစ်စေတတ်ပါသည်။ ယင်းနှင့်ပတ်သက်၍ ယူနက်စကိုက ရိုးရာယဉ်ကျေးမှုထိန်းသိမ်းခြင်းကို "Safe-guarding without freezing" ဟုဆိုပါသည်။ In-tangible Cultural Heritage သည် အသက်ရှင်နေသော ယဉ်ကျေးမှုဖြစ်သောကြောင့် မျိုးဆက်သစ်များက ပြန်လည်ဖန်တီးခြင်း၊ အဓိပ္ပာယ်အသစ်များ ထည့်သွင်းခြင်းတို့လည်း ထည့်သွင်းစဉ်းစားရန် လိုပါသည်။ တစ်နည်းအားဖြင့် ယဉ်ကျေးမှုထိန်းသိမ်းရေးသည် ရှေးပုံစံကို မပြောင်းမလဲ ဆုပ်ကိုင်ထားခြင်းဟု မဆိုလိုနိုင်ပါ။

### ယဉ်ကျေးမှုကို ဖန်တီး၊ ထိန်းသိမ်း၊ လက်ဆင့်ကမ်းနေသော အဖွဲ့အစည်းများပါဝင်ရန် အရေးကြီး

ရိုးရာယဉ်ကျေးမှုပြိုင်ပွဲကျင်းပရာတွင် ပြိုင်ပွဲ၏သဘောအရ အနုပညာကို သူနိုင်ကိုယ်နိုင် ပြိုင်ဆိုင်တတ်ကြပါသည်။ ပြိုင်ပွဲ၏ရည်ရွယ်ချက်သည် "အကောင်းဆုံးသူကို ရွေးချယ်ခြင်း" ဖြစ်လာပါက ရိုးရာအနုပညာ၏ယဉ်ကျေးမှုဆိုင်ရာအဓိပ္ပာယ်ထက် ဆုရရှိရေး၊ အမှတ်ရရှိရေးနှင့် အနိုင်ရရေးကို ပိုမိုအာရုံစိုက်လာစေနိုင်ပါသည်။ ထိုအခြေအနေတွင် ယဉ်ကျေးမှုကို သင်ယူခြင်းထက် "အကဲဖြတ်ဒိုင်များအကြိုက် ပြုလုပ်ခြင်း" ဖြစ်လာစေနိုင်ပါသည်။ ပြိုင်ပွဲများတွင်လည်း အမှန်တကယ် ယဉ်ကျေးမှုကို ဖန်တီး၊ ထိန်းသိမ်း၊ လက်ဆင့်ကမ်းနေသော တစ်ဦးချင်း သို့မဟုတ် အဖွဲ့အစည်းများ ပါဝင်ရန် အရေးကြီးပါသည်။ **ယူနက်စကို၏ ကွန်ဗင်းရှင်းကလည်း ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းရေး၊ လက်ဆင့်ကမ်းရေးတွင် Heritage Communities များ အတတ်နိုင်ဆုံး ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းပါဝင်ရေးကို အလေးပေးထားပါသည်။**

သို့ဖြစ်ရာ ရိုးရာယဉ်ကျေးမှုပြိုင်ပွဲသည် ပြိုင်ပွဲတစ်ခုဆိုသည့် အဓိပ္ပာယ်ထက် များစွာနက်နဲကျယ်ပြန့်သည့် လူမှုရေးဖြစ်စဉ်တစ်ရပ်ဖြစ်ပါသည်။ အဆိုပါ နက်နဲကျယ်ပြန့်သည့် ရိုးရာယဉ်ကျေးမှုပြိုင်ပွဲ၏ ဦးတည်ချက်နှင့် ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေး ထိရောက်စေရန်အတွက် ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်ပါသည်။ ရိုးရာယဉ်ကျေးမှုထိန်းသိမ်းခြင်း၊ လက်ဆင့်ကမ်းသဘောထက် ပြိုင်ပွဲအနိုင်ရရေး ဦးတည်လာပါက မူလရည်ရွယ်ချက်ကို ထိခိုက်စေနိုင်ပါသည်။ ထို့အတူ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံစုစည်းနေထိုင်ကြသဖြင့် ယဉ်ကျေးမှုကြွယ်ဝသည့်နိုင်ငံဖြစ်သဖြင့် ရိုးရာယဉ်ကျေးမှုပြိုင်ပွဲတွင် တိုင်းရင်းသားများ၏ ရိုးရာအနုပညာများကိုထည့်သွင်းပေးခြင်းဖြင့်လည်း နိုင်ငံ၏ကြွယ်ဝသည့် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းရာရောက်စေသကဲ့သို့ လူမှုပေါင်းစည်းရေးကိုလည်း မြှင့်တင်ပေးနိုင်ပါသည်။ **စာမျက်နှာ ၁၅ သို့** ✪







# ပဲခူးမြို့၌ သုဓမ္မာနိကာယ သုဓမ္မာဂိုဏ်းလုံးဆိုင်ရာ မဟာပဝါရဏာသြဝါဒါဆရာတော်ကြီးများထံမှ (၁၀၃၅) ကြိမ်မြောက် သြဝါဒခံယူ

**ပဲခူး စက်တင်ဘာ ၆**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့၌ သုဓမ္မာနိကာယသုဓမ္မာဂိုဏ်းလုံးဆိုင်ရာ မဟာပဝါရဏာသြဝါဒါဆရာတော်ကြီးများထံမှ (၁၀၃၅) ကြိမ်မြောက်သြဝါဒခံယူပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်း က ပဲခူးမြို့ ဂိုဏ်းထောင့်ကျောင်းတိုက် မဟာသီဝလိနှစ်ထပ်သိမ်တော်ကြီး၌ ကျင်းပသည်။



ရှေးဦးစွာကျုံးထောင့်ဝိပဿနာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပညာဇောတထံမှ ငါးပါးသီလခံယူဆောက်တည်ခဲ့ကြပြီး သက်တော်ရှည် မြို့မကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တဂန္ဓမာက သြဝါဒကထာကိုချီးမြှင့်သည်။

ယင်းနောက် ပဲခူးမြို့နယ် သုဓမ္မာဂိုဏ်းလုံးဆိုင်ရာ မဟာပဝါရဏာ ဖြစ်မြောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဗိုလ်ဆိုင် ကိုယ်စား ဦးဗိုလ်ဗိုလ်ဇော်ချစ်လှိုင်က သာသနာရေးဆိုင်ရာကိစ္စများလျှောက်ထားကာ မဟာပဝါရဏာ ဖြစ်မြောက်ရေးအဖွဲ့ အတွင်းရေးမှူး ဦးခင်မောင်ဆန်းက (၁၀၃၅) ကြိမ်မြောက် သုဓမ္မာနိကာယ သုဓမ္မာဂိုဏ်းလုံးဆိုင်ရာ သံဃမဟာပဝါရဏာပွဲတော်ကြီး၏ စာရေးတံမဲပွဲနှင့် စုပေါင်းဆွမ်းကြီးလောင်းလှူပွဲတွင် ရရှိခဲ့သော လှူဒါန်းရရှိငွေစာရင်းရှင်းတမ်းကို ဖတ်ကြား အတည်ပြုသည်။

ဆက်လက်၍ ပဝါရဏာပြုရာ လေ့ကားဆံတွင် သံဃာတော်များ ထိုင်သီတင်းသုံးနိုင်ရေးအတွက် သြဝါဒါဆရာတော်များက ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး ဘဒ္ဒန္တပညာဇောတ ကျုံးထောင့်ဆရာတော်က နိဂုံးချုပ် သြဝါဒကထာချီးမြှင့်၍ ဖိတ်ကြားထားသော ဧည့်ပရိသတ်များက လှူဒါန်းမှုအစုစုအား ရေစက်သွန်းချအမျှဝေ၍ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုပူဇော်ခဲ့ကြကာ အခမ်းအနားကို ပိတ်သိမ်းခဲ့ကြကြောင်း သိရသည်။

**ထက်အောင်လင်း(ပြန်/ဆက်)**



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဇလွန်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များစုပေါင်း၍ စက်တင်ဘာ ၆ ရက်က ညောင်ပင်ဈေးရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ မဟာနာဂဝံသသိမ်ကျောင်းဝင်းအတွင်းတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

ဇလွန်(ပြန်/ဆက်)



ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက် အောင်ဘောဂရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်သစ်များရွေးချယ်ပွဲကို စက်တင်ဘာ ၆ ရက်က စေတနာသမ္မာရဝတ်အသင်းမွှာရုံ၌ ကျင်းပရာ အမှုဆောင်အသစ်များက မြို့နယ်သမဝါယမဦးစီးအရာရှိ ဒေါ်တင်နှင်းရည် ရှေ့မှောက်၌ ကတိသစ္စာပြုကြစဉ်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

# ပခုက္ကူမြို့၌ အုတ်ရေမြောင်းနှင့် မြောင်းဖုံး တည်ဆောက်ခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး



**ပခုက္ကူ စက်တင်ဘာ ၆**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၅၃ ဒသမ ၅ သန်းဖြင့် ပခုက္ကူမြို့ အမှတ်(၁၀)ရပ်ကွက် ဗိုလ်ချုပ်လမ်းသွယ်မှ ရွှေပေါက်ပင်တိုက်လမ်းအထိ ကျောင်းတော်ရာလမ်း အုတ်ရေမြောင်းနှင့်မြောင်းဖုံး တည်ဆောက်ခြင်း(ပေ ၂၃၀၊ ၄ ပေ၊ ၃ ပေ ၆ လက်မ)လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေကို စက်တင်ဘာ ၃ ရက်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှဝင်းဦး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်မြင့်ဦး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ကော်မတီဝင်များက ကွင်းဆင်းကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

❂ စာမျက်နှာ ၁၄ မှ

ရိုးရာယဉ်ကျေးမှုပြိုင်ပွဲသည် အခြားပြိုင်ပွဲများနှင့်မတူပါ။ ရိုးရာယဉ်ကျေးမှု၏ အနှစ်သာရများ၊ အလေ့အကျင့်များ၊ အသိပညာနှင့် နည်းစနစ်များ၊ အစဉ်အလာများကို ထိန်းသိမ်းလက်ဆင့်ကမ်းရသည်ဖြစ်၍ ပြိုင်ပွဲဝင်သူများသည် ရိုးရာအနုပညာ၏ သမိုင်း၊ အဓိပ္ပာယ်နှင့် လူမှုဘဝဆိုင်ရာ နောက်ခံတို့ကို သိရှိနားလည်ရန်၊ သင်ကြားပေးရန် လိုအပ်မည်ဖြစ်ပါသည်။ သို့မှသာ ပြိုင်ပွဲ၏အနှစ်သာရကို ဖော်ဆောင်နိုင်မည် ဖြစ်ပါသည်။ ထို့အတူ ရိုးရာအနုပညာအပေါ် စိတ်ဝင်စားမှုကို မြှင့်တင်ပေးခြင်း၊ အနုပညာကျွမ်းကျင်မှုများကို လက်ဆင့်ကမ်းခြင်း၊ အမျိုးသားနှင့် ဒေသဆိုင်ရာ ယဉ်ကျေးမှုအမှတ်သညာကို ခိုင်မာစေခြင်း၊ အနုပညာရှင်အသစ်များကို ဖော်ထုတ်ခြင်းနှင့် လူမှုစည်းလုံးညီညွတ်မှုကို အားပေးခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။ သတိပြုရန်မှာ ပြိုင်ပွဲများကို ကျင်းပခြင်းတစ်ခုတည်းဖြင့် ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းနိုင်မည်မဟုတ်ပါ။

မိမိတို့နိုင်ငံ၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ အထူးသဖြင့်ဒြပ်မဲ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးသည် နူးညံ့သိမ်မွေ့သည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါသည်။ ယနေ့ကဲ့သို့ နည်းလမ်းပေါင်းစုံဖြင့် နိုင်ငံတကာမှ ယဉ်ကျေးမှုများ ထိုးဖောက်ဝင်ရောက်နေချိန်တွင် ဒြပ်မဲ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးသည် စိန်ခေါ်မှုများရှိလာပါသည်။ ထိုသို့သောအချိန်တွင် မိမိတို့နိုင်ငံ၏ ရိုးရာယဉ်ကျေးမှုများ ကောင်းမွန်စွာ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် လိုအပ်လာပါသည်။ သို့မဟုတ်ပါက မျိုးဆက်သစ်လူငယ်များအပေါ် အခြားယဉ်ကျေးမှုလွှမ်းမိုးမှုများ ကျယ်ပြန့်လာမည် ဖြစ်ပါသည်။ အခြားယဉ်ကျေးမှုများ လွှမ်းမိုးမှုနှင့်အတူ မိမိတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များအပေါ် စိတ်ဝင်စားမှုလျော့ကျလာခြင်း၊ အထင်မကြီးတော့ခြင်း၊ ထိန်းသိမ်းကာကွယ်စောင့်ရှောက်လိုသူ နည်းပါးလာခြင်း စသည့် အကျိုးဆက်များ ဖြစ်ပေါ်လာနိုင်ပါသည်။

သို့ဖြစ်၍ မိမိတို့နိုင်ငံ၏ ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းရေးဖြစ်သည့် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအား ယှဉ်ပြိုင်မှုတစ်ခုတည်းအတွက်သာမက အသိပညာပေးမှု၊ လေ့ကျင့်သင်ယူမှု၊ ဖျော်ဖြေမှု၊ လက်ဆင့်ကမ်းမှု၊ မှတ်တမ်းတင်မှု၊ အားလုံးပူးပေါင်းပါဝင်မှု လုပ်ဆောင်ခြင်းဖြင့် မျိုးဆက်သစ်လူငယ်များအကြား မိမိတို့၏ ယဉ်ကျေးမှုကို သိရှိနားလည်၍ ချစ်မြတ်နိုးပြီး လက်တွေ့ကျင့်သုံးကာ နောင်မျိုးဆက်များထံ ဆက်လက်လက်ဆင့်ကမ်းစေသည့် ယဉ်ကျေးမှုလက်ဆင့်ကမ်းရေး လုပ်ငန်းစဉ်တစ်ခု ဖြစ်လာမည်ဖြစ်ပါသည်။

**ကိုးကား**


၁။ အမျိုးသားယဉ်ကျေးမှု လက္ခဏာမြှင့်တင် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပ၊ ကြေးမုံသတင်းစာ၊ ၁၀ ဇူလိုင်လ၊ ၂၀၂၅

၂။ UNESCO. (2003). *Convention for the Safeguarding of the Intangible Cultural Heritage.*

၃။ UNESCO. *Performing Arts (such as traditional music, dance and theatre).*

၄။ UNESCO. *Social Practices, Rituals and Festive Events.*

၅။ UNESCO. *Focus on measures taken by States Parties to raise awareness about the importance of intangible cultural heritage (2018).*

၆။ UNESCO. *Safeguarding without freezing.*

၇။ UNESCO. *Ethics and Intangible Cultural Heritage.*

၈။ https://www.unesco.org/en/intangible-cultural-heritage

၉။ https://ich.unesco.org/en/what-is-intangible-heritage-00003

၁၀။ National Gugak Center, Republic of Korea. *National Gugak Competition and National Traditional Dance Competition.*

၁၁။ Korea Cultural Heritage Foundation. *Grand Gugak Festival for Kids.*

# စိုက်ပျိုးရေးထုတ်လုပ်မှု တိုးတက်စေရေးအတွက် ဝတ်မှုန်ကူးခြင်း၏ အရေးပါမှုနှင့် သစ်တောဂေဟစနစ် ဝန်ဆောင်မှုများ

သစ်တောမောင်

**"သစ်တောဂေဟစနစ် စီမံအုပ်ချုပ်မှုကို စနစ်တကျဆောင်ရွက်ခြင်း၊ ရာသီသီးနှံစိုက်ခင်းများနှင့် ကော်ဖီစိုက်ခင်းများအပါအဝင် တန်ဖိုးမြင့်သီးနှံ ဥယျာဉ်ခြံများအနီးတွင် ဒေသမျိုးရင်း ပန်းပွင့်သောအပင်မျိုးစုံကို စိုက်ပျိုးခြင်း၊ သစ်တောနှင့် စိုက်ပျိုးရေးမြေများအကြား ဂေဟစနစ်ဆက်သွယ်မှု ကောင်းမွန်စေရန်ဆောင်ရွက်ခြင်း၊ ပျားမွေးမြူရေးနှင့်တွဲဖက်လျက် သီးနှံ သစ်တော ရောနှောစိုက်ပျိုးစနစ်များ စနစ်တကျစီမံဆောင်ရွက်ခြင်းဖြင့် သဘာဝဝတ်မှုန်ကူးခြင်းများ ပိုမိုတိုးပွားလာပြီး စိုက်ပျိုးရေးသီးနှံ ထုတ်လုပ်မှုနှင့် အရည်အသွေးများလည်း ပိုမိုတိုးတက်ကောင်းမွန်လာမည်"**

### ဝတ်မှုန်ကူးခြင်း

ဝတ်မှုန်ကူးခြင်း(pollination)ဆိုသည်မှာ ပန်းပွင့်သောအပင်များတွင် အဖိုမျိုးပွားအစိတ်အပိုင်းဖြစ်သော ဝတ်ဆံဖို(anther)မှ ထွက်ရှိသည့် ဝတ်မှုန်စေ့(pollen grains)များကို အမမျိုးပွားအစိတ်အပိုင်းဖြစ်သော ဝတ်ဆံအမ(stigma)သို့ ရောက်ရှိစေသည့်ဖြစ်စဉ်ဖြစ်ပါသည်။ ဝတ်မှုန်ကူးပြီးနောက် သင့်လျော်သောအခြေအနေများတွင် မျိုးအောင်ခြင်း (fertilization) ဖြစ်ပေါ်ကာ မျိုးစေ့နှင့် အသီးများ ဖြစ်ပေါ်လာပါသည်။ ပန်းတစ်ပွင့်၏ဝတ်မှုန်သည် ထိုပန်း၏ ဝတ်ဆံအမ သို့မဟုတ် တစ်ပင်တည်းရှိ အခြားပန်း၏



ဝတ်ဆံအမသို့ ရောက်ရှိခြင်းဖြင့် မိမိကိုယ်တိုင် ဝတ်မှုန်ကူးခြင်း (self-pollination)ဖြစ်နိုင်သကဲ့သို့ အပင်တစ်ပင်မှဝတ်မှုန်ကို အခြားအပင်တစ်ပင်၏ ဝတ်ဆံအမသို့ သယ်ဆောင်ပေးခြင်းဖြင့် အပြန်အလှန် ဝတ်မှုန်ကူးခြင်း(cross-pollination) ဖြစ်နိုင်ပါသည်။ ဝတ်မှုန်ကူးခြင်းသည် အစားအစာထုတ်လုပ်မှုနှင့် လူသားများ၏ အသက်မွေးဝမ်းကျောင်းမှုအတွက် အလွန်အရေးပါပြီး သဘာဝဂေဟစနစ်များကို စိုက်ပျိုးရေးထုတ်လုပ်မှု စနစ်များနှင့် တိုက်ရိုက်ချိတ်ဆက်ပေးသည်။ ကမ္ဘာတစ်ဝန်းတွင် ပန်းပွင့်သောအပင်များ၏ ၈၇ ဒသမ ၅ ရာခိုင်နှုန်းခန့်ကို ကျောရိုးမဲ့သတ္တဝါများနှင့် ကျောရိုးရှိသတ္တဝါများ နှစ်မျိုးလုံးမှ ဝတ်မှုန်ကူးကြပါသည်။

### ဝတ်မှုန်ကူးသတ္တဝါများ

ဝတ်မှုန်ကူး သတ္တဝါများတွင် တောရိုင်းပျား *(Apidae, Halictidae)*၊ ပျားရည်ပျား၊ အဆိပ်မရှိသော ပျားငယ်များ *(stingless bees)*၊ သစ်ခေါင်းတွင်းနေသော သစ်ခေါင်းပျားများ၊ မြေတွင်းနေပျားများပါဝင်ပါသည်။ အဆိုပါပျားများအပြင် ဖလံ



များ၊ ယင်ကောင်များ (အထူးသဖြင့် hoverflies, Bee flies)၊ နကျယ်ကောင်များ၊ ပိုးထိုးကောင်များ၊ လိပ်ပြာများ၊ ပိုးဖလံများ (moths)၊ ပိုးတောင်မာများ (beetles)၊ လင်းနို့များ၊ လင်းဆွဲများ *(Pteropodidae)*၊ ငှက်များ၊ ပုရွက်ဆိတ်များ ပါဝင်သည်။ ကျောရိုးရှိသတ္တဝါများတွင် တချို့သော မျောက်မျိုးစိတ်များ၊ ကြွက်၊ ရှဉ့်၊ ဝတ်ရည်စုပ်ငှက်များ (hummingbirds၊ sunbirds) နှင့် ကြက်တူရွေးမျိုးစိတ် တချို့ပါဝင်ပါသည်။ စနစ်တကျမွေးမြူထားသော ပျားများအပါအဝင် ဝတ်မှုန်ကူးသတ္တဝါများ လုံလောက်စွာ ရှိနေခြင်းဖြင့် စားရေရိက္ခာသီးနှံထုတ်လုပ်မှုအရည်အသွေးနှင့် အရေအတွက် နှစ်မျိုးစလုံး တိုးတက်ကောင်းမွန်စေနိုင်သည်။

### ဝတ်မှုန်ကူးခြင်း၏ အရေးပါမှု

လက်ရှိကမ္ဘာမြေတွင် လူသားများအပါအဝင် ဇီဝမျိုးစုံမျိုးကွဲများ တည်ရှိမှုနှင့် စားရေရိက္ခာ ဖူလုံရေးအတွက် အရေးကြီးသော လုပ်ငန်းစဉ်တစ်ခုဖြစ်သည့် ဝတ်မှုန်ကူးခြင်းကို ပျားများနှင့် တခြားအင်းဆက်ပိုးမွှားများက အဓိကဆောင်ရွက်ပေးပါသည်။ မြန်မာနိုင်ငံတွင် ရာသီစိုက်ပျိုးသီးနှံများဖြစ်သည့် ပန်းနှမ်း၊ နေကြာ၊ နှမ်း၊ ပဲမျိုးစုံ၊ စမုန်စပါး၊ နံနံ၊ ဆီမုန်ညင်း၊ မုန်ညင်း/မုန်လာတို့နှင့် ရာသီအလိုက် စိုက်ပျိုးသည့် ပန်းမန်ပင်များ နှင်းဆီ၊ စံပယ်၊ ဇွန်၊ စိန်ခြယ်ပန်းရောင်စုံ၊ မိုးကြိုပန်း၊ မေမြို့ပန်း၊ သစ္စာပန်း၊ ဂန္ဓမာပန်း၊ ပန်းထိမ်ငို၊ လီလီ၊ ဆောင်းချယ်ရီ စသည်တို့သည် ပျားရည်ထုတ်ယူနိုင်သော အဓိကပျားစာပင်များဖြစ်သည်။ ပင့်ကူထိပ်ပိတ်၊ နေကြာရိုင်း၊ ဘိစပ်၊ ကန္တာရ၊ အင်ကြင်း၊ တံငါပင်စိမ်း စသည့် သဘာဝပေါက်ပင်များသည် ပျားရည်ထုတ်ယူသည့် ပျားစာပင်များဖြစ်သည်။ မက္ကဒေးမီးယား၊ ဆီးပင်၊ ရော်ဘာ၊ လိုင်ချီး၊ လဲမှို့၊ သရက်၊ သံပရာ၊ ကြက်မောက်၊ မန်ဂျန်ရှား၊ ကော်ဖီ၊ ဒူးရင်း၊ သရက်၊ လိမ္မော်၊ စတော်ဘယ်ရီ စသည့် နှစ်ရှည်စိုက်ပျိုးသီးနှံများသည်လည်း ပျားရည်ထုတ်ယူသည့် အပင်များဖြစ်ပြီး ဝတ်မှုန်ကူးခြင်းကြောင့် အရည်အသွေးမြင့်သီးနှံများ အထွက်နှုန်းတိုးပြီး အကျိုးကျေးဇူးများစွာ ရရှိစေပါသည်။

ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ်ဝန်ဆောင်မှုများဆိုင်ရာ အစိုးရများအကြား သိပ္ပံ-မူဝါဒ ပလက်ဖောင်း (IPBES)၏ အဆိုအရ သတ္တဝါများ ဝတ်မှုန်ကူးပေးမှုအပေါ် တိုက်ရိုက်မှီခိုနေရသော ကမ္ဘာ့အသီးအနှံ ထုတ်လုပ်မှုတန်ဖိုးမှာ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၂၃၅ ဘီလီယံ မှ ၅၇၇ ဘီလီယံအထိရှိသည်။ ဝတ်မှုန်ကူးတိရစ္ဆာန်များသည် ကမ္ဘာ့သီးနှံထုတ်လုပ်မှု (ပမာဏအားဖြင့်)၏ ၃၅ ရာခိုင်နှုန်းခန့် ပါဝင်ပတ်သက်ပြီး အဓိကအစားအစာသီးနှံ ၁၁၅ မျိုးတွင် ၈၇ မျိုးနှင့် ဆေးဖက်ဝင်အပင်များစွာ၏ အထွက်နှုန်းကို မြှင့်တင်ပေးပါသည်။ ကမ္ဘာလုံးဆိုင်ရာ အစားအစာ သီးနှံအမျိုးအစား ၇၅ ရာခိုင်နှုန်းခန့်သည် ဝတ်မှုန်ကူးပေးသော သတ္တဝါများအပေါ် မှီခိုနေရပြီး ယနေ့လူသားများအတွက် အစားအစာမျိုးစုံရရှိနိုင်မှုသည် ၎င်းတို့၏ အရေးပါမှုကို မီးမောင်းထိုးပြနေပါသည်။



### ဝတ်မှုန်ကူးမှုကျဆင်းခြင်း အဓိကအကြောင်းရင်းများ

ယခုအခါ ပျားများနှင့် အခြားဝတ်မှုန်ကူးပေးသော သတ္တဝါများ၏အရေအတွက်သည် သိသာထင်ရှားသော ခြိမ်းခြောက်မှုများနှင့် ရင်ဆိုင်နေရပြီး အပြည်ပြည်ဆိုင်ရာ သဘာဝထိန်းသိမ်းရေးအဖွဲ့(IUCN)၏ အကဲဖြတ်မှု အစီရင်ခံစာအရ ပျားမျိုးစိတ် ၄၀ ရာခိုင်နှုန်းခန့်သည် မျိုးသုဉ်းရန် အန္တရာယ်ရှိကြောင်း သိရပါသည်။ သစ်တောပြုန်းတီးခြင်း၊ နေရင်းဒေသ သစ်တောသစ်ပင်များ အပိုင်းပိုင်းကွဲထွက်ခြင်း၊ လယ်ယာစိုက်ပျိုးရေးတွင် သီးနှံမျိုးစိတ်တစ်မျိုးတည်းကိုသာ အကြိမ်ကြိမ်ဆက်တိုက်စိုက်ပျိုးခြင်း၊ ပိုးသတ်ဆေးများ အလွန်အကျွံသုံးစွဲခြင်း၊ အပူချိန်အလွန်အမင်းမြင့်တက်ခြင်းနှင့် ပန်းပွင့်ချိန်ပြောင်းလဲခြင်းကဲ့သို့သော ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများသည် ဝတ်မှုန်ကူးပေးသော သတ္တဝါအရေအတွက် ကျဆင်းမှုအတွက် အဓိကအကြောင်းရင်းများဖြစ်ပါသည်။

### သစ်တောများ၏ ဝတ်မှုန်ကူးပေးခြင်းဆိုင်ရာ ဝန်ဆောင်မှု

သစ်တောများက ပံ့ပိုးပေးနေသော ဂေဟစနစ်ဝန်ဆောင်မှုများစွာအနက် ဝတ်မှုန်ကူးမှုကို ပံ့ပိုးသောဝန်ဆောင်မှုသည် စီးပွားရေးအရ အရေးပါဆုံးနှင့် တန်ဖိုးအရှိဆုံး ဝန်ဆောင်မှုတစ်ခု ဖြစ်သည်။ သစ်တောများသည် ပန်းဝတ်မှုန်ကူးသတ္တဝါများအတွက် အစာအရင်းအမြစ်၊ အသိုက်ပြုလုပ်ရန်နေရာ၊ ခိုလှုံရာနှင့် မျိုးပွားရာနေရာများကို ပံ့ပိုးပေးသည့်အပြင် ပန်းဝတ်မှုန်ကူးပေးသည့် သတ္တဝါမျိုးစုံနှင့် အပင်မျိုးစိတ်များအကြား အပြန်အလှန်မှီခိုသော ဂေဟစနစ်ဆိုင်ရာ ဆက်နွယ်မှုများကိုလည်း ထိန်းသိမ်းပေးပါသည်။ သစ်တောများတွင် အသိုက်ဖွဲ့နေထိုင်ကြသော တောရိုင်းဝတ်မှုန်ကူးသတ္တဝါများသည် ဘေးပတ်ဝန်းကျင်ရှိ စိုက်ပျိုးမြေများသို့ သွားရောက်ကာ သီးနှံများကို ဝတ်မှုန်ကူးပေးသဖြင့် သီးနှံအထွက်နှုန်း၊ သီးနှံအရည်အသွေးနှင့် ဈေးကွက်တန်ဖိုးတို့ကို သိသိသာသာ တိုးတက်စေပါသည်။ သစ်တောများသည် အောက်ဖော်ပြပါ ဂေဟဗေဒဆိုင်ရာ အဓိကလုပ်ဆောင်ချက် သုံးခုမှတစ်ဆင့် တောရိုင်းဝတ်မှုန်ကူးသတ္တဝါများကို ကာကွယ်ထိန်းသိမ်းပေးထားပါသည်-

- ❖ **အသိုက်ပြုလုပ်ရာနှင့် ဆောင်းခိုရာနေရင်းဒေသများ။** သစ်တောများ၊ အပင်ကြီးများ၊ သစ်ပင်ခြောက်များ၊ သစ်တောကြမ်းပြင် မြေဆီလွှာ၊ အခေါင်းပါသော ပင်စည်များ၊ သစ်တောအုပ်အထက်ပိုင်း ညဉ့်ခိုရာများ၊ ကျောက်တောင်များ၊ ကြွေကျနေသော သစ်ရွက်များ၊ ပဲမျိုးနွယ်အပင်ကြီးများ၊ ပန်းပွင့်သော ချုံပုတ်များ စသည့်နေရာများသည် တောရိုင်းဝတ်မှုန်ကူးသတ္တဝါများအတွက် တည်ငြိမ်သောမှီခိုရာ၊ သားပေါက်ရာနေရင်းဒေသ နားခိုရာ၊ အသိုက်ပြုလုပ်ရန်နေရာများကို ပံ့ပိုးပေးသည်။
- ❖ **ဝတ်ရည်နှင့်ဝတ်မှုန်များ စဉ်ဆက်မပြတ်ပံ့ပိုးပေးခြင်း။** စိုက်ပျိုးရေးသီးနှံများ မပွင့်သော ရာသီ ပြင်ပကာလများတွင်လည်း သစ်တောအတွင်းရှိ မတူကွဲပြားသည့် အပင်မျိုးစိတ်များက ဝတ်မှုန်ကူးသတ္တဝါများ တစ်နှစ်ပတ်လုံး အသက်ဆက်နိုင်ရန် ဝတ်ရည်နှင့် ဝတ်မှုန်များကို မပြတ်ပံ့ပိုးပေးပါသည်။
- ❖ **ရာသီဥတုပြင်းထန်မှုကို လျှော့ချထိန်းညှိပေးခြင်း။** သစ်တောသစ်ပင်များက အပူချိန်ကို လျှော့ချထိန်းညှိပေးခြင်း၊ လေပြင်းများကို ကာကွယ်ပေးခြင်းနှင့် အစိုဓာတ်ကို ထိန်းသိမ်းပေးခြင်းတို့ဖြင့် နုနယ်သော ဝတ်မှုန်ကူးသတ္တဝါများကို ရာသီဥတုဒဏ်မှ ကာကွယ်ပေးပါသည်။

### သဘာဝဝတ်မှုန်ကူးခြင်းနှင့် ပျားမွေးမြူခြင်းဖြင့် ဝတ်မှုန်ကူးခြင်း

သဘာဝဝတ်မှုန်ကူးသတ္တဝါများနှင့် စနစ်တကျမွေးမြူထားသော ဝတ်မှုန်ကူးသတ္တဝါများ (ပျားမွေးမြူခြင်း) နှစ်မျိုးလုံးသည် သီးနှံထုတ်လုပ်မှုတွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။



**၁။ သဘာဝ ဝတ်မှုန်ကူးခြင်း**

မြန်မာနိုင်ငံ၏ အပူပိုင်းကမ်းရိုးတန်း မြစ်ဝကျွန်းပေါ်ဒေသများမှသည် မိုးနည်းပူပြင်းသော အလယ်ပိုင်းလွင်ပြင်များနှင့် အမြင့်ပိုင်းအရှေ့ဘက်ကုန်းမြင့်ဒေသများအထိ ပါဝင်သည့် ထူးခြားသော ပထဝီဝင်အနေအထားသည် ဝတ်မှုန်ကူးသတ္တဝါများအတွက် မတူကွဲပြားသော ဂေဟစနစ်နယ်ပယ်များကို ဖန်တီးပေးထားပါသည်။ မြန်မာနိုင်ငံတွင် သဘာဝဝတ်မှုန်ကူးမှု ပိုမိုတိုးတက်ကောင်းမွန်လာစေရန်အတွက် ဒေသတွင်းသီးနှံများ၊ ဒေသမျိုးရင်းအပင်များနှင့် မူလရှိပြီး ဝတ်မှုန်ကူးသတ္တဝါ အုပ်စုများအပေါ် မူတည်၍ ဂေဟစနစ်တစ်ခုချင်းစီအလိုက် သီးသန့်အစီအမံများ ရေးဆွဲဆောင်ရွက်ရန် လိုအပ်ပါသည်။

(က) **အလယ်ပိုင်း မိုးနည်းရေရှားဒေသ။** အဓိကဒေသမျိုးရင်း ဝတ်မှုန်ကူးသတ္တဝါများအနေဖြင့် ပျားကြီး/ သစ်တောပျား (*Apis dorsata*)၊ ပျားသေး/ယင်ပျား (*Apis florea*)၊ မျက်မွေးလိမ်ပျား/ စိမ့်ပျား (*Trigona/Tetragonula*) နှင့် မြေကြီးတွင် အသိုက်လုပ်တတ်သော တစ်ကောင်တည်းနေပျားများ တွေ့ရပါသည်။ ဝတ်မှုန်ကူးသတ္တဝါများ တိုးပွားလာစေရန်နှင့် သီးနှံများမပွင့်သော အချိန်တွင် တစ်နှစ်ပတ်လုံး ဝတ်ရည်ရရှိစေရန်အတွက် ရာသီသီးနှံများ၊ ဆီထွက်သီးနှံစိုက်ခင်းများပတ်လည်တွင် ဘက်စုံသုံးပန်းပွင့်သည့်

စာမျက်နှာ ၁၇ သို့ ❋

❋ စာမျက်နှာ ၁၆ မှ

ဒေသမျိုးရင်းအပင်များ (ဥပမာ သဘော်ာကသစ်၊ တမာ၊ ပေါက်၊ လက်ပံ၊ အညာကုက္ကို၊ စစ်၊ စွယ်တော်၊ မဲဇလီ၊ ပဲချယ်ရီ၊ ငုရွှေ၊ သမုန်းပင်၊ စောင်ချမ်း၊ ဆူးဖြူ၊ အကာရှား) အတန်းလိုက် စိုက်ပျိုးခြင်း။

**(ခ) ရှမ်းကုန်းပြင်မြင့်နှင့် တောင်ပေါ်စိုက်ပျိုးဂေဟစနစ်များ။** အဓိကတွေ့ရသည့် ဒေသမျိုးရင်း ဝတ်မှုန်ကူးသတ္တဝါများမှာ ကျောက်ဆောင်ပျား (*Apis laboriosa*)၊ သစ်ခေါင်းပျား(*Apis Cerana*) ပျားမည်းကြီးများ (*Bombus*မျိုးစိတ်များ)၊ အစွယ်မဲ့ပျားများ၊ ယင်ပျံများ(*Hoverflies*)နှင့် သစ်တောက်ပျားများ (*Xylocopa*) တို့ဖြစ်သည်။ ဝတ်မှုန်ကူးသတ္တဝါများ တိုးပွားလာစေရေးနှင့် ဝတ်မှုန်ကူးလုပ်ငန်းများ ပိုမိုတိုးပွားလာစေရေးအတွက် ကော်ဖီစိုက်ခင်းများအတွင်း ပန်းပွင့်သော ဒေသမျိုးရင်းအပင်ကြီးများ (ဥပမာ- ချယ်ရီ၊ ခါတော်မီ၊ မက္ကဒေးမီးယား၊ တောင်ဇလပ်မျိုး- *Rhododendron sp.*၊ ချယ်ရီ – *Prunus cerasoides*) ကို ပေါင်းစပ်စိုက်ပျိုးပေးခြင်း၊ ထောပတ်နှင့် မက္ကဒေးမီးယား စိုက်ခင်းများအနီးတွင် သစ်တောက်ပျားများနှင့် တစ်ကောင်တည်းနေပျားများ အသိုက်ဖွဲ့နိုင်စေရန် ဆေးသုတ်မထားသော အခေါင်းပါသည့် သစ်သားတိုင်များ၊ ဝါးဆစ်စည်းများနှင့် ကျောက်တိုင်များကို စိုက်ခြင်း၊ လှေကားထစ် စိုက်ခင်းအစွန်းများနှင့် ကန်သင်းများတွင် ဒေသမျိုးရင်း ပန်းပွင့်သည့် မြေဆီလွှာအဖုံးအအုပ်ပင်များကို စိုက်ပျိုးခြင်း၊ လှေကားထစ်စိုက်ခင်းများတွင် ပန်းပွင့်အပင်တန်းများ စိုက်ခြင်း။

**(ဂ) ဧရာဝတီမြစ်ဝကျွန်းပေါ်နှင့် ကမ်းရိုးတန်း ဒီရေတောများ၊ လမုတောများ။** ဒီရေတော၊ လမုတောနှင့် ယှဉ်ပါးသော ရွှေ့ပြောင်းပျားကြီးအုပ်စုများ (*Apis dorsata*)၊ သစ်ခေါင်းပျား(*Apis cerana*)၊ သစ်သီးစားလင်းဆွဲများ (*Pteropus* မျိုးစိတ်များ)၊ လိပ်ပြာနှင့်ဖလံများ *(Hawkmoths)* စသည့် အဓိက ဒေသမျိုးရင်း ဝတ်မှုန်ကူးသတ္တဝါများကို တွေ့ရသည်။ ဒီရေတော၊ လမုတောများသည် ဒေသထွက်ပျားရည်ကို ထုတ်လုပ်ပေးရုံသာမက ပျားများအတွက် အလွန်အရေးပါသော မျိုးပွားရာနေရာများဖြစ်ကြသဖြင့် ကန့်ကလာပင်၊ ဖြူးပင်၊ ကနစိုပင်၊ ဓနိပင်စသည့် ဒီရေတော၊ လမုတောများကို ထိန်းသိမ်းခြင်းနှင့် ပြန်လည်စိုက်ပျိုးခြင်း၊ ဒူးရင်းသီးကဲ့သို့သော တန်ဖိုးမြင့်သစ်သီးများအတွက် ညဘက်ဝတ်မှုန်ကူးပေးသည့် သစ်သီးစားလင်းဆွဲများ မှီခိုရာ အပင်ကြီးများနှင့် ဂူများကို ကာကွယ်ပေးခြင်း။

**၂။ ပျားမွေးမြူခြင်းနှင့် ဝတ်မှုန်ကူးခြင်း**

ပျားမွေးမြူရေး (Apiculture/ Beekeeping) သည် ဝင်ငွေရရှိစေသည့် မွေးမြူရေးလုပ်ငန်းတစ်ခုဖြစ်သကဲ့သို့ သီးနှံများ၏ ဝတ်မှုန်ကူးခြင်းကိုတိုးတက်



စေပြီး သဘာဝဂေဟစနစ်နှင့် စိုက်ပျိုးရေးထုတ်လုပ်မှုကိုလည်း အထောက်အကူပြုပါသည်။ ပျားမွေးမြူရေးဆောင်ရွက်ရာတွင် အဓိကအားဖြင့် အောက်ပါအချက်များ အထူးဂရုပြုဆောင်ရွက်သင့်ပါသည်-

**(က) ပျားမျိုးရွေးချယ်ခြင်း။** ဒေသရာသီဥတုနှင့် ကိုက်ညီသော၊ ရောဂါဒဏ်ခံနိုင်ရည်ရှိသော၊ ဝတ်ရည်ဝတ်မှုန် စုဆောင်းမှု ကောင်းမွန်၍ ပျားရည်အထွက်နှုန်း ကောင်းမွန်သော ဒေသမျိုးရင်းပျားမျိုးများကို ရွေးချယ်ခြင်း၊ မျိုးပွားနိုင်စွမ်းရှိသော ပျားဘုရင်မကို ရွေးချယ်ခြင်းနှင့် စီးပွားဖြစ်မွေးမြူနေသော ဥရောပပျားမျိုး *Apis mellifera* ကိုလည်း စနစ်တကျမွေးမြူခြင်း။

**(ခ) ပျားအုံတည်နေရာ။** ပန်းပွင့်အပင်များ၊ သစ်တော၊ ဥယျာဉ်နှင့် စိုက်ခင်းများအနီးတွင် ထားရှိခြင်း၊ ရေကြီးခြင်း၊ လေပြင်းတိုက်ခြင်းနှင့် နေအပူချိန်မြင့်မားခြင်းမှ ကာကွယ်နိုင်သော နေရာဖြစ်ခြင်း၊ လူနေအိမ်၊ ကျောင်း၊ လမ်းမနှင့် တိရစ္ဆာန်ခြံများမှ သင့်တော်သော အကွာအဝေး ထားရှိခြင်း၊ ပျားအုံ အဝင်အထွက်ပေါက်ကို လူသွားလမ်းများနှင့် မျက်နှာမူ၍ ချထားမွေးမြူခြင်းမှ ရှောင်ကြဉ်ခြင်း။

**(ဂ) ပျားစားကျက်(Bee forage) စီမံခန့်ခွဲခြင်း။** ပျားမွေးမြူရေးအောင်မြင်မှုအတွက် တစ်နှစ်ပတ်လုံး ပန်းပွင့်ရရှိနိုင်သည့် နေရာများကို ရွေးချယ်ခြင်း၊ ပျားမွေးမြူရေးနှင့် သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်း၊ ပေါင်းစပ်ဆောင်ရွက်ခြင်း (Bee-friendly Agroforestry System)၊ ပန်းပွင့်နေချိန်တွင် ပိုးသတ်ဆေးဖျန်းခြင်းကို ရှောင်ကြဉ်ခြင်း၊ ဖျန်းရန်လိုအပ်ပါက ညနေပိုင်း/ပျားများလှုပ်ရှားမှုနည်းချိန်တွင် စနစ်တကျအသုံးပြုခြင်း။

**(ဃ) ပျားအုံစောင့်ရှောက်မှု ပုံမှန်စစ်ဆေးခြင်း။** ပျားအုံကို အုံပြင်ပစစ်ဆေးခြင်းအား နေ့စဉ်ပြုလုပ်၍ အုံတွင်းစစ်ဆေးသည့်အခါ အုံတွင်း၌ ပျားဘုရင်မ ရှိ/မရှိ၊ ဥနှင့် ပျားသားလောင်း ပေါက်ပွားမှုအခြေအနေ၊ ပျားစာ(ဝတ်ရည်၊ ဝတ်မှုန်)လုံလောက်မှု ရှိ/မရှိ၊ ရောဂါကျရောက်မှု ရှိ/မရှိ၊ ပုံမှန်စစ်ဆေးပေးခြင်း၊ မိုးရာသီတွင် အစိုဓာတ်နှင့် ရောဂါများကို အထူးဂရုပြုခြင်း၊ ခြောက်သွေ့ရာသီတွင် ရေနှင့် ပျားစားကျက် (ပန်းစားကျက်) လုံလောက်စေရန် စီမံဆောင်ရွက်ခြင်း၊ ပျားစာ(ပန်း)ရှားပါးချိန်တွင် အစာအရံထားရှိခြင်း/လိုအပ်လျှင် ဖြည့်စွက်အစာကျွေးခြင်း။

**(င) ပျားရည်စုဆောင်းခြင်း၊ ထုတ်ယူခြင်း။** ပျားအုံတစ်အုံလုံးမှ ပျားရည်ကို အလွန်အကျွံထုတ်ယူခြင်းမှ ရှောင်ကြဉ်၍ ပျားများအတွက် လုံလောက်သောအစာများ အရန်ချန်လှပ်ထားခြင်း၊ ပျားရည်ထုတ်ယူရာတွင် သန့်ရှင်းသော ပစ္စည်းများ အသုံးပြုခြင်း၊ ပျားဖယောင်း (beeswax)၊ ပျားကော် (propolis)၊ ပျားဝတ်မှုန် (pollen)နှင့် ပျားနို့ (royal jelly) ကဲ့သို့သော ထုတ်ကုန်များကိုလည်း တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်ခြင်း။

**သစ်တောများထိန်းသိမ်းခြင်းဖြင့်**
**ဝတ်မှုန်ကူးခြင်းကို မြှင့်တင်ကြပါစို့**

သစ်တောများသည် သစ်နှင့် သစ်တောထွက်ပစ္စည်းများပံ့ပိုးပေးသည့် သဘာဝအရင်းအမြစ်ဖြစ်ရုံသာမက ဝတ်မှုန်ကူးခြင်းကို ထိန်းသိမ်းပေးသည့် အရေးပါသော ဂေဟစနစ် အခြေခံအဆောက်အအုံ (ecological infrastructure) တစ်ခုလည်း ဖြစ်သည်။ သစ်တောများသည် ဝတ်မှုန်ကူးသတ္တဝါများအတွက် အစာအာဟာရ၊ အနားယူရာနေရာ၊ အသိုက်



ပြုရာနေရာနှင့် ရာသီအလိုက် ခိုလှုံရာနေရာများကို ပံ့ပိုးပေးသဖြင့် ဝတ်မှုန်ကူးမှုဝန်ဆောင်မှုများ ရေရှည်တည်တံ့စေရန် အခြေခံကျပြီး အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ ပျားနှင့် အခြားဝတ်မှုန်ကူးသတ္တဝါများကို ထိန်းသိမ်းခြင်းသည် ပျားရည်ထုတ်လုပ်မှုကို တိုးတက်စေရုံသာမက သီးနှံများ၏ ဝတ်မှုန်ကူးမှု၊ ထုတ်လုပ်မှုနှင့် အရည်အသွေးကိုလည်း အထောက်အကူပြုနိုင်ပါသည်။ သစ်တောဂေဟစနစ် စီမံအုပ်ချုပ်မှုကို စနစ်တကျဆောင်ရွက်ခြင်း၊ ရာသီသီးနှံစိုက်ခင်းများနှင့် ကော်ဖီစိုက်ခင်းများအပါအဝင် တန်ဖိုးမြင့် သီးနှံဥယျာဉ်ခြံများအနီးတွင် ဒေသမျိုးရင်း ပန်းပွင့်သော အပင်မျိုးစုံကို စိုက်ပျိုးခြင်း၊ သစ်တောနှင့် စိုက်ပျိုးရေး မြေများအကြား ဂေဟစနစ်ဆက်သွယ်မှု ကောင်းမွန်စေရန် ဆောင်ရွက်ခြင်း၊ ပျားမွေးမြူရေးနှင့် တွဲဖက်လျက် သီးနှံသစ်တော ရောနှောစိုက်ပျိုးစနစ်များ စနစ်တကျစီမံဆောင်ရွက်ခြင်းဖြင့် သဘာဝဝတ်မှုန်ကူးခြင်းများ ပိုမိုတိုးပွားလာပြီး စိုက်ပျိုးရေးသီးနှံ ထုတ်လုပ်မှုနှင့် အရည်အသွေးများလည်း ပိုမိုတိုးတက်ကောင်းမွန်လာမည် ဖြစ်ပါသည်။

**စိုက်ပျိုးရေးသီးနှံများ ထုတ်လုပ်မှု တိုးတက်ရေး**

**ကိုးကား**

IPBES. (2016). *The Assessment Report on Pollinators, Pollination and Food Production: Summary for Policymakers. Bonn, Germany.*

Klein, A.–M and Vaissière, B. E., et. al., (2007). *Importance of pollinators in changing landscapes for world crops.*

Garibaldi, L. A., et al. (2013). *Wild pollinators enhance fruit set of crops regardless of honey bee abundance.* Science, 339(6127), 1608–1611.



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၆ ရက်တွင် အမှတ်(၇)လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ကျော်ဇင်ထွန်းဦးစီးသော တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက ကျောက်တန်းမြို့ အေးမြသီတာရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရဲတပ်ရင်းကျောင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ နိုးတူး(ကျောက်တန်း)

(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရွှေစာရံကျေးရွာရှိ ရွှေစာရံဘုရားရင်ပြင်တော်၌ အမှတ်(၃)လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့ ကွပ်ကဲရေးမှူး ဦးဆောင်၍ အရာရှိ/အခြားအဆင့် တပ်ဖွဲ့ဝင်များက စက်တင်ဘာ ၅ ရက်တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ ကိုရဲ





(၆၂) နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး နော်ခမ်း ဦးစီး၍ မြို့နယ်ရဲတပ်ဖွဲ့ ဒုတိယရဲမှူး အောင်အောင်နှင့် တပ်ဖွဲ့ဝင်များက စက်တင်ဘာ ၅ ရက်တွင် ကျိုက်မရောမြို့ ပြည်သူ့ဆေးရုံဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။ ကျိုက်မရော(ပြန်/ဆက်)



## စက်သုံးဆီ သယ်ယူပို့ဆောင်သည့်ယာဉ်များအား သတ်မှတ်စည်းကမ်းချက်များနှင့်အညီ သယ်ယူပို့ဆောင်ခြင်းရှိ/မရှိစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၆**

ပြည်ထောင်စု နယ်မြေ နေပြည်တော်အတွင်း ဖြတ်သန်းသွားလာ၍ စက်သုံးဆီသယ်ယူပို့ဆောင်ကြသည့် မော်တော်ယာဉ်များအား သတ်မှတ်စည်းကမ်းချက်များနှင့်အညီ သယ်ယူပို့ဆောင်ခြင်းရှိ/မရှိ ကြီးကြပ်စစ်ဆေးခြင်းကို စက်တင်ဘာ ၅ ရက်တွင် ပျဉ်းမနားမြို့နယ် ပရွက်ဆိတ်ကုန်းကျေးရွာ အောင်ငြိမ်းစေစက်သုံးဆီအရောင်းဆိုင်ရှေ့ ရန်ကုန်-မန္တလေး (မြို့ရှောင်လမ်း)၌ ဆောင်ရွက်သည်။

ထိုသို့ စစ်ဆေးရာတွင် နေပြည်တော် ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေး ဆပ်ကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသည့် ရေနံထွက်ပစ္စည်း ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန နေပြည်တော် ကြီးကြပ်စစ်ဆေးရေးအရာရှိရုံးမှ ညွှန်ကြားရေးမှူး ဦးလှမျိုးထွန်းနှင့် တာဝန်ရှိသူများက စက်သုံးဆီ သယ်ယူပို့ဆောင်သည့် ယာဉ်များတွင် စက်သုံးဆီသယ်ယူခွင့် မှော်စာများပါရှိခြင်း ရှိ/မရှိ၊ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ သယ်ဆောင်ခြင်း ရှိ/မရှိ တို့ကို စစ်ဆေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## အရောင်းအောင်မြင်မှုပညာ




စာရေးဆရာ ဘရိုင်ယန် ထရေစီ (Brian Tracy) ရေးသားသည့် SALES SUCCESS ဆိုသည့်စာအုပ်ကို စာရေးဆရာကြည့်ရှုန်းက 'အရောင်းအောင်မြင်မှု ပညာ' အမည်ဖြင့် မြန်မာပြန်ဆိုထားသည့် စာအုပ်ထွက်ရှိလာသည်။

ဤစာအုပ်သည် အရောင်းသမားတစ်ဦးကို အခြေခံအဆင့်ကနေ ထိပ်တန်းကျွမ်းကျင်သူ အဆင့်ရောက်ရှိသည် အထိ လမ်းညွှန်ပြသပေးမည့် "မြေပုံတစ်ခု" ဖြစ်ပြီး အပိုင်း သုံးပိုင်းဖြင့် စနစ်တကျပြုစုထားသည်။ ပထမပိုင်းသည် အတွင်းစိတ်နှင့် အခြေခံအုတ်မြစ် အပိုင်းဖြစ်ပြီး အရောင်းသမားတစ်ဦးအတွက် မရှိမဖြစ်လိုအပ်သော အခြေခံစိတ်ဓာတ် (Mindset) နှင့် မိမိကိုယ်ကို စီမံခန့်ခွဲမှု (Self-Management) တို့ကို အဓိကထား တည်ဆောက်ပေးမည်ဖြစ်၍ အစပျိုးသူများအတွက် အကောင်းဆုံးတွန်းအား ဖြစ်စေသည်။ ဒုတိယပိုင်းသည် မဟာဗျူဟာနှင့် နည်းဗျူဟာ အပိုင်းဖြစ်၍ ပြိုင်ဘက်များကို ကျော်ဖြတ်နိုင်မည့် အားသာချက်များ၊ ဖန်တီးပုံများ၊ ပရော်ဖက်ရှင်နယ်ဆန်သော အရောင်းမဟာဗျူဟာများ ရေးဆွဲပုံတို့ကို အသေးစိတ်ဆွေးနွေးတင်ပြထားသဖြင့် မိမိ၏ အရောင်း Method များကို အဆင့်မြှင့်တင်ပေးမည်ဖြစ်သည်။ တတိယပိုင်းသည် အရောင်းအတတ်ပညာနှင့် ဖောက်သည်ဆက်ဆံရေး အပိုင်းဖြစ်ပြီး ဖောက်သည်များ၏စိတ်ကို ဖမ်းစားပုံ၊ ကန့်ကွက်မှုများကို ကျွမ်းကျွမ်းကျင်ကျင် ကိုင်တွယ်ပုံ၊ ဖောက်သည်များ တစ်သက်တာ လက်တွဲလာစေရန် သစ္စာရှိမှု (Customer Loyalty) တည်ဆောက်ပုံတို့ကို လက်တွေ့ကျကျ လမ်းညွှန်ထားသည်။

အထူးသဖြင့် ကန့်ကွက်မှုများကို ကျွမ်းကျင်လိမ္မာစွာ ဖြေရှင်းခြင်းအခန်းနှင့် ဝယ်သူဖောက်သည်များ တစ်သက်တာမြဲပါစေ အခန်းတို့သည် မြန်မာ့ဈေးကွက် လက်ရှိအခြေအနေနှင့် အထူးပင်ကိုက်ညီလှပြီး အရောင်းသမားတိုင်း ဆောင်ထားသင့် သိထားသင့်သောနည်းနာကောင်းများဖြစ်သည်။ ဤစာအုပ်ကို Wisdom House စာအုပ်တိုက်က တန်ဖိုးငွေကျပ် ၁၅၀၀၀ ဖြင့် ထုတ်ဝေဖြန့်ချိထားသည်။


## လုမ္ဗိနီ

စာရေးသူ မောင်သံငြိမ်းရေးသားသည့် လုမ္ဗိနီစာအုပ်ထွက်ရှိလာသည်။

ဤစာအုပ်ကို ရှင်တော်ဂေါတမ မြတ်ဗုဒ္ဓ အလောင်းအလျာ သိဒ္ဓတ္ထမင်းသား ဖွားမြင်တော်မူရာ လုမ္ဗိနီဥယျာဉ်တည်ရှိသော နီပေါနိုင်ငံသို့ စာရေးသူ ၁၉၉၁ ခုနှစ်တွင် သံအမတ်ကြီးအဖြစ် ရောက်ရှိတာဝန်ထမ်းဆောင်စဉ် လုမ္ဗိနီဒေသအကြောင်း စာအုပ်စာတမ်းများကို ဖတ်ရှုမိရာမှ စာတမ်းအဖြစ် ပြုစုခဲ့ပြီး သံရုံးဝန်ထမ်းတစ်ဦး အမည်ခံ၍ ၁၉၉၂ ခုနှစ်တွင် စာအုပ်အဖြစ် ရေးသားဖြန့်ချိခဲ့သည်။

ထို့နောက် ၂၀၀၀ ပြည့်နှစ်တွင် ဒုတိယအကြိမ်၊ ၂၀၁၃ ခုနှစ်တွင် တတိယအကြိမ်၊ ၂၀၂၀ ပြည့်နှစ်တွင် စတုတ္ထအကြိမ်နှင့် ပဉ္စမအကြိမ်၊ ယခု ၂၀၂၆ ခုနှစ် ဩဂုတ်လတွင် ဆဋ္ဌမအကြိမ်အဖြစ် ထုတ်ဝေခြင်းဖြစ်သည်။

ဤစာအုပ်တွင် မြတ်ဗုဒ္ဓ၏ ဘဝဖြစ်စဉ်တွင် (ဖွား၊ ပွင့်၊ ဟော၊ စံ) ဟူသည့်သံဝေဇနိယလေးဌာနရှိသည့် အနက် ဖွားမြင်သည့် လုမ္ဗိနီဥယျာဉ်တည်ရှိရာ နီပေါနိုင်ငံဖြစ်သဖြင့် ဖွားမြင်တော်မူခြင်းနှင့် ဆက်စပ်ရာကိစ္စများကို ရေးသားဖော်ပြထားသည်။ အဆိုပါစာအုပ်ကို ဂျူတီစာပေက ထုတ်ဝေဖြန့်ချိထားသည်။




## မြေကို ပိုင်ဆိုင်မှု (Title) ရှိသည် ဆိုရာတွင်





စာရေးသူ ဦးမောင်မောင်ညွန့် ရေးသားထားသော မြေကို ပိုင်ဆိုင်မှု (Title) ရှိသည်ဆိုရာတွင် စာအုပ်ထွက်ရှိလာသည်။

ဤစာအုပ်တွင် မြေကိုပိုင်ဆိုင်မှုနှင့်စပ်လျဉ်း၍ အုပ်ချုပ်ရေးရှုထောင့်နှင့် တရားစီရင်ရေးရှုထောင့်တို့မှ ဆွေးနွေးတင်ပြထားသည်။ ထို့ပြင် Ownership, Title, Tenure တို့၏ ကွဲပြားခြားနားမှုများ၊ ကြေးတိုင်နှင့် မြေစာရင်းတွင် အမည်ပေါက်ခြင်းက Title ကို အမှန်တကယ် အာမခံနိုင်ခြင်း ရှိ မရှိ၊ Possession (လက်ရှိထားမှု) နှင့် Title (ပိုင်ဆိုင်မှု) တို့၏ ဥပဒေအရ ကွာခြားချက်၊ မြေခွန်ဆောင်ထားခြင်း၏ ဥပဒေအကျိုးသက်ရောက်မှု၊ အရပ်စာချုပ်ဖြင့် ဝယ်ယူထားသော မြေများအပေါ် တရားရုံးများ၏ သဘောထား၊ အုပ်ချုပ်ရေးအယူအဆနှင့် တရားစီရင်ရေးအယူအဆတို့ အဘယ်ကြောင့် ကွဲပြားနေသည် တို့ကို မြန်မာဘုရင်များလက်ထက် သမိုင်းအထောက်အထားများ၊ အင်္ဂလိပ်ခေတ် ဥပဒေပြဋ္ဌာန်းချက်များ၊ မြေစာရင်းလက်စွဲများနှင့် ခေတ်အဆက်ဆက်ထွက်ပေါ်ခဲ့သော 'အင်္ဂလိပ်-မြန်မာ' စီရင်ထုံးများကို အခြေခံ၍ စနစ်တကျ လေ့လာတင်ပြထားသည်။ ယခုစာအုပ်သည် မြေယာစီမံခန့်ခွဲသူများ၊ ဥပဒေပညာရှင်များ၊ ရှေ့နေရှေ့ရပ်များ၊ ဥပဒေကျောင်းသား ကျောင်းသူများအတွက် တန်ဖိုးရှိသော ရည်ညွှန်းလက်စွဲစာအုပ်တစ်အုပ် ဖြစ်သကဲ့သို့ မိမိ၏ မြေပိုင်ဆိုင်မှု အထောက်အထားများ ဥပဒေအရ မည်မျှခိုင်မာသည်ကို သိရှိလိုသူတိုင်း ဖတ်ရှုသင့်သောစာအုပ် ဖြစ်သည်။

ဤစာအုပ်ကို Wisdom House စာအုပ်တိုက်က တန်ဖိုးငွေကျပ် ၂၅၀၀၀ ဖြင့် ထုတ်ဝေဖြန့်ချိသည်။

## လက်တွေ့အသုံးချ ရှေ့နေပညာ




စာရေးသူ ဦးမြင့်ဝင်း (ရွှေဘို) ရေးသားထားသော လက်တွေ့အသုံးချ ရှေ့နေပညာစာအုပ် ထွက်ရှိလာသည်။

'တရားခွင်ဟူသည် အမှန်တရားတစ်ခုတည်းနှင့် အနိုင်ရသောနေရာမဟုတ်' ဆိုသည့် သဘောသဘာဝကို ဤစာအုပ်တွင် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးတင်ပြထားသည်။

ရှေ့နေတစ်ယောက်၏ လျှို့ဝှက်ချက်၊ တရားခွင်၏ အလွှာပေါင်းစုံနှင့် ဥပဒေရေးရာ နည်းဗျူဟာများကို လက်တွေ့ကျကျ လေ့လာလိုသူများ အကျိုးများမည့်စာအုပ်ဖြစ်သည်။

ဤစာအုပ်တွင် အမှုတစ်ခုကို ဆောက်တည်ခြင်း၊ ခုခံချေပခြင်းနှင့် စိတ်ဓာတ်ကြံ့ခိုင်မှု ပျိုးထောင်နည်း၊ နှုတ်ရေးပြိုင်ဆိုင်မှုထက် အချက်အလက်နှင့် သက်သေစစ်ဆေးမှု စနစ်တကျ ပြုလုပ်နည်း၊ လိမ်လည်ထွက်ဆိုချက်များကို ဖော်ထုတ်ရန်နှင့် အမှန်တရားကို အထောက်အထားဖြင့် သက်သေပြနည်း၊ ခိုင်မာသည့် ဥပဒေအကြောင်းပြချက်များဖြင့် တရားသူကြီးအား ဆွဲဆောင်နိုင်သည့် လျှောက်လဲချက် ရေးသားနည်း အစရှိသည့် စိတ်ဝင်စားဖွယ်ရာ အကြောင်းအရာများစွာပါဝင်သည်။

ဤစာအုပ်သည် ယခင်ထွက်ရှိခဲ့သော "ရှေ့နေပညာနိဒါန်း"စာအုပ်နှင့် "ရှေ့နေပညာ အသုံးချမှတ်စုများ" စာအုပ်တို့ကို စာဖတ်သူများ အလွယ်တကူ တစ်ပေါင်းတည်း ဖတ်ရှုနိုင်ရန် ပြန်လည်စီစဉ်ထုတ်ဝေထားခြင်းဖြစ်သည်။

ဤစာအုပ်ကို Wisdom House က တန်ဖိုးငွေကျပ် ၂၅၀၀၀ဖြင့် ထုတ်ဝေဖြန့်ချိသည်။

## စာအုပ်စာပေ လူ့မိတ်ဆွေ



ရွာငံမြို့နယ်၌ (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ခနောကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင် ဒုတိယရဲမှူးကြီး မင်းသိန်းနှင့် မြို့မစခန်းမှူးဒုရဲမှူးတို့ ဦးဆောင်၍ စက်တင်ဘာ ၅ ရက်က မြို့ဦးမင်္ဂလာကျောင်းကြီးအတွင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၅ ရက်က မွန်ပြည်နယ် ရေးမြို့နယ်ရန်ကြီးအောင်ရပ်ကွက် ရွှေဆံတော်ဘုရား ပြည်သူ့ရင်ပြင်၌ ရေးခရိုင်ရဲတပ်ဖွဲ့မှူး (ယာယီ) ဒုတိယရဲမှူးကြီး ထွန်းထွန်းဦး ကြီးကြပ်မှုဖြင့် ခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှ အရာရှိများနှင့် တပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ ရှင်းသန့်ဖြူ





(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်ညွန့်ဦးဆောင်ကြီးကြပ်မှုဖြင့် ရဲတပ်ဖွဲ့ဝင်မိသားစုဝင်များ စုပေါင်း၍ စက်တင်ဘာ ၅ ရက်က စစ်ကိုင်းမြို့ ပိုးတန်းရပ်ကွက်ရှိ သယာနော ရွှေသာလျောင်းဘုရားဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

ခရိုင်(ပြန်/ဆက်)

## ကလောမြို့နယ်၌ "လူကုန်ကူးမှုနောက်ကွယ်က လိမ်လည်မှုထောင်ချောက်တွေကိုတိုက်ဖျက်ကြ" ဆိုင်းဘုတ်ဖွင့်

ကလော စက်တင်ဘာ ၆

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်တွင် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၄ ရက်က အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းရှေ့၌ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ ဆောင်ပုဒ်ဖြစ်သည့် "လူကုန်ကူးမှုနောက်ကွယ်က လိမ်လည်မှုထောင်ချောက်တွေကို တိုက်ဖျက်ကြ" ဆိုင်းဘုတ်ဖွင့်လှစ်သည်။

အဆိုပါ ဆိုင်းဘုတ်ကို ကလောမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် မြို့မိမြို့ဖတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ကျော်ဝင်း(ပြန်/ဆက်)



# မြန်မာ့ပေါ်ဆန်းစပါး၏ အမွှေးရနံ့နှင့် မြေဆီလွှာ၊ အပင်အာဟာရ စီမံခန့်ခွဲမှု

**ပေါ်ဆန်းမွှေးသည် သင့်ပျံ့သောအနံ့၊ ကောင်းမွန်သောအရသာနှင့် ချက်ပြုတ်ပြီးချိန်တွင် ဆန်စေ့ရှည်ထွက်လာခြင်းစသည့် ထူးခြားသောအရည်အသွေးများကြောင့် ပြည်တွင်း၌ လူကြိုက်များပြီး ဈေးနှုန်းမြင့်မားစွာရရှိသည့် စပါးမျိုးဖြစ်သည်။ နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရာတွင် "မြန်မာ့ပုလဲဆန်" ဟုလည်း ခေါ်ဝေါ်ကြသည်။**

ဒေါက်တာဝင်းသီတာဦး (စိုက်/သု)

**"ပေါ်ဆန်းစပါးကဲ့သို့ အနံ့မွှေးစပါးများတွင် အနံ့ရရှိမှုသည် စပါးမျိုး၏ မျိုးရိုးဗီဇအချက်အလက်များသာမက မြေဆီလွှာအမျိုးအစား၊ သက်မဲ့ပတ်ဝန်းကျင်ဆိုင်ရာဖိစီးမှုတွင် အပူချိန်၊ စိုထိုင်းဆ၊ နေရောင်ခြည်၊ ရေရရှိမှုအခြေအနေများ (ရေငတ်ဒဏ်ခံနိုင်ခြင်း)၊ ဆားငန်ဒဏ်ခံနိုင်ခြင်း၊ အပင်ပြုစုမှုနည်းစနစ်များ၊ ရိတ်သိမ်းချိန်၊ ပန်းပွင့်ချိန်၊ ရိတ်သိမ်းချိန်လွန် နည်းပညာများဖြစ်သည့် အခြောက်ခံခြင်း၊ ကြိတ်ခွဲခြင်း၊ ထုပ်ပိုးခြင်း၊ သိုလှောင်သည့် အခြေအနေများ စသည်တို့အပေါ်၌လည်း များစွာမူတည်သည်"**

ပေါ်ဆန်းစပါးမျိုးသည် အလင်းရောင်တန်ပြန်မှုရှိသော ရာသီစပါးမျိုးဖြစ်ပြီး မူရင်းပေါ်ဆန်းစပါးသုံးမျိုးမှာ ပေါ်ဆန်းရင်၊ ပေါ်ဆန်းဘေးကြားနှင့် ပေါ်ဆန်းမွှေးတို့ ဖြစ်ကြသည်။ မြန်မာနိုင်ငံတွင် ဧရာဝတီတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အဓိကထား၍ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးကြပြီး ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်၊ ယခုအခါ နေပြည်တော်ဒေသတို့တွင်လည်း စိုက်ပျိုးလာကြပြီဖြစ်သည်။ ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးရာသီတွင် ပေါ်ဆန်းစပါးကို ဧကအားဖြင့် ၁ ဒသမ ၃ သန်းကျော် စိုက်ပျိုးခဲ့ပြီး နိုင်ငံ၏ စုစုပေါင်းမိုးစပါး စိုက်ဧရိယာ၏ ၉ ရာခိုင်နှုန်းကျော်ခန့်ရှိကြောင်း သိရသည်။

**အပင်အာဟာရဓာတ်များ၏ အရေးပါမှု**

သီးနှံအပင်များ ကျန်းမာစွာကြီးထွားရန်၊ ရောဂါနှင့် ပတ်ဝန်းကျင်ဖိစီးမှုဒဏ်ခံနိုင်ရည်ရှိရန်၊ အထွက်နှုန်းနှင့် အရည်အသွေးပြည့်မီသည့် ထုတ်ကုန်များရရှိရန်အတွက် အပင်အာဟာရဓာတ်များသည် မရှိမဖြစ်လိုအပ်သည်။

အပင်များအတွက် မရှိမဖြစ်လိုအပ်သော အာဟာရဒြပ်စင် ၁၇ မျိုးအနက် ကာဗွန်၊ ဟိုက်ဒရိုဂျင်နှင့် အောက်ဆီဂျင်တို့ကို အဓိကအားဖြင့် လေနှင့် ရေမှရရှိပြီး ကျန်အာဟာရဓာတ်များကို မြေဆီလွှာမှ ရရှိသည်။ ပေါ်ဆန်းစပါး၏ အထွက်နှုန်းသာမက အရည်အသွေးနှင့် အမွှေးရနံ့ ကောင်းမွန်စေရန်အတွက်လည်း အာဟာရဓာတ်များကို မျှတစွာရရှိစေရေး ဆောင်ရွက်ပေးရန် လိုအပ်သည်။

**မြေဆီလွှာအမျိုးအစားနှင့် အမွှေးရနံ့ထွက်ရှိမှု**

ပုံမှန်အားဖြင့် စိုက်ပျိုးမြေဆီလွှာတွင် ရုပ်ဂုဏ်သတ္တိ၊ ဓာတ်ဂုဏ်သတ္တိနှင့် ဇီဝဂုဏ်သတ္တိများပါရှိပြီး မြေဆီလွှာထဲတွင် ယေဘုယျအားဖြင့် အဓိက ပါဝင်ပစ္စည်းလေးမျိုးဖြင့် ဖွဲ့စည်းထားရာ သတ္တုဓာတ်အမှုန်အမွှားများ ၄၅ ရာခိုင်နှုန်း၊ ရေ ၂၅ ရာခိုင်နှုန်း၊ လေ ၂၅ ရာခိုင်နှုန်းနှင့် အခြားအော်ဂဲနစ်ဒြပ်ပစ္စည်းများ ၅ ရာခိုင်နှုန်းခန့် ပါဝင်သည်။

ပေါ်ဆန်းစပါး၏ အနံ့နှင့်အရည်အသွေးကို မြှင့်တင်ရာတွင် မြေဆီလွှာအမျိုးအစားကိုလည်း ထည့်သွင်းစဉ်းစားရန်လိုသည်။ ရေထိန်းနိုင်စွမ်းကောင်းပြီး အာဟာရဓာတ်များ လုံလောက်စွာ ထိန်းသိမ်းပေးနိုင်သည့် မြေဩဇာကြွယ်ဝသော နုန်းတင်မြေနု၊ နုန်းဆန်သော မြေ/မြေစေးသမ၊ နုန်းရွှံ့မြေနှင့် သဲနုန်းမြေများသည် သင့်တော်သော်လည်း အီတလီနိုင်ငံ၊ Pavia ၏သုတေသနအရ သဲပါဝင်မှုမြင့်မားပြီး ရွှံ့စေးပါဝင်မှုနည်းသော မြေများတွင် အနံ့မွှေးဒြပ်ပေါင်း 2-acetyl-1-pyrroline (2AP)ပါဝင်မှု ပိုမိုမြင့်မားနိုင်ကြောင်း တွေ့ရှိရသည်။ ထိုင်းစံပယ်ရနံ့စပါး၌လည်း နုန်းဆန်သဲမြေတွင် အနံ့ပိုမိုမွှေးကြိုင်ပြီး ရွှံ့စေးမြေများတွင် အနံ့နည်းပါးကြောင်း တွေ့ရှိထားသည်။ မိုးကောင်းသောက်ဒေသများတွင် ရွှံ့စေးပါဝင်မှုမြင့်မားသောမြေထက် သဲပါဝင်မှုမြင့်မားသော မြေဆီလွှာ၌ စိုက်ပျိုးပါက အနံ့ဒြပ်ပေါင်း 2AP ပမာဏ ပိုမိုမြင့်မားစွာ တွေ့ရှိရသည်။

ထို့ကြောင့် "အနံ့မွှေးစပါးအတွက် မြေစေးသမမြေသည် အမြဲတမ်းအကောင်းဆုံး"ဟု တစ်ချက်တည်း သတ်မှတ်၍မရဘဲ စပါးမျိုး၊ ရာသီဥတု၊ ရေ၊ မြေဆီလွှာနှင့် စိုက်ပျိုးစီမံခန့်ခွဲမှုတို့ကို ပေါင်းစပ်စဉ်းစားရန် လိုအပ်သည်။



**မြေဆီလွှာ ချဉ်/ငန်ကိန်း (pH)**

မြေဆီလွှာ၏ ချဉ်/ငန်ကိန်းသည်လည်း အပင်အာဟာရဓာတ်များ ရရှိနိုင်မှုနှင့် စပါးပင်၏ကြီးထွားဖွံ့ဖြိုးမှုအပေါ် သက်ရောက်မှုရှိသည်။ လေ့လာချက်များအရ မြန်မာ့ပေါ်ဆန်းမွှေးစပါးတွင် pH ၅ ဒသမ ၂ မှ ၅ ဒသမ ၉ အတွင်း စိုက်ပျိုးပါက pH ၆ ဒသမ ၅ တွင် စိုက်ပျိုးခြင်းထက် အနံ့ပိုမိုမွှေးကြောင်းဖော်ပြထားသည်။ သို့သော် pH တန်ဖိုးတစ်ခုတည်းကို အခြေခံ၍ မြေဆီလွှာစီမံခန့်ခွဲခြင်းမပြုသင့်ပါ။ မြေ၏ အာဟာရဓာတ်အခြေအနေ၊ အော်ဂဲနစ်ပစ္စည်းပါဝင်မှု၊ ရေထိန်းနိုင်စွမ်းနှင့် စပါးမျိုး၏ လိုအပ်ချက်တို့ကိုပါ မြေဆီလွှာစစ်ဆေးမှုနှင့်အတူ ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။



**အနံ့မွှေးမှုအတွက်မျိုးရိုးဗီဇနှင့် ပတ်ဝန်းကျင်အခြေအနေ**

ပေါ်ဆန်းစပါးကဲ့သို့ အနံ့မွှေးစပါးများတွင် အနံ့ရရှိမှုသည် စပါးမျိုး၏ မျိုးရိုးဗီဇအချက်အလက်များသာမက မြေဆီလွှာအမျိုးအစား၊ သက်မဲ့ပတ်ဝန်းကျင်ဆိုင်ရာဖိစီးမှုတွင် အပူချိန်၊ စိုထိုင်းဆ၊ နေရောင်ခြည်၊ ရေရရှိမှုအခြေအနေများ (ရေငတ်ဒဏ်ခံနိုင်ခြင်း)၊ ဆားငန်ဒဏ်ခံနိုင်ခြင်း၊ အပင်ပြုစုမှုနည်းစနစ်များ၊ ရိတ်သိမ်းချိန်၊ ပန်းပွင့်ချိန်၊ ရိတ်သိမ်းချိန်လွန် နည်းပညာများဖြစ်သည့် အခြောက်ခံခြင်း၊ ကြိတ်ခွဲခြင်း၊ ထုပ်ပိုးခြင်း၊ သိုလှောင်သည့် အခြေအနေများ စသည်တို့အပေါ်၌လည်း များစွာမူတည်သည်။

အနံ့မွှေးမှုကို အဓိကဆုံးဖြတ်ပေးသည့် ဒြပ်ပေါင်းမှာ 2AP ဖြစ်သဖြင့် အနံ့မွှေးစပါးများ၏ အရည်အသွေးကိုမြှင့်တင်လိုပါက 2AP ဖြစ်ပေါ်မှုကို အထောက်အကူပြုနိုင်သည့် မျိုးရိုးဗီဇနှင့် ပတ်ဝန်းကျင်အခြေအနေများကို နားလည်ပြီး စိုက်ပျိုးရေးနည်းစနစ်များကို စနစ်တကျစီမံရန် လိုအပ်သည်။ စပါးပင်အတွင်း အနံ့မွှေးစေသည့် 2AP ဖြစ်ပေါ်မှုသည် သီးခြားနိုက်ထရိုဂျင် ဓာတ်ပေါင်းများပါဝင်သော ဇီဝဖြစ်စဉ်များမှတစ်ဆင့် အဓိကဖြစ်ပေါ်ခြင်းဖြစ်သည်။

**အပူချိန်နှင့် အမွှေးရနံ့**

အနံ့မွှေးစပါးများ၏ အမွှေးရနံ့သည် စိုက်ပျိုးသည့်ဒေသ၏ အပူချိန်၊ စိုထိုင်းဆ၊ နေရောင်ခြည်နှင့် ရေရရှိမှုတို့အပေါ်မူတည်သည်။ မြန်မာ့ပေါ်ဆန်းမွှေးစပါးတွင် နေ့အပူချိန် ၃၀ မှ ၃၅ ဒီဂရီစင်တီဂရိတ်၊ ညအပူချိန် ၂၂ မှ ၂၅ ဒီဂရီစင်တီဂရိတ်နှင့် နေ့နှင့်ညအပူချိန်ကွာခြားချက် ၁၀ မှ ၁၅ ဒီဂရီစင်တီဂရိတ်ခန့်ရှိပါက 2AP ပါဝင်မှုပိုမိုမြင့်မားပြီး အနံ့ပိုမွှေးသည်။

ရွှေဘိုဒေသမှထွက်ရှိသည့် ပေါ်ဆန်းစပါး၏ စိုက်ပျိုးချိန် အပင်သက်တမ်း (လေးလမှ ငါးလ) တစ်လျှောက်လုံးတွင် အပူချိန် ၂၀-၃၅ ဒီဂရီစင်တီဂရိတ်အတွင်းရှိရန် လိုအပ်သည်။ ထို့ကြောင့် ရွှေဘိုဒေသရှိ တောင်သူများသည် များသောအားဖြင့် ဇူလိုင် (၁၅-၂၀) ရက်နေ့အတွင်း ပျိုးထောင်ပြီး ပျိုးသက် ၂၅ မှ ၃၀ ရက်သားခန့်တွင် ပြောင်းရွှေ့စိုက်ပျိုးခြင်းဖြင့် ပန်းပွင့်ချိန်တွင် အပူချိန် ၂၀ ဒီဂရီစင်တီဂရိတ်အောက်မကျစေရန်ရည်ရွယ်ပြီး စပါး၏ အမွှေးနံ့သာမက အထွက်နှုန်းပါ တိုးတက်စေရန်အတွက် စိုက်ပျိုးလေ့ရှိကြသည်။ ထိုသို့ စိုက်ပျိုးချိန်ကို စနစ်တကျရွေးချယ်ခြင်းသည် အနံ့အရည်အသွေးနှင့် အထွက်နှုန်း နှစ်မျိုးစလုံးအတွက် အရေးပါသည်။

**အရည်အသွေးမြင့် ပေါ်ဆန်းဆန်အတွက် ရေရှည်စီမံခန့်ခွဲမှု**

မြန်မာ့ပေါ်ဆန်းစပါးသည် ပြည်တွင်းစားသုံးသူများ၏ နှစ်သက်မှုကို ရရှိထားသည့် အရည်အသွေးမြင့် ဒေသစပါးမျိုးတစ်ခုသာမက နိုင်ငံတကာဈေးကွက်တွင် မြန်မာနိုင်ငံ၏ ဆန်အရည်အသွေးကို ကိုယ်စားပြုနိုင်သည့် အရေးပါသော စပါးမျိုးတစ်မျိုးလည်း ဖြစ်သည်။ ထို့ကြောင့် အထွက်နှုန်းကိုသာ ဦးစားပေးခြင်းထက် အမွှေးရနံ့၊ အရသာ၊ ဆန်စေ့အရည်အသွေးနှင့် သိုလှောင်နိုင်မှုတို့ကိုပါ ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။

ထို့အပြင် မြေဆီလွှာ၏ ကျန်းမာရေးကို ရေရှည်ထိန်းသိမ်းနိုင်ရန် သီးနှံအလှည့်ကျ စိုက်ပျိုးခြင်း၊ သဘာဝမြေဩဇာနှင့် မြေဆွေးများ ပြုလုပ်အသုံးပြုခြင်း၊ သီးနှံအကြွင်းအကျန်များကို စနစ်တကျ ပြန်လည်အသုံးချခြင်းနှင့် ရေကို ထိရောက်စွာ စီမံအသုံးပြုခြင်းတို့ကိုလည်း တောင်သူများအနေဖြင့် လိုက်နာကျင့်သုံးသင့်သည်။

မြန်မာ့ပေါ်ဆန်းစပါး၏ တန်ဖိုးသည် ၎င်း၏ထူးခြားသော အမွှေးရနံ့၊ အရသာနှင့် ဆန်အရည်အသွေးတို့တွင် တည်ရှိနေသဖြင့် ၎င်းတို့ကိုထိန်းသိမ်းမြှင့်တင်နိုင်ရန် မျိုးဗီဇ၊ မြေဆီလွှာ၊ အပူချိန်၊ ရေ၊ အပင်အာဟာရ၊ စိုက်ပျိုးချိန်နှင့် စိုက်ပျိုးပြုစုမှုနည်းစနစ်များကို ပေါင်းစပ်စီမံရန်လိုအပ်သည်။ ပေါ်ဆန်းစပါးစိုက်ပျိုးသူ တောင်သူများအနေဖြင့် "မြေဩဇာများများထည့်လျှင် အထွက်များမည်" ဆိုသည့် အယူအဆထက် **"မြေကိုသိ၊ အပင်လိုအပ်ချက်ကိုသိ၊ လိုအပ်သလောက်သာ ထည့်သုံး"**ဆိုသည့် စနစ်တကျ အာဟာရဓာတ်စီမံခန့်ခွဲမှုကို ကျင့်သုံးသင့်သည်။

**နိုက်ထရိုဂျင်မြေဩဇာကို လွန်ကဲစွာ မသုံးသင့်**

အမွှေးနံ့ပါသောစပါးများတွင် အဓိကအနံ့ဓာတ်ပေါင်းဖြစ်သည့် 2AP ဖြစ်ပေါ်မှုသည် အပင်အတွင်းရှိ အာဟာရဓာတ်များ၊ ဇီဝဖြစ်စဉ်များနှင့် ဆက်စပ်နေသည့်အတွက် အာဟာရဓာတ်များနှင့် ရှေ့ပြေးဓာတ်ပေါင်းများကို အပင်၏လိုအပ်ချက်နှင့်အညီ စီမံပေးရန် လိုအပ်သည်။

အထူးသဖြင့် နိုက်ထရိုဂျင်မြေဩဇာကို လွန်ကဲစွာအသုံးပြုခြင်းသည် စပါး၏ အရည်အသွေးနှင့် အမွှေးရနံ့အပေါ် မျှော်မှန်းထားသည့် ရလဒ်ကို မရရှိနိုင်သည့် အခြေအနေများ ဖြစ်ပေါ်နိုင်သည်။ ထို့ကြောင့် ပေါ်ဆန်းစပါးစိုက်ပျိုးရာတွင် ပုလဲဓာတ်မြေဩဇာအပါအဝင် နိုက်ထရိုဂျင်ပါဝင်သည့် ဓာတ်မြေဩဇာများကို မိမိမြေ၏ အာဟာရအခြေအနေ၊ စပါးမျိုးနှင့် အထွက်ရည်မှန်းချက်တို့အပေါ် အခြေခံ၍ သင့်တော်သော နှုန်းထားဖြင့်သာ အသုံးပြုသင့်သည်။

**ဘက်စုံအာဟာရဓာတ်စီမံခန့်ခွဲမှုလိုအပ်**

မြန်မာ့ပေါ်ဆန်းစပါးစိုက်ပျိုးရာတွင် အထွက်တိုးစေရန် ရည်ရွယ်၍ ဓာတုမြေဩဇာများကိုသာ လွန်ကဲစွာ အားထားအသုံးပြုခြင်း၊ သဘာဝမြေဩဇာအသုံးပြုမှု နည်းပါးခြင်းနှင့် အနည်းလိုအာဟာရဓာတ်များကို လျစ်လျူရှုခြင်းတို့သည် မြေဆီလွှာ ကျန်းမာရေးနှင့် စပါးအရည်အသွေးအတွက် အဟန့်အတားများ ဖြစ်စေနိုင်သည်။

ထို့ကြောင့် ဘက်စုံအာဟာရဓာတ် စီမံခန့်ခွဲမှုစနစ်ကို ကျင့်သုံးရန် အရေးကြီးသည်။ ဓာတုမြေဩဇာများကို လိုအပ်သည့်ပမာဏအတိုင်း အသုံးပြုခြင်းနှင့်အတူ နွားချေး၊ သီးနှံအကြွင်းအကျန်များမှ ပြုလုပ်ထားသော မြေဆွေး၊ တီကျစ်မြေဩဇာ စသည့်အော်ဂဲနစ်မြေဩဇာများကို ပေါင်းစပ်အသုံးပြုခြင်းဖြင့် မြေဆီလွှာ၏ ရုပ်ပိုင်း၊ ဓာတုနှင့် ဇီဝဆိုင်ရာ ကျန်းမာရေးကို ထိန်းသိမ်းနိုင်မည်ဖြစ်သည်။

**မြေနမူနာစစ်ဆေးပြီးမှ မြေဩဇာထည့်ပါ**

ပေါ်ဆန်းစပါး၏ အရည်အသွေးကောင်းမွန်စေရန်နှင့် အမွှေးရနံ့ ကောင်းမွန်စေရန် အရေးကြီးဆုံးမှာ မိမိစိုက်ပျိုးမည့်မြေ၏ အခြေအနေကို ဦးစွာသိရှိရန်ဖြစ်သည်။ ထို့ကြောင့် စိုက်ပျိုးရာသီမတိုင်မီ မြေနမူနာယူ၍ ဓာတ်ခွဲခန်းတွင် မြေဆီလွှာ၏ ချဉ်/ငန်ကိန်း (pH)၊ သစ်ဆွေးဓာတ်ပါဝင်မှုနှင့် အာဟာရဓာတ်များကို စစ်ဆေးသင့်သည်။

မြေစစ်ဆေးမှုရလဒ်အပေါ်အခြေခံ၍ လိုအပ်သောအာဟာရဓာတ်ကိုသာ လိုအပ်သည့် ပမာဏ၊ သင့်တော်သည့်အချိန်နှင့်နည်းလမ်းမှန်အတိုင်း ထည့်သွင်းပေးခြင်းသည် မြေဩဇာကုန်ကျစရိတ်ကို လျှော့ချနိုင်သည့်အပြင် အပင်အာဟာရဓာတ် မျှတစွာရရှိစေပြီး စပါးအထွက်နှုန်းနှင့် မွှေးရနံ့အပါအဝင် အခြားအရည်အသွေးများကိုလည်း တိုးတက်စေနိုင်သည်။

ကျန်းမာသော မြေဆီလွှာ၊ မျှတသော အပင်အာဟာရနှင့် သင့်တော်သော စိုက်ပျိုးပြုစုမှုတို့ဖြင့် မြန်မာ့ပေါ်ဆန်းစပါး၏ ထူးခြားသော အမွှေးရနံ့နှင့် ဆန်အရည်အသွေးကို ထိန်းသိမ်းမြှင့်တင်နိုင်မည့်အပြင် တောင်သူများ၏ဝင်ငွေတိုးတက်လာစေရုံသာမက မြန်မာ့ပေါ်ဆန်းဆန်ကို ပြည်တွင်းဈေးကွက်တွင်ရော နိုင်ငံတကာဈေးကွက်တွင်ပါ အရည်အသွေးမြင့် မြန်မာ့ထုတ်ကုန်တစ်ခုအဖြစ် ရေရှည်တည်တံ့စွာ ရပ်တည်နိုင်စေရန် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။

**❖ ၄၀ ကီလိုမီတာမှ**

ပြိုင်ပွဲကျင်းပရာတွင် ၄၀ ကီလိုမီတာ ခရီးရှည်မြင်းစီးအားကစား အရည်အချင်းစစ်ပြိုင်ပွဲကို မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီက Flag-off အလံလွှင့်ခြင်းနှင့် မြင်းစီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးပြုံးမောင်မောင်က ခေါင်းလောင်းတီးခြင်းတို့ဖြင့် တစ်ပြိုင်တည်းတာလွှတ်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြသည်။

အဆိုပါပြိုင်ပွဲကို ပြိုင်ပွဲဝင်အားကစားသမားရှစ်ဦးနှင့် မြင်းရှစ်ကောင် စုစုပေါင်းပြိုင်ပွဲဝင်အတွဲ ရှစ်တွဲ ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲဝင်အားကစားသမားများနှင့် မြင်းများက သတ်မှတ်ထားသော Water Point နေရာသို့ရောက်ရှိသည့်အခါ မြင်းများအား ရေလောင်းပေးခြင်း/ရေတိုက်ခြင်း၊ ပထမလမ်းပိုင်း ၂၀ ကီလိုမီတာအတွက် ပြိုင်ပွဲကွင်းနေရာသို့ပြန်လည်ရောက်ရှိသတင်းပို့ခြင်း၊ မြင်းများအား ရေလောင်းပေးခြင်း/ရေတိုက်ခြင်း၊ တိရစ္ဆာန်ကုဆရာဝန် (Vet)အဖွဲ့က ကျန်းမာရေးစစ်ဆေးခြင်းနှင့် သက်ဆိုင်ရာ ဒိုင်လူကြီးအဖွဲ့တို့က မြင်းများအား (အဝင်/အထွက်) မှတ်ပုံတင်စစ်ဆေးခြင်းများ ဆောင်ရွက်ကြသည်။

ဆက်လက်၍ ဒုတိယလမ်းပိုင်း ၂၀ ကီလိုမီတာအတွက် ပြိုင်ပွဲဝင်အားကစားသမားများနှင့်မြင်းများ သတ်မှတ်အချိန်တွင် ပြန်လည်ထွက်ခွာကြပြီး သတ်မှတ်ထားသော Water Point နေရာသို့ရောက်ရှိသည့်အခါ မြင်းများအား ရေလောင်းပေးခြင်း/ရေတိုက်ခြင်းတို့ ဆောင်ရွက်ပေးပြီး မြင်းစီးအားကစားကွင်းရှိသတ်မှတ်နေရာတွင် ပန်းဝင်ကြကာ တိရစ္ဆာန်ကုဆရာဝန် (Vet)အဖွဲ့က ဒုတိယအကြိမ် ထပ်မံ၍ ကျန်းမာရေးစစ်ဆေးခြင်းနှင့် သက်ဆိုင်ရာ ဒိုင်လူကြီးအဖွဲ့တို့က မြင်းများအား (အဝင်/အထွက်) မှတ်ပုံတင်စစ်ဆေးခြင်းတို့ ဆောင်ရွက်ကြသည်။

စစ်ဆေးမှုများအပြီးတွင် ၄၀ ကီလိုမီတာ ခရီးရှည်မြင်းစီး အရည်အချင်းစစ်ပြိုင်ပွဲ အောင်မြင်ခဲ့သည့် အားကစားသမားများနှင့် မြင်းများအား အရည်အချင်းစစ်ဆေးမှုအောင်မြင်ကြောင်း အောင်လက်မှတ်များ ပေးအပ်ပွဲကျင်းပရာ တာဝန်ရှိသူများက စစ်ဆေးမှုရလဒ်များကို ရှင်းလင်းဆွေးနွေးပြီး မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးပြုံးမောင်မောင်က ပြိုင်ပွဲဝင်အားကစားသမားများနှင့် မြင်း ရှစ်တွဲတို့အနက် အရည်အချင်းစစ်ဆေးမှုအောင်မြင်ခဲ့သော အားကစားသမားများဖြစ်ကြသည့် လင်းပြည့်သူနှင့် မြင်းအမည် ရတနာထွန်းတို့အတွဲ၊ ကျော်တိုးလင်းနှင့် မြင်းအမည် တော်ဝင်ထွန်းတို့အတွဲ၊ ထူးထက်လွင်နှင့် မြင်းအမည် မဟာထွန်းတို့အတွဲ၊ အောင်မြတ်ဇော်နှင့် မြင်းအမည် ဇယံထွန်းတို့အတွဲ၊ မြတ်သူထက်နှင့် မြင်းအမည် ဘဂျမ်းတို့အတွဲ၊ အောင်ကျော်ဇင်နှင့် မြင်းအမည် စိန်ဇက်ကြားတို့အတွဲ၊ ရဲပိုင်ဦးနှင့် မြင်းအမည် သိဒ္ဓိထွန်းတို့အတွဲ စုစုပေါင်းအားကစားသမားနှင့် မြင်း ခုနစ်တွဲအတွက် အရည်အချင်းစစ်အောင်လက်မှတ်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

**❄ ရှိုင်ရယ်-ဒီမှ**

ဦးစွာ (၅၁)ကီလိုတန်းပြိုင်ပွဲများတွင် စည်သူဖြိုး(ဒို့ရိုးရာ)နှင့် ဆလိုင်းထန်ခွီးရှိန်(ကျားမနိုင်)တို့ ထိုးသတ်ကွက်များ စုံလင်စွာဖြင့် အကြိတ်အနယ် အပြန်အလှန်ထိုးသတ်ကြရာ ငါးချီအချိုပြည့်သည်အထိ အလဲထိုးနိုင်ခြင်းမရှိသဖြင့် ဒိုင်များ၏အမှတ်ဖြင့် ဆလိုင်းထန်ခွီးရှိန်က လည်းကောင်း၊ ဂေါဇက(ရိုးရာစွမ်းအား)နှင့် အောင်ကိုဦး(YKB Club)တို့ပွဲစဉ်၌ ပထမအချီ ၁ မိနစ် ၂၅ စက္ကန့်တွင် ဂေါဇက၏ အောက်ခြေခတ်မှုကြောင့် အောင်ကိုဦး အမှတ်စဉ်ရေတွက်ခံရပြီး ပြန်မထနိုင်ဘဲဖြစ်ရာ ဒိုင်ပွဲရပ်ဖြင့် ဂေါဇကကလည်းကောင်း အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

(၅၄)ကီလိုတန်းပွဲစဉ်များတွင် အောင်ထွန်းဘို(ဒို့ရိုးရာ)၏ တိုက်စစ်ဆင်ထိုးသတ်ချက်များကြောင့် ကိုကို(ဘိလပ်မြေစက်ရုံ) ပထမအချီမှာပင် အမှတ်စဉ် နှစ်ကြိမ်ရေတွက်ခံရပြီး အနားတောင်းခဲ့ရကာ တတိယအချီ ၂ မိနစ် ၁၉ စက္ကန့်တွင် အောင်ထွန်းဘိုက အလဲထိုးဖြင့်လည်းကောင်း၊ မြလုံးချော (စိန်လက်သီး)က နိုင်အောင်ရှင်(ခေးယုဝါး)ကို လေးချီမြောက်တွင် အလဲထိုးဖြင့်လည်းကောင်း အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့တက်လှမ်းနိုင်ခဲ့သည်။

(၅၇)ကီလိုတန်းတွင် ကျော်ဝေယံထွန်း(Top One)က အောင်ကောင်း(ဘိလပ်မြေစက်ရုံ)ကို တတိယအချီတွင် အလဲထိုးဖြင့်အနိုင်ရရှိပြီး အာဖရိက(555 Sports)နှင့် အောင်ထက်ဦး(အို့ရိုးရာ)တို့ပွဲမှာ ငါးချီပြည့်သည်အထိ အနိုင်အရှုံးမပေါ်သဖြင့် ဒိုင်များ၏အမှတ်ဖြင့် အာဖရိကက အနိုင်ရရှိခဲ့သည်။

(၆၀)ကီလိုတန်းတွင် စီတိုး(ခေးယုဝါး)က အောင်ဇော်မျိုး (ဘိလပ်မြေစက်ရုံ)ကို တတိယအချီ ၁ မိနစ် ၅၃ စက္ကန့်တွင် အလဲထိုးဖြင့်လည်းကောင်း၊ သန့်ဇင်(Python တော်ဝင်ရော)က ဒေါနဟိန်း(Warriors)ကို ဒုတိယအချီ ၁ မိနစ် ၃၇ စက္ကန့်တွင်အလဲထိုးဖြင့်လည်းကောင်း၊ (၆၃ ဒသမ ၅)ကီလိုတန်းတွင် ထူးကညော(YKB)က ကြယ်စင်ထွန်း(Warriors)ကို အမှတ်ဖြင့်လည်းကောင်း၊ ရဲလင်းဦး(Vanguard)က ဘစိုးဝဏ္ဏကို ငါးချီမြောက်တွင် အလဲထိုးဖြင့်လည်းကောင်း၊ (၆၇)ကီလိုတန်းတွင် အဖိုးသွေး(ခေးယုဝါး)က ထွန်းနိုင်ဦး(STL)ကို ဒုတိယအချီတွင် အလဲထိုးဖြင့်လည်းကောင်း၊ ကညောခွား(ဘိလပ်မြေစက်ရုံ)က ရှင်းထက်(ဇာထက်-မိတ္ထီလာ)ကို အမှတ်ဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။

အဆိုပါပြိုင်ပွဲ၏ ဗိုလ်လုပွဲစဉ်များကို စက်တင်ဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီတွင် သိမ်ဖြူရိုးရာလက်ဝှေ့ရုံ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုထက်**

# အာရှဖလား ယူ-၂၀ ခြေစစ်ပွဲ Development phase တွင် မြန်မာ ယူ-၂၀ အသင်း မော်လ်ဒိုက်ကို ဂိုးဒါဇင်ဝက်သွင်းယူပြီး အုပ်စုပထမရရှိ

**ရန်ကုန် စက်တင်ဘာ ၆**

၂၀၂၇ အာရှဖလား ယူ-၂၀ ခြေစစ်ပွဲ Development phase အုပ်စု (K) နောက်ဆုံးနေ့ကို စက်တင်ဘာ ၆ ရက်က ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ကျင်းပရာ မြန်မာအသင်းက မော်လ်ဒိုက်အသင်းကို ခြောက်ဂိုးပြတ်အနိုင်ရရှိသည်။



မြန်မာအသင်းနှင့် မော်လ်ဒိုက်အသင်းတို့ ယှဉ်ပြိုင်စဉ်။

မြန်မာအသင်းနှင့် မော်လ်ဒိုက်အသင်းသည် အုပ်စုဒုတိယပွဲပြီးကတည်းက နောက်တစ်ဆင့် တက်ရောက်ထားပြီး ဖြစ်သောကြောင့် အုပ်စုပထမနေရာအတွက်သာ ယှဉ်ပြိုင်ကစားခဲ့ပြီး မြန်မာအသင်းက ဂိုးဒါဇင်ဝက်သွင်းပြီး ရာနှုန်းပြည့်နိုင်ပွဲဖြင့် အုပ်စုပထမနေရာရယူနိုင်ခဲ့သည်။

မြန်မာအသင်းသည် အုပ်စုပထမနေရာရသော်လည်း Development phase တွင် ကစားရသဖြင့် ၂၀၂၇ ပြိုင်ပွဲအတွက် ခြေစစ်ပွဲ အောင်မြင်ခွင့်မရှိဘဲ ၂၀၂၉ ပြိုင်ပွဲတွင် တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်မည့် Qualification phase ကို တက်ရောက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ မြန်မာအသင်းအနေဖြင့် ပုံစံကောင်းရရန် ရန်းကန်ခဲ့ရသော်လည်း အုပ်စုသုံးပွဲစလုံး အနိုင်ရခဲ့သည့်အပြင် ၁၇ ဂိုးအထိ သွင်းယူကာ ပေးဂိုးမရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။

မြန်မာ ယူ-၂၀ အသင်းသည် နောက်တစ်ဆင့်တက်ရောက်ပြီးဖြစ်သော်လည်း အမာခံကစားသမားအများစုဖြင့် ပွဲထွက်ခဲ့ပြီး အနိုင်ရရှိရေး အားထည့်ကစားခဲ့သည်။ ၁၀ မိနစ်တွင် မြန်မာအသင်း အဖွင့်ဂိုးရခဲ့ပြီး စိုင်းဘိုဘိုကျော်က ပိတ်သွင်း ယူခဲ့ခြင်းဖြစ်သည်။ ဂိုးရပြီးနောက်ပိုင်းတွင် အပြန်အလှန် တိုက်စစ်ဆင်ကစားနိုင်သော်လည်း ၂၁ မိနစ်တွင် သူရမင်းသန့်က မြန်မာအသင်းအတွက် ဒုတိယဂိုးထပ်သွင်းကာ ပထမပိုင်းအပြီးတွင် နှစ်ဂိုးပြတ်ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင်လည်း မြန်မာအသင်းကသာ ပွဲကိုထိန်းချုပ်ကစားနိုင်ခဲ့ပြီး လေးဂိုးအထိ ထပ်မံသွင်းယူနိုင်ခဲ့သည်။ မြန်မာအသင်းအတွက် အနိုင်ဂိုးများကို ၅၂ မိနစ်တွင် သူရမင်းသန့်၊ ၅၆ မိနစ်တွင် ကြယ်ရောင်မင်းလေး၊ မိနစ် ၇၀ တွင် ကောင်းခန့်ကျော်၊ ၈၅ မိနစ်တွင် စွမ်းဇာနည်တို့က သွင်းယူခဲ့သည်။

**တက်ရောက်ခွင့်ရခဲ့**

အုပ်စု (K) ပွဲစဉ်များအပြီးတွင် မြန်မာအသင်းက သုံးပွဲစလုံး အနိုင်ရပြီး ရမှတ်ကိုးမှတ်ဖြင့် ပထမ၊ မော်လ်ဒိုက်အသင်းက ခြောက်မှတ်ဖြင့် အုပ်စုဒုတိယရရှိကာ ၂၀၂၉ ပြိုင်ပွဲ Qualification phase သို့ တက်ရောက်ခွင့်ရခဲ့သည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-စိုးညွန့်သော်**

# International Futsal Cup 2026 ပြိုင်ပွဲ စတင်ကျင်းပပြီး YRG၊ MIU၊ YCDC Dream Team နှင့် အင်ဒိုနီးရှားကလပ် Black Steel Papua အသင်း နိုင်ပွဲရရှိ

**ရန်ကုန် စက်တင်ဘာ ၆**

International Futsal Cup 2026 ပြိုင်ပွဲ ပထမနေ့ကို စက်တင်ဘာ ၆ ရက်က ရန်ကုန်မြို့သုဝဏ္ဏကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ စတင်ကျင်းပရာ မြန်မာကလပ်များဖြစ်သည့် YRG၊ MIU၊ YCDC Dream Team နှင့် အင်ဒိုနီးရှားကလပ် Black Steel Papua အသင်း နိုင်ပွဲရရှိခဲ့သည်။

ပြိုင်ပွဲပထမနေ့ အုပ်စု (A) ပွဲစဉ်များတွင် မြန်မာကလပ် YCDC Dream Team အသင်းက မြန်မာကလပ် TG United အသင်းကို လေးဂိုး-နှစ်ဂိုး၊ အင်ဒိုနီးရှားကလပ် Black Steel Papua အသင်းက ကမ္ဘောဒီးယားကလပ် Lucky အသင်းကို ခြောက်ဂိုး-တစ်ဂိုး၊ အုပ်စု (B) ပွဲစဉ်များတွင် မြန်မာကလပ် MIU အသင်းက ထိုင်းကလပ် Black Pearl အကယ်ဒမီအသင်းကို သုံးဂိုး-နှစ်ဂိုး၊ မြန်မာကလပ် YRG အသင်းက မြန်မာကလပ် M2k အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ပြိုင်ပွဲကို လေးသင်းနှစ်အုပ်စုခွဲ ကျင်းပနေပြီး အုပ်စုပွဲများကို တစ်ရက်လေးပွဲနှုန်းဖြင့် ကျင်းပမည်ဖြစ်သည်။



မြန်မာကလပ် MIU အသင်းနှင့် ထိုင်းကလပ် Black Pearl အကယ်ဒမီအသင်းတို့ ယှဉ်ပြိုင်စဉ်။

အုပ်စုဒုတိယနေ့ကို စက်တင်ဘာ ၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး နံနက် ၁၀ နာရီတွင် မြန်မာကလပ် TG United အသင်းနှင့် အင်ဒိုနီးရှားကလပ် Black Steel Papua အသင်း၊ မွန်းလွဲ ၁၂ နာရီခွဲတွင် ကမ္ဘောဒီးယားကလပ် Lucky အသင်းနှင့် မြန်မာကလပ် YCDC Dream Team အသင်း၊ မွန်းလွဲ ၃ နာရီတွင် မြန်မာကလပ် M2K အသင်းနှင့် ထိုင်းကလပ် Black Pearl အကယ်ဒမီအသင်း၊ ညနေ ၅ နာရီခွဲတွင် MIU အသင်းနှင့် YRG အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း- ရှိုင်းထက်ဇော်၊**
**ဓာတ်ပုံ - MFF**

# မိုးနဲမြို့နယ် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား U-14၊ U-16 အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

**မိုးနဲ စက်တင်ဘာ ၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုးနဲမြို့နယ် အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား U-14၊ U-16 အမျိုးသားကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို စက်တင်ဘာ ၆ ရက်က မြို့နယ်ပြည်သူ့ အားကစားကွင်း၌ ကျင်းပသည်။



ဦးစွာ ဗိုလ်လုပွဲကို U-16 မိုးနဲ(အထက) ဘောလုံးအသင်းနှင့် မြို့မ(အလက) ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မိုးနဲ(အထက)အသင်းက ငါးဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ထို့နောက် U-14 အသင်းနှင့်U-16 အသင်းတို့မှ ပထမ၊ ဒုတိယဆုများ ရရှိကြသော အသင်းများအား မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလားနှင့် တစ်ဦးချင်းအကောင်းဆုံး ဆုရရှိကြသူများအား ဆုဖလား၊ ဆုတံဆိပ်၊ ငွေသားဆုနှင့် လည်ဆွဲတံဆိပ်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

# တစ်ကျော့ပြန် နျူကလီးယား နည်းပညာ (၄)

နီဇော်သစ်


ဖျူးရှင်နည်းပညာ ပြိုင်ဆိုင်မှုထဲသို့ တရုတ်နိုင်ငံ ဝင်ရောက်လာသည်မှာ အတန်ငယ်နောက်ကျသော်လည်း ခပ်သွက်သွက်လှမ်းနိုင်ခဲ့သည်။ ၁၉၇၈ ခုနှစ်တွင် ဟောဖေးမြို့ရှိ တရုတ်သိပ္ပံအကယ်ဒမီ၌ ပလာစမာ ရူပဗေဒ အင်စတီကျု(ASIPP) တည်ထောင်လိုက်ခြင်းသည် ဖျူးရှင်နည်းပညာအတွက် ပထမဆုံး ခြေလှမ်းဟုဆိုနိုင်သည်။ ထိုအင်စတီကျုတွင် သံလိုက်ဖြင့်ထိန်းချုပ်သော ဖျူးရှင်သုတေသနတို့ကို စတင်ခဲ့သည်။ အိပ်ချ်တီ-၆ဘီနှင့် အိပ်ချ်တီ-၆အမ် တို့လို ရှေးရိုးစဉ်လာ တိုကာမက်စက်များကို တည်ဆောက်ခဲ့သည်။ ယင်းမှာ ဖျူးရှင်သုတေသန အတွက် အတွေ့အကြုံနှင့် လူအင်အား စတင် စုဆောင်းသည့်ကာလဟု ဆိုနိုင်သည်။

၁၉၉၀ ပြည့်လွန်နှစ် အစောပိုင်းကာလများ အတွင်း ဆိုဗီယက်ပြည်ထောင်စုပြိုကွဲသွားပြီး နောက် ရုရှား၏ ကူချာတော့ဗ် အင်စတီကျုက တီ-၇ တိုကာမက်ကို ASIPP သို့ လွှဲပေးခဲ့သည်။ တီ-၇ မှာ ရှေးရိုးစဉ်လာမဟုတ်။ စူပါကွန်ဒတ်တာ သံလိုက်သုံး တိုကာမက်။ တရုတ်နိုင်ငံက အိပ်ချ်တီ-၇ ဟု အမည်ပြောင်းကာ ပြင်ဆင်တည်ဆောက်ပြီးချိန်တွင် တရုတ်နိုင်ငံ၏ ပထမဆုံး စူပါကွန်ဒတ်တာ တိုကာမက် ဖြစ်လာသည်။

၁၉၉၈ ခုနှစ်တွင် EAST ဟု အတိုကောက်ခေါ်သော Experimental Advanced Superconducting Tokamak စီမံကိန်းကို အတည်ပြုသည်။ နောက်တွင် နေအတုနည်းပညာဟု လူသိများလာမည့် ခြေလှမ်း အစ။ ၂၀၀၀ ပြည့်နှစ်တွင် စတင်တည်ဆောက်ပြီး ၂၀၀၅ ခုနှစ်တွင် တည်ဆောက်ပြီးစီးသည်။ ၂၀၀၆ ခုနှစ်တွင် ပထမဆုံး ပလာစမာ စတင်ရရှိသည်။ EAST သည် ကမ္ဘာ့ပထမဆုံး စူပါကွန်ဒတ်တာ သံလိုက်ဖြင့် အပြည့်အဝလည်ပတ်သည့် တိုကာမက်လည်း ဖြစ်လာသည်။ ရည်ရွယ်ချက်မှာ ကာလရှည် တည်ငြိမ်သော ပလာစမာအခြေကို ထိန်းထားဖို့။

EAST သည် ရည်မှန်းချက်ကို အမှန်တကယ် အကောင်အထည်ဖော်နိုင်သည်။ ၂၀၂၁ ခုနှစ်တွင် ပလာစမာ အပူချိန်ကို သန်း ၁၂၀ ဒီဂရီ ဆဲလ်စီးယပ်၌ ၁၀၁ စက္ကန့်ကြာအောင် ထိန်းထားနိုင်ခဲ့သည်။ ကမ္ဘာ့စံချိန်ဖြစ်ခဲ့သည်။ နောက်ပိုင်းတွင် စက္ကန့် ၄၀၀ ကျော် အထိ ထိန်းနိုင်ခဲ့သည်။ ၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် ၁၀၆၆ စက္ကန့်(၁၇ မိနစ်ကျော်) ထိန်းထားနိုင်ခဲ့သည်။ EAST မှရရှိခဲ့သော အောင်မြင်မှုများနှင့် အတွေ့အကြုံများသည် ပြီးခဲ့သည့်လပိုင်းအတွင်း နေအတု နည်းပညာသမိုင်းမှတ်တိုင်အသစ်ဟု နာမည်ကြီးခဲ့သော BEST အတွက် လှေကားထစ်များဖြစ်ခဲ့သည်။

Burning Plasma Experimental Superconducting Tokamak ကို အတိုကောက် ပြုထားသော BEST သည် ပလာစမာ လောင်ကျွမ်းမှုကို သုတေသနပြုဖို့ ရည်ရွယ်သည်။ EAST တုန်းက ပလာစမာကို ပူအောင်လုပ်၊ အချိန်ကြာကြာ ထိန်းထား၊ တည်ငြိမ်သည့်အခြေတွင် လေ့လာ




စမ်းသပ်သည်။ BEST မှာတစ်ဆင့်တက်ပြီး အယ်လ်ဖာ အမှုန်ဖြင့် အပူပေးခြင်းကို ဦးတည်သည်။ ဆိုလိုသည်မှာ ဖျူးရှင်ဖြစ်ပြီး သူ့အပူကို သူဆက်ထိန်းသွားနိုင်စေမည့်အဆင့်ဖြစ်သည်။ ထွက်လာသော စွမ်းအင်သည် ပေးလိုက်ရသော စွမ်းအင်နှင့် တူလျှင်တူ၊ မတူလျှင် ပိုများရမည်ဆိုသည့် အဆင့်လည်းဖြစ်သည်။ သို့မှသာ လိုချင်သော သန့်စင်သည့် ရေရှည်ခံ စွမ်းအင်အရင်းအမြစ်ကို ရနိုင်မည်မဟုတ်ပါလား။ နောက်ဆုံးအဆင့်တွင် ပေးလိုက်ရသည့် စွမ်းအင်ထက် ငါးဆပိုများသော စွမ်းအင်တို့ ထုတ်ပေးနိုင်ရန် ရည်မှန်းထားသည်။

ဤနေရာတွင် တောင်ကိုရီးယားနိုင်ငံ၏ ဝင်ရောက်ပြိုင်ဆိုင်မှုကို တစ်ဖြတ်ဆွေးနွေးပါမည်။ ဖျူးရှင်သုတေသနတွင် တောင်ကိုရီးယားက တရုတ်ထက်နောက်ကျသည်။ ၁၉၉၅ ခုနှစ်တွင် KSTAR စီမံကိန်းကို စတင်သည်။ Korea Superconducting Tokamak Advanced Research ကို အတိုကောက် ပြုထားခြင်းဖြစ်သည်။ ၂၀၀၇ ခုနှစ်တွင် ဆောက်လုပ်ပြီးစီးသည်။ ၂၀၀၈ ခုနှစ်တွင် ပထမဆုံး ပလာစမာ ရရှိသည်။ KSTAR သည်လည်း စူပါကွန်ဒတ်တာသုံး တိုကာမက် ဖြစ်သည်။ ၂၀၁၈ ခုနှစ်တွင် အပူချိန် သန်း ၁၀၀ ဒီဂရီဆဲလ်စီးယပ်ကို စတင်ရရှိသည်။ ရည်ရွယ်ချက်မှာ ITER နှင့် အနာဂတ် ဖျူးရှင် ဓာတ်ပေါင်းဖိုများအတွက် ပလာစမာထိန်းချုပ်မှု နည်းပညာကို စမ်းသပ်ဖို့ဖြစ်သည်။ ဤနေရာတွင်လည်း ရည်ရွယ်ချက်မှာ ဂျပန်၊ တရုတ် သုတေသနတို့နှင့် ကွာခြားသည်ကို တွေ့နိုင်သည်။

ဂျပန်က အရည်အသွေးမြင့် ပလာစမာများ ဖြစ်လာရန် ရည်မှန်းသည်။ တရုတ်က ပလာစမာ အပူချိန်ကို ကြာကြာထိန်းနိုင်အောင် ရည်မှန်းသည်။ တောင်ကိုရီးယားက အနာဂတ်နည်းပညာအတွက် ပလာစမာထိန်းချုပ်မှုကို ရည်မှန်းသည်။ ထို့ကြောင့် လက်ရှိအချိန်တွင် ဖျူးရှင်နည်းပညာ၌ မည်သူကမှ သိသိသာသာ အသာရဦးဆောင်နေသည်ဟု ပြော၍မရ။ သူ့နေရာနှင့်သူ အားသာချက်များ ရှိနေကြသည်။ ထို့ပြင် ပိုမိုထူးခြားသည်မှာ ITER။

၁၉၈၅ ခုနှစ် နိုဝင်ဘာလတွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ အမေရိကန်သမ္မတ ရော်နယ်ရေဂင်နှင့် ဆိုဗီယက်ဝန်ကြီးချုပ် မီခေးလ်ဂေါ်ဘာချော့တို့ တွေ့ဆုံခဲ့ကြသည်။ ထိုဆွေးနွေးပွဲတွင် ဖျူးရှင်နည်းပညာကို ထုံးတမ်းစဉ်လာ နျူကလီးယား နည်းပညာတုန်းကလိုမျိုး နှစ်နိုင်ငံပြိုင်ဆိုင်မှုမျိုး မဖြစ်စေဘဲ ငြိမ်းချမ်းရေးအတွက် နိုင်ငံတကာ ပူးပေါင်းသုတေသနလုပ်ငန်းတစ်ခု တည်ဆောက်ရန် ဆိုသော အယူအဆတစ်ခု ပေါ်ထွက်လာသည်။ ၁၉၈၈ ခုနှစ်တွင် သဘောတရားဒီဇိုင်းကို စတင် ရေးဆွဲခဲ့ပြီး အမေရိကန်ပြည်ထောင်စု၊ ဆိုဗီယက် ပြည်ထောင်စု၊ ဥရောပနှင့် ဂျပန်တို့မှ အဖွဲ့လေးဖွဲ့ ပါဝင်ခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် တရုတ်နှင့် တောင်ကိုရီးယား ဝင်လာသည်။ မည်သည့်နေရာတွင် တည်ဆောက်မလဲဆိုသည်ကို အချိန်အတော် ကြာကြာ ဆွေးနွေးခဲ့ရပြီး ၂၀၀၅ ခုနှစ်တွင်မှ ပြင်သစ်တောင်ပိုင်းကို ရွေးချယ်ခဲ့ကြသည်။ ထိုနှစ်မှာပင် အိန္ဒိယလည်း ပါဝင်လာသည်။

ထိုနည်းအားဖြင့် နိုင်ငံများ တစ်နိုင်ငံချင်းစီက ကိုယ်ပိုင်သုတေသနများ လုပ်ဆောင်နေချိန်တွင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု၏ အကြီးမားဆုံး စီမံကိန်းတစ်ခုဖြစ်လာမည့် ITER ၏ အခြေခံများလည်း တဖြည်းဖြည်း ပေါ်ပေါက်လာခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် ITER သဘောတူညီချက်ကို တရားဝင် လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၀၇ ခုနှစ်တွင် ITER အဖွဲ့အစည်းကို ဖွဲ့စည်းခဲ့သည်။ ပြင်သစ်နိုင်ငံတောင်ပိုင်းတွင် တည်ဆောက်နေသည့် ITER သည် လျှပ်စစ်ဓာတ်အားပေးစက်ရုံမဟုတ်ဘဲ အနာဂတ်ဖျူးရှင် ဓာတ်ပေါင်းဖိုများအတွက် လိုအပ်မည့် နည်းပညာနှင့် ရူပဗေဒဆိုင်ရာ အခြေအနေများကို အကြီးစား စမ်းသပ်မည့်စက်ဖြစ်သည်။ ပြင်ပမှ ပလာစမာကို အပူပေးရန် ၅၀ မဂ္ဂါဝပ်ခန့် အသုံးပြုပြီး ဖျူးရှင်တုံ့ပြန်မှုမှ အပူစွမ်းအင် ၅၀၀ မဂ္ဂါဝပ်ခန့်ရရှိရန် ရည်မှန်းထားသည်။ ထိုသို့ အပြင်မှပေးရသည့် အပူပေး စွမ်းအင်ထက် ဖျူးရှင်မှရရှိသည့် စွမ်းအင်ပိုမိုများပြားလာနိုင်သည့် အခြေအနေကို လက်တွေ့စမ်းသပ်နိုင်ခြင်းသည် ITER ၏ အဓိက ရည်မှန်းချက်များထဲမှတစ်ခုဖြစ်သည်။ သို့သော် ထိုစွမ်းအင်ကို လျှပ်စစ်ဓာတ်အားအဖြစ် တိုက်ရိုက်ထုတ်လုပ်နေခြင်းမဟုတ်သေးပါ။ ထိုအဆင့်သည် အနာဂတ် ဖျူးရှင်ဓာတ်အားပေးစက်ရုံများအတွက် ချန်ထားရမည့် နောက်တစ်ဆင့်ဖြစ်သည်။

ထို့ကြောင့် ဖျူးရှင်နည်းပညာ၏ သမိုင်းကို ပြန်ကြည့်မည်ဆိုလျှင် လူသားတို့သည် နေ၏အတွင်းပိုင်းကဲ့သို့ အလွန်ပူပြင်းသော ပလာစမာကို ဖန်တီးနိုင်ရန် ကြိုးပမ်းရာမှ စတင်ကာ ထိုပလာစမာကို သံလိုက်ဖြင့် ထိန်းချုပ်နိုင်ရန်၊ ဖျူးရှင်ဖြစ်လာအောင် လုပ်နိုင်ရန်၊ ဖျူးရှင်မှထွက်လာသော အယ်လ်ဖာ အမှုန်များ၏ အပူပေးမှုဖြင့် ပလာစမာကို ကိုယ်တိုင် အပူဆက်ပေးနိုင်ရန်အထိ တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်လာခဲ့ကြသည်။ ဆိုဗီယက်တို့၏ တိုကာမက် T-3 မှ JET၊ TFTR၊ JT-60၊ နောက်ပိုင်း EAST နှင့် KSTAR တို့အထိ စက်တစ်လုံးချင်းစီသည် မတူညီသည့် ပြဿနာများကို ဖြေရှင်းပေးခဲ့ကြသည်။ ယခုအခါ BEST နှင့် ITER တို့က ထိုအတွေ့အကြုံများကို အခြေခံပြီး ဖျူးရှင်ကို ဓာတ်အားအရင်းအမြစ်တစ်ခုအဖြစ် အသုံးချနိုင်မည့်အခြေအနေသို့ နောက်တစ်ဆင့်တက်လှမ်းရန် ကြိုးပမ်းနေကြသည်။ သို့သော် ယနေ့အချိန်အထိ ဖျူးရှင်ကို စီးပွားဖြစ် လျှပ်စစ်ဓာတ်အားအဖြစ် အဆက်မပြတ်ထုတ်လုပ်နိုင်သည့် ဓာတ်အားပေးစက်ရုံကို မတည်ဆောက်နိုင်သေးပါ။ တစ်ကျော့ပြန် နျူကလီးယားနည်းပညာ၏ နောက်ထပ်စိတ်ဝင်စားစရာမှာ ထိုအိပ်မက်ကို အကောင်အထည်ဖော်ရန် တစ်နိုင်ငံတည်းကသာ ကြိုးပမ်းနေခြင်း မဟုတ်တော့ဘဲ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများနှင့် ပုဂ္ဂလိက ကုမ္ပဏီများက နည်းလမ်းမျိုးစုံဖြင့် အပြိုင်အဆိုင် ကြိုးပမ်းလာကြခြင်းပင်ဖြစ်သည်။ နောက်တစ်ပတ်တွင် အမေရိကန်တို့၏ မတူကွဲပြားသော ဖျူးရှင် နည်းပညာအကြောင်း ဆက်လက်ဆွေးနွေးသွားပါမည်။ ။

# မအိပ်အိပ်အောင် လုပ်ပေးသော ဦးနှောက်ဆဲလ်များ တွေ့ရှိ



ဘယ်လောက်ပဲ မအိပ်မနေ အလုပ်လုပ်နိုင်သည်ဆိုပါစေ နောက်ဆုံးတော့ မဖြစ်မနေ နှစ်နှစ်ခြိုက်ခြိုက် အိပ်လိုက်ရသည်ချည်းသာ။ ထိုအဖြစ်မျိုးက လူတိုင်းအတွက် မထူးဆန်းသော်လည်း သိပ္ပံပညာရှင်များအတွက်မူ ထိုသို့ဖြစ်အောင် မည်သည့်ဇီဝဖြစ်စဉ်က လုပ်ပေးနေသလဲဆိုသည်မှာ အလွန်သိချင်စရာကောင်းသော ကိစ္စဖြစ်သည်။

ယခု ဆွစ်ဇာလန်နိုင်ငံ ဘေဆဲလ်တက္ကသိုလ် ဘိုင်အိုဇမ်ထရမ်ဌာနမှ ပါမောက္ခ အဲလက်ရှိုင်းယား ဦးဆောင်သော သုတေသီတစ်ဖွဲ့က ဘယ်လောက် အပင်ပန်းခံနိုင်ပါစေ နောက်ဆုံးတော့ တရေးတမော အိပ်သွားအောင်လုပ်ပေးသည့် ဦးနှောက်ဆဲလ်များကို ရှာဖွေတွေ့ရှိခဲ့ပြီဖြစ်သည်။

"ကြာရှည်အားနည်းလာတာကို စောင့်ကြည့်နေပြီး အိပ်ဖို့ တက်တက်ကြွကြွ လှုံ့ဆော်ပေးတဲ့ နျူရွန်အဖွဲ့အစည်းတွေကို ကျွန်တော်တို့ တွေ့ထားပါပြီ။ ဒါက ကျွန်တော်တို့ ဘာကြောင့် အိပ်ချင်လာရလဲဆိုတဲ့ ပဟေဠိရဲ့ ပျောက်ဆုံးနေတဲ့ အစိတ်အပိုင်းလေးပါ"ဟု ဒေါက်တာ ရှိုင်းယားက ဆိုသည်။

သုတေသီများက ကြွက်၏ဦးနှောက်ထဲ၌အိပ်နေချိန်တွင် ဘာတွေဖြစ်နေလဲ၊ ပင်ပန်းနေချိန်တွင် ဘာတွေဖြစ်နေလဲ၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်ခါနီးအချိန်တွင် ဘာတွေဖြစ်နေလဲဆိုသည့်မြေပုံကို ရေးဆွဲခဲ့သည်။ ထို့နောက် အိပ်စက်ခြင်းနှင့် ဆက်စပ်နေသည့် ဦးနှောက်ထဲမှ နေရာများကို ရှာဖွေဖော်ထုတ်ခြင်းဖြစ်သည်။ ထိုသို့ရှာဖွေရာမှ ဂါဘာနျူရွန်များနှင့် ဆယ်ရိုတိုနားဂျစ်နျူရွန်များသည် အိပ်စက်ခြင်းနှင့် ပတ်သက်နေကြောင်း တွေ့ရှိခဲ့ကြသည်။

သေသေချာချာသိရစေရန် ထိုနယ်မြေများကို လှုံ့ဆော်ပေးလိုက်ချိန်၌ ကြွက်များသည် ပိုပြီးနှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားသလို အိပ်ချိန်လည်းပိုကြာကြောင်း တွေ့ရှိခဲ့ရသည်။

"ဒီနျူရွန်တွေက နိုးကြားနေတဲ့ တိရစ္ဆာန်တွေကိုအိပ်ဖို့ အချက်ပေးရုံလောက် ရိုးရိုးရှင်းရှင်းလုပ်တာမျိုးမဟုတ်ပါဘူး။ မအိပ်အိပ်အောင် လှုံ့ဆော်ပေးပြီး အိပ်စက်ခြင်းကို မောင်းနှင်ပေးနေတာပါ"ဟု ရှိုင်းယားက ဆက်ရှင်းပြသည်။

အထူးခြားဆုံးတွေ့ရှိချက်မှာ ထိုနျူရွန်များကို ပိတ်လိုက်ချိန်တွင် ကြွက်များသည် အိပ်စက်မှု ၇၀ ရာခိုင်နှုန်း လျော့နည်းသွားခဲ့သည်။ သို့သော် အိပ်ရေးမဝသည့်လက္ခဏာများ၊ အိပ်ရေးပျက်ချိန်တွင် တွေ့ရသည့် မှုမမှန်သည့်လက္ခဏာများကိုလည်း မတွေ့ခဲ့ရပေ။ ထို့ကြောင့် အိပ်ချိန်နှင့် အိပ်စက်ရန်လိုအပ်ချက်တို့ကို သီးခြားခွဲထားနိုင်ကြောင်း ကောက်ချက်ချနိုင်ခဲ့သည်။

Ref: scitechdaily

★ **ကျောဖုံးမှ**

ယနေ့ ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း (အမျိုးသား) သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ တတိယလုပွဲ ပွဲစဉ်တွင် ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဗိုလ်လုပွဲ ပွဲစဉ်တွင် အားကစားရေးရာဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက အားကစားရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိသည်။

အမျိုးသားလေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည် ပွဲစဉ်များကို ဆက်လက်ကျင်းပရာ ပညာရေးဝန်ကြီးဌာနအသင်းက ပြည်ထောင်စုရာထူးဝန်အဖွဲ့အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ အားကစားရေးရာဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ သာသနာရေးဝန်ကြီးဌာနအသင်းက သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက ဥပဒေရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းက ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက လူငယ်ရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းက အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအသင်းက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက အလုပ်သမားဝန်ကြီးဌာနအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စားနှင့်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိကြသည်။

၂၀၂၆ ခုနှစ် စက်တင်ဘာ ၇ ရက် နံနက် ၉ နာရီမှ စတင်၍ ပိုက်ကျော်ခြင်း(အမျိုးသား) လေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အုပ်စုပတ်လည် နောက်ဆုံး ပွဲစဉ်များအဖြစ် ပညာရေးဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအသင်း၊ ကျန်းမာရေးဝန်ကြီးဌာနအသင်းနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်း၊ အားကစားရေးရာဝန်ကြီးဌာနအသင်းနှင့် သာသနာရေးဝန်ကြီးဌာနအသင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းနှင့် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအသင်း၊ ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအသင်းနှင့် အလုပ်သမားဝန်ကြီးဌာနအသင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်းနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်း၊ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းတို့သည်လည်းကောင်း၊။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့အသင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအသင်းနှင့် အားကစားရေးရာဝန်ကြီးဌာနအသင်း၊ ကျန်းမာရေးဝန်ကြီးဌာနအသင်းနှင့် သာသနာရေးဝန်ကြီးဌာနအသင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းနှင့် ဥပဒေရေးရာဝန်ကြီးဌာနအသင်း၊ လူငယ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအသင်းနှင့် အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနအသင်း၊ အလုပ်သမားဝန်ကြီးဌာနအသင်းနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအသင်း၊ ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့သည်လည်းကောင်း ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို **“အခမဲ့”** လာရောက် ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**



မွန်ပြည်နယ် ပေါင်မြို့နယ်၌ (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်မြင့်ထွန်းနှင့် ရဲတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၅ ရက်က ရွှေတိဂုံစေတီတော်မြတ်ကြီး ရင်ပြင်တော်တွင် အမှိုက်လှည်းခြင်း၊ အမှိုက်ကောက်ခြင်း၊ မြက်ရှင်းခြင်း၊ လျှောက်လမ်းများအား ထုံးဖြူးကာ ရေညှိတိုက်ခြင်းနှင့် ဘုရားရင်ပြင်တော်အား သန့်ရှင်းရေးဆောင်ရွက်စဉ်။

မွန်မလေး (ပြန်/ဆက်)

(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မင်းဘူးခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူးကြီးမောင်မောင်၊ အမှတ်(၂) ရေနံမြေလုံခြုံရေးရဲတပ်ဖွဲ့ခွဲ(မင်းဘူး)မှ ဒုတိယရဲမှူးကြီး ထွန်းမြင့်ထွန်းနှင့် ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ခိုင်စိုးတို့ ဦးဆောင်ပြီး စက်တင်ဘာ ၆ ရက်က နမ္မဒါဘိုးဘွားရိပ်သာဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ မောင်မောင်(မင်းဘူး)



**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်**
**စွမ်းအင်လည်းရ ပြည်လည်းလှ**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံအကြမ်းဖက် အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။ ■


**“ပြင်ဆင်ဖတ်ရှုပါရန်”**

(၂၂-၈-၂၀၂၆)ရက်စွဲပါ ကြေးမုံသတင်းစာ၊ စာမျက်နှာ(၃၁)တွင် ပါရှိသော တရားလွှတ်တော်ရှေ့နေ ဒေါ်ခင်ဝါဝါလွင် ကြော်ငြာတွင် ဘဏ်ချိတ်စနစ်ဖြင့် တိုက်ခန်းအရောင်းအဝယ် ကန့်ကွက်၌ မြေကွက်အမှတ် (၃၅၉/က+ခ)ဟု ဖြည့်စွက်ပြင်ဆင်ဖတ်ရှုပါရန်။

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလပေါင်စံပြကျေးရွာ၊ မြေတိုင်း-၅၃၀(B)၊ ရွှေစေတီလမ်း၊ မြေကွက်အမှတ် (၈၇၊ ၇၉)မှ ယင်းမြေကွက်ပေါ်ရှိ (၇၀A,B,C)၏ (၈.၆၅)ဧက၊ (၃၄၆၀၀)ပေမှ ဦးဘုအို၊ ဦးကျော်သိန်းပိုင်မှ ရွာမြေအမျိုးအစားမှ တရားဝင်မခွဲစိတ်ရသေးသော အကွက်ရိုက်ဖော်ဆောင်ထားသော မြေကွက်အမှတ်-၁၆၅မှ (၂၀x၆၀)ပေ မြေကွက်မှ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား တရားဝင်လက်ဝယ်ထားရှိကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်ငြိမ်းငြိမ်းအိ ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန္ဒာခိုင်မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေ၍ အရောင်းအဝယ်စရန်ပေးစာချုပ် ချုပ်ဆိုထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဤမြေကွက်အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်ကြောင်း တိကျခိုင်လုံသော သက်သေအထောက်အထား၊ စာရွက်စာတမ်း မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ယင်းမြေကွက်အား လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်စန္ဒာခိုင်၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇာခြည်သက် (LL.B) အထက်တန်းရှေ့နေ (စဉ်- ၄၈၁၇၈)**
**ဖုန်း-၀၉-၄၄၀၉၈၆၁၄၆**


◈ **ပရီမီယာလိဂ်မှ**

အတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ပထမပိုင်းပွဲကစားချိန် ၂၆ မိနစ်မှာ သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ စက်တင်ဘာ ၆ ရက် ညပိုင်း အစောဆုံးပွဲစဉ်ဖြစ်တဲ့ အဲဗာတန်အသင်းနဲ့ မန်ယူအသင်းတို့ပွဲစဉ်မှာတော့ တစ်ဖက် နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။

အဲဒီရလဒ်ကြောင့် မန်ယူအသင်းဟာရမှတ်လေးမှတ်ဖြင့် ပရီမီယာလိဂ်အမှတ်ပေးဇယားအဆင့်၁၁ နေရာမှာရပ်တည်နေပြီး အဲဗာတန်အသင်းကတော့ အမှတ်ပေးဇယားအဆင့် ၈ နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

ငွေကြယ်

✣ **M-League မှ**

ရာသီအစအဖွင့်ပွဲတွင် အနိုင်ရထားသည့်နှစ်သင်း ထိပ်တိုက်တွေ့ဆုံခြင်းဖြစ်ပြီး ဒဂုံစတားယူနိုက်တက်အသင်းက အဝေးကွင်း၌ ဂိုးပြတ်အနိုင်ယူကာ ဇယားထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။ နည်းပြသစ် ဦးချစ်နိုင်လက်ထက်တွင် ပုံစံကောင်းပြသနေသည့် ဒဂုံစတားယူနိုက်တက်အသင်းသည် အဝေးကွင်း၌ ဂိုးပြတ်အနိုင်ယူခဲ့သလို နှစ်ပွဲစလုံး ပေးဂိုးမရှိ ဂိုးပြတ်အနိုင်ရထားပြီး ယခုရာသီတွင် တစ်သင်းတည်းသော ပေးဂိုးမရှိသည့်အသင်းအဖြစ် ဆက်လက်ရပ်တည်နိုင်ခဲ့သည်။

နှစ်သင်းစလုံး အမာခံကစားသမားအများစုဖြင့် ပွဲထွက်လာပြီး နိုင်ငံခြားသား ကစားသမားသုံးဦးပါဝင်သည့် ဒဂုံစတားယူနိုက်တက်အသင်းက ရှန်းအားပိုကောင်းခဲ့သည်။ ပွဲအစ ရှစ်မိနစ်မှာပင် ဒဂုံစတားယူနိုက်တက်အသင်း အဖွင့်ဂိုးရခဲ့ပြီး အသင်းခေါင်းဆောင် သီဟဇော်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးရပြီးနောက်ပိုင်းတွင်လည်း ဒဂုံစတားယူနိုက်တက်အသင်း ပိုဖိကစားနိုင်ခဲ့ပြီး ၁၄ မိနစ်တွင် ပက်ထရစ်၊ ၃၃ မိနစ်တွင် သီဟဇော်တို့က ဂိုးများထပ်သွင်းကာ ပထမပိုင်းအပြီးတွင် သုံးဂိုးပြတ်ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင်လည်း ဒဂုံစတားယူနိုက်တက်အသင်းက ပွဲကိုထိန်းချုပ်နိုင်ခဲ့ပြီး ၅၇ မိနစ်တွင် အန်ဂျော့ရှ်၊ ၆၈ မိနစ်တွင် ပက်ထရစ်တို့က အနိုင်ဂိုးများ ထပ်မံသွင်းယူခဲ့သည်။ ယခုပွဲအတွက် AYA Pay Player of the Match ဆုကို ဒဂုံစတားယူနိုက်တက်တိုက်စစ်မှူး ပက်ထရစ်ကရရှိပြီး အမှတ်တရဆုနှင့် ဆုကြေးကျပ် ၁၀ သိန်း ရရှိသည်။ ပွဲစဉ် (၂)နောက်ဆုံးနေ့ကို စက်တင်ဘာ ၇ ရက်တွင် Sunset Field Star City Sport Club ၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး အား/ကာသိပ္ပံအသင်းနှင့် စစ်ကိုင်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-ML**


**ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်(သုဝဏ္ဏ) ၂၉-ရပ်ကွက်၊ ပေါ်ဆန်းမွှေးလမ်း၊ ပေါ်ဆန်းမွှေး ကွန်ဒိုတိုက်အမှတ် (B-1) (၄-လွှာ)၊ အခန်းအမှတ်(၅၀၉)၊ အခန်းကို ဝယ်ယူရန် ရောင်းသူ ဦးကောင်းမြတ်[၁၂/ကမတ(နိုင်)၀၅၀၀၇၇]အား ကျွန်ုပ်မိတ်ဆွေ ဦးကျော်မြင့်ထွန်း[၁၁/မပတ(နိုင်)၀၂၄၇၆၅]က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်စောဝင်း (စစ်တွေ)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၀၆၀)**
**တိုက်-၂၇၄၊ အခန်း(၁၅)၊ ၂-ရပ်ကွက်၊ ရန်ကင်းလမ်း၊**
**ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၈၇၀၃၃**

**ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၈)ရပ်ကွက်၊ လင်းပင်လမ်း၊ အမှတ်(၁၃၃/က)မြေကွက်အား ပိုင်ဆိုင်လက်ဝယ်ထား အကျိုးခံစားလျက်ရှိသူ ဒေါ်နွယ်နီရှိန်[၁၂/ရကန(နိုင်)၀၀၂၄၃၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်စရန်ငွေပေးချေထားပြီးဖြစ်ပါသဖြင့် ယင်းပစ္စည်းအပေါ် တစ်စုံတစ်ရာ ပိုင်ရေးဆိုင်ခွင့် အရေးဆိုအငြင်းပွားလိုသူရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသော အထောက်အထား(မူရင်းများ)နှင့်တကွ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်လှိုင်ဖြိုးသီ LL.B, D.B, D.B.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၈၄၉)**
**အမှတ်(၁၉၆)၊ ပထမထပ်၊ (၃၃)လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၁၇၂၆၉၇၃**

**ကြော်ငြာစာ**

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ အကွက်အမှတ်-၆၀၃-က၊ ဦးပိုင်အမှတ်-၁၅၅/နှင်းဆီလမ်းနှင့် သဇင်လမ်းကြား၊ သနပ်ခါးလမ်းတောင်ဘက်ရှိ ဦးတင်ဝင်း၊ ဒေါ်လှလှရီ အမည်ပေါက် ဂရန်မြေကွက်အား ခင်ပွန်းဦးတင်ဝင်း ကွယ်လွန်၍ ကျန်ရစ်သော ပူးတွဲအမည်ပေါက်သူဇနီး ဒေါ်လှလှရီ[၉/အမရ(နိုင်)၀၀၉၅၀၆]က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကြော်ငြာစာ**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်-(ဓခ-၁၄)၊ ဦးပိုင်အမှတ်-(၃၂)၊ ၆၀(B)x၆၁ကြား၊ ၁၃၁x၁၃၂လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ခင်ထားမြင့်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၆၃၈/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သော ဦးကျော်ထွန်းနိုင်[၅/ဝလန(နိုင်)၁၁၂၉၆၃]၊ ဒေါ်မိုးမိုးမြဝေ[၉/ပကခ(နိုင်)၀၁၄၉၇၈] တို့က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၂၁၈၇/၂၀၂၆-၂၀၂၇) ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဦးအောင်နွယ်
## အသက်(၉၂)နှစ်

အမှတ်(၂၂၅)၊ စရည်းပင်လမ်း၊ သုဝဏ္ဏ(၂၃)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်နေ (ဦးလှအောင်-ဒေါ်မကြီး)တို့၏ သား၊ (ဦးမောင်မောင်ချစ်-ဒေါ်စိန်ရီ)တို့၏ သားသမက်၊ (ဒေါ်မြမြချစ်)၏ခင်ပွန်း၊ ဦးမြတ်မိုးအောင်၊ ဦးကျော်မိုးအောင်-ဒေါ်ကေသီဦး၊ ဒေါ်နှင်းမိုးအောင်-ဦးဖြိုးဝေရာဇာ၊ ဒေါ်နွေမိုးအောင်-ကပ္ပတိန်မြတ်ခေါင်တို့၏ ဖခင်၊ မောင်ရဲသွေးအောင်၊ မောင်ကောင်းထက်အောင်၊ မောင်ခိုင်ခန့်မြတ်ခေါင်၊ မစန္ဒကူးဝေ၊ မမေဦးမြတ်ခေါင်၊ မောင်မိုးခန့်မြတ်ခေါင်၊ မဇွန်ပန်းမိုးအောင်တို့၏ အဘိုး ဦးအောင်နွယ်သည် ၅-၉-၂၀၂၆ ရက်၊ နံနက် ၆ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်ခဲ့ပါသဖြင့် ကြွင်းကျန်ခဲ့သော ရုပ်ကလာပ်ကို ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့ကို အသိပေး အကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၁၁-၉-၂၀၂၆(သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ ရက်လည်ဆွမ်းကျွေး တရားတော်နာယူမည်ဖြစ်ပါသဖြင့် အမှတ်(၂၂၅)၊ စရည်းပင်လမ်း၊ သုဝဏ္ဏ(၂၃)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်နေအိမ်သို့ ကြွရောက်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်စန်းကြည်
### (လေးမျက်နှာမြို့နယ်၊ ရာသက်ပန်အသင်းဝင်)
## အသက်(၉၆)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ ရတနာမွန်အိမ်ရာနေ (ဦးစိုးညွန့်)၏ဇနီး၊ ဒေါ်ချိုချိုညွန့်၊ ဦးတင်အောင်မြင့်-ဒေါ်သင်းသင်းဆွေ(ခေတ္တ-စင်ကာပူ)၊ (ဒေါ်ညွန့်ညွန့်ဝေ)၊ ဒေါ်နုနုရီ၊ ဦးမင်းသွင်-ဒေါ်ဖြူပြာသွေးတို့၏ ချစ်လှစွာသော မိခင်၊ မောင်ဇာနည်လင်းထက်၏ အဘွား ဒေါ်စန်းကြည် အသက်(၉၆)နှစ်သည် ၅-၉-၂၀၂၆ (စနေနေ့) မွန်းလွဲ ၁၂:၁၅ နာရီတွင် (၉၆) ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၉-၉-၂၀၂၆(ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါက်တာ ဒေါ်ခင်လေး(ခ)(Mona)
### အငြိမ်းစားမြို့နယ်ဆရာဝန်ကြီး
## အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ အမှတ်(၃၄၁-ဘီ)၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်နေ (ဦးအောင်သာကျော်-ဒေါ်ဦးခင်လှ)တို့၏ သမီး၊ (ဒေါ်ခင်မြ - ပါမောက္ခ ဦးတင်လှိုင်)၊ (ပါမောက္ခ ဒေါက်တာဒေါ်ခင်နု-ပါမောက္ခဒေါက်တာ ဦးတင်ထွန်း)၊ Prof: ဦးအောင်ခင်-(ဒေါ်ခိုင်ခိုင်)၊ (ဦးကျော်ခင်)-ဒေါက်တာ ဒေါ်ခင်စောအောင်တို့၏ ညီမ၊ ဒေါ်မြလေး-(ဒေါက်တာ ဦးရွှေဘန်း)၊ (ဦးသာထင်)- ဒေါ်မာလာအေး၊ ဦးသာကျော်အောင်- ဒေါ်အေးအေးမြင့်၊ ဦးဘထွန်းအောင်-ဒေါ်ခင်သိန်းဖံတို့၏ အစ်မ၊ (ဒေါက်တာ ဦးရဲမြင့်)၏ ဇနီးသည် ၃-၉-၂၀၂၆(ကြာသပတေးနေ့) နံနက် ၇ နာရီတွင် ဘဝတစ်ပါးသို့ အေးချမ်းစွာ ကူးပြောင်းသွားပါသဖြင့် ၉-၉-၂၀၂၆ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်အမာတင်
### အထပြ-ငြိမ်း
## အသက်(၈၀)နှစ်

မန္တလေးမြို့၊ အမရပူရနေ(ဦးဘသွင်-ဒေါ်မမလေး)တို့၏ သမီးကြီး၊ ဒေါ်မြင့်မြင့်သွင်၊ ဒေါ်အေးအေးသွင်၊ ဒေါ်ဝင်းဝင်းသွင်တို့၏ အစ်မကြီး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဘောဂသိဒ္ဓိလမ်း၊ ဘောဂသိဒ္ဓိကွန်ဒို၊ အခန်း-1(D)နေ ဗိုလ်မှူးကြီး သန်းဦး(ငြိမ်း)[ညွှန်မှူး(ငြိမ်း)၊ အကာစ]၏ ဇနီး၊ Dr.ယဉ်မာဦး၊ Dr.စိန်ဝင်း-Dr.ယဉ်နွယ်ဦး၊ ဦးရဲမာန်ဦး(အင်ဂျင်နီယာမှူးကြီး)-ဒေါ်ခင်ငြိမ်းချမ်းကျော်၊ Dr.သန်းသီရိထွေးတို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေး လေးယောက်တို့၏ ဘွားဘွားကြီးသည် ၆-၉-၂၀၂၆ ရက် မွန်းလွဲ ၂:၂၂ နာရီတွင် (၉၆)ပါး သောရောဂါဖြင့် ကွယ်လွန်သွားပါသောကြောင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်အား ၈-၉-၂၀၂၆ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။[ကွယ်လွန်သူအား ရည်စူး၍ ၁၂-၉-၂၀၂၆ ရက် နံနက် ၇:၃၀ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကပ်လှူဒါန်း အမျှဝေမည်ဖြစ်ပါသဖြင့် ကြွရောက်ပါရန် ညိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးရဲထွန်း(တရားလွှတ်တော်ရှေ့နေ)
## အသက်(၇၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ အောင်ဇမ္ဗူလမ်း၊ တိုက်အမှတ်-၄၈၇(မြေညီထပ်)နေ (ဦးအောင်သန်း-ဒေါ်ရင်ကြွေ)တို့၏သား၊ (ဦးစိန်ဒိုး-ဒေါ်ချစ်ငွေ)တို့၏ သားသမက်၊ ကိုတိုးအောင်သန်း-မနှင်းနွယ်ဦး၊ ကိုအောင်ကို-မယမင်းထွန်း၊ (ကိုသက်ဦးမောင်)-မသန္တာဝင်း၊ မတင်နီလာထွန်းတို့၏ မွေးသဖခင်၊ မအေးပွင့်ဇွန်၊ မထက်ထက်ဦးဝေ၊ မငွေဇင်သွန်း၊ အောင်အောင်ကေတို့၏ အဘိုး၊ ဒေါ်နော်တင်တင်စိန်၏ ချစ်လှစွာသော ခင်ပွန်းသည် ၆-၉-၂၀၂၆(တနင်္ဂနွေနေ့) နံနက် ၆:၃၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၈-၉-၂၀၂၆ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီထွက်မည်ဖြစ်ပါကြောင်း ညှိုးငယ်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။)

ကျန်ရစ်သူမိသားစု

### ရဟန်းဒါယိကာမ
## ဒေါ်ဇင်မာဝင်း
### B.M (Business Management) အထက(၂)၊ ဗဟန်းကျောင်းသူဟောင်း
## အသက်(၄၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ၂၉/၂၄ နွယ်သာကီလမ်းနေ[(ဦးကျော်ဇင် 2/E Tomoe Shipping / MTM Shipping)-(ဒေါ်လှဲ့လှဲ့ဝင်း)စက်မှု(၁)ဆေးဝါး/အိမ်သုံး)]တို့၏ သမီး၊ (ဦးညွှန့်လှိုင်)-ဒေါ်ခင်စောမွန် [အထကပြ/ငြိမ်း(အထက(၂) အင်းစိန်/ အထက(၂) ကမာရွတ်]တို့၏ သမီးချွေးမ၊ ဦးကျော်အောင်-ပါမောက္ခ ဒေါက်တာယဉ်ယဉ်အေး၊ ဦးတင်ထွဋ်လှိုင်၊ ဦးမြတ်သူလှိုင် တို့၏ ညီမ၊ ဒေါ်သူဇာမွန်၏ အစ်မ၊ မောင်နေဝင်းထွဋ် ၏ ချစ်လှစွာသော မိခင်၊ ဦးမြတ်ထွဋ်လှိုင်၏ ချစ်လှစွာသော ဇနီးသည် ၅-၉-၂၀၂၆ (စနေနေ့) ညနေ ၄:၃၀ နာရီတွင် နေအိမ်၌ (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၆-၉-၂၀၂၆ (တနင်္ဂနွေနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ညှိုးငယ်သော စိတ်ထားဖြင့် ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်အေးကြည်
## အသက်(၈၅)နှစ်

သူငယ်ချင်း ဒေါက်တာမောင်မောင်သန်းထိုက် ၏ ချစ်လှစွာသော ကျေးဇူးရှင် မိခင်ကြီး ဒေါ်အေးကြည် အသက်(၈၅)နှစ်သည် ၃-၉-၂၀၂၆ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဆေးတက္ကသိုလ်-၂**
**(၁၁/၉၃)သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးရဲထွန်း(တရားလွှတ်တော်ရှေ့နေ)
## အသက်(၇၄)နှစ်

ကျွန်မ၏ Chamber Master ဖြစ်သူ ဆရာကြီး ဦးရဲထွန်း(တရားလွှတ်တော်ရှေ့နေ)သည် (၆-၉-၂၀၂၆) ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒေါ်ဝင်းဝင်းခိုင်(တရားလွှတ်တော်ရှေ့နေ)**
**ပုလဲကွန်ဒို၊ အခန်း-၂၀၄၊**
**ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်း။**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ စံပြ(၃)လမ်း၊ စံပြရပ်ကွက်၊ အမှတ်(၂၇၈)ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆)ထပ်တိုက်၏ တတိယထပ်၊ ၄-လွှာ(ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၂ ၁/၂ ပေx၅၀ပေ) ကျယ်ဝန်းသော တိုက်ခန်းတစ်ခန်းနှင့် ကိုယ်ပိုင်(ရေ+မီး)အပါအဝင် အကျိုးခံစားခွင့်များအားလုံးကို လက်ရှိတရားဝင်ပိုင်ရှင်ဖြစ်သူ ဒေါ်ဖြူဖြူဝင်း[၇/ပခတ(နိုင်)၀၇၈၄၂၅]မှ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း တာဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးရဲဇာနည်ရှိန်[၁၄/ဟသတ(နိုင်)၃၂၃၆၉၄]ကိုင်ဆောင်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် တိုက်ခန်းရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသန့်ဇင်(LL.B) အထက်တန်းရှေ့နေ (စဉ်-၅၄၇၄၇)**
**အမှတ်-၁၄၂၊ ပထမထပ်၊ (၃၉)လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၆၁၁၈၄၁၃၅**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅)ရပ်ကွက်၊ အကွက်အမှတ်(ခ-၅)၊ ဦးပိုင်အမှတ်(၁၃)၊ ၆၆လမ်း၊ ၁၁၁x၁၁၂ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်ရွှေထံမှအပေး စာချုပ်အမှတ်(၇၂၀/၂၀၂၆)ဖြင့် ပေးကမ်းခြင်းကို လက်ခံခဲ့သူ ဒေါ်ဝါဝါခိုင်[၉/မနတ(နိုင်)၀၆၄၀၁၅]ကအမှုတွဲအမှတ်(၂၁၈၁/၂၀၆-၂၀၂၇) ဖြင့်အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၁၉၇)၊ ဦးပိုင်အမှတ်(၃၂)၊ ၂၄x၂၅ကြား၊ ၈၇x၈၉လမ်းကြားရှိ ဒေါ်တင်မာအမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၂၇၆/၂၀၂၆) ဖြင့်အမွေဆက်ခံခဲ့သော ဒေါ်ကြင်ကြင်အုန်း(ခ)ကြင်ကြင်အုံး၊ ဒေါ်ကြင်ကြင်မြင့်၊ ဦးမောင်မောင်ကြီး၊ ဦးမောင်မောင်စိန်၊ ဒေါ်မာမာဆွေ၊ ဦးအောင်အောင်ဇင် တို့(၆)ဦးအနက် ဒေါ်ကြင်ကြင်အုန်း(ခ)ကြင်ကြင်အုံးပါ (၄)ဦးထံမှ စွန့်လွှတ်စာချုပ်အမှတ်(၃၁၇/၂၀၂၆)ဖြင့် လက်ခံခဲ့သော ဒေါ်မာမာဆွေ[၉/မနတ(နိုင်)၀၇၂၄၅၂]၊ ဦးအောင်အောင်ဇင်[၉/မနတ(နိုင်)၀၀၁၄၈၃]တို့က အမှုတွဲအမှတ်(၀၁၃၅/ဘ(ပြောင်း)/၂၀၂၆-၂၀၂၇)ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ အကွက်အမှတ်(၈၂၇)၊ ဦးပိုင်အမှတ်(၃-ည+၁၈)၊ ရွှေတချောင်းလမ်း၊ ၄၂x ၄၃လမ်းကြားရှိ ဒေါ်ညွန့်၊ ဒေါ်ထားကြည်၊ ဒေါ်ထားရီ၊ ဒေါ်မြသီအမည်ပေါက် ဂရန်မြေကွက်အား ဒေါ်ထားကြည် ကွယ်လွန်၍ ဒေါ်ညွန့်ပါ - (၃) ဦးထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၇၆၃/၉၁)ဖြင့် ဦးကျီးညိုပါ-၄ဦးက ဝယ်ယူခဲ့ပြီး အမွေဆက်ခံစာချုပ်အမှတ်(၃၄၆၃/၂၀၀၈)ဖြင့် ဦးကျီးညိုပါ-၄ ဦးက အမွေဆက်ခံခဲ့ပါသည်။ ဦးကျီးညိုဖခင်ဦးအောင်ကျော်ဦး၊ မိခင် ဒေါ်ဝါဝါစန်းတို့ကွယ်လွန်၍ ကျန်ရစ်သူ သားသမီးများနှင့် ကျန်ပူးတွဲပိုင်ဆိုင်သူတို့ ဖြစ်သော ဒေါ်တင်ဌေး[၉/မရတ(နိုင်)၀၁၄၁၉၆]၊ ဒေါ်ခင်မျိုးဆန်း[၁၃/ရငန(နိုင်)၀၄၉၂၆၇]၊ ဒေါ်ဇင်ဝါဝါအောင်[၉/မရတ(နိုင်)၀၃၁၂၁၁]၊ ဦးသက်ညီဦး[၉/ မဟမ(နိုင်)၀၈၀၈၃၂]တို့က ဂရန်မူရင်းများမှာ လက်ဝယ်တွင် အသိမ်းလွန်၍ပျောက်ဆုံးသွားကြောင်းနှင့် သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ကျေးရွာ၊ နယ်မြေ-၈၊ ရွာလယ်ရွာမ၊ မြို့ပတ်လမ်း၌တည်ရှိသော အကျယ်အဝန်းပေ(၄၀x၆၀)ရှိ ရွာ မြေအမျိုးအစား မြေကွက်လွတ်၏ အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်လက်ဝယ်ထားရှိကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံသူများဖြစ်ကြသော ဒေါ်ခက်ခက်ကို[၁၂/သဃက(နိုင်)၀၆၂၆၁၀]နှင့် ဒေါ်ဝင်းပပ[၁၂/ဥကတ(နိုင်)၁၁၁၆၄၇]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန္တာဦး[၁၂/သလန(နိုင်)၀၉၆၇၉၉]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေ၍ အရောင်းအဝယ်စရန်ပေးစာချုပ် ချုပ်ဆိုထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဤအိမ်ခြံမြေ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်ကြောင်း တိကျခိုင်လုံသော သက်သေအထောက်အထား၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ(၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အထိ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ယင်းမြေကွက်အား လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်သန္တာဦး ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နွေးနွေးအိ(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၇၅၂၅)**
**ဖုန်း-၀၉-၂၆၀၄၀၂၀၀၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/လယ်ရပ်ကွက်၊ ဖျာပုံလမ်း၊ အမှတ်(၁၈)တွင် ဆောက်လုပ်ထားသော (၁)ခန်းတည်း(၈ ၁/၂) တိုက်အဆောက်အဦ၏ ပဉ္စမထပ်၊ (၆)လွှာ၊ အကျယ်အဝန်း အလျား(၂၃)ပေx အနံ(၄၇)ပေရှိရေမီးစုံတိုက်ခန်းနှင့်ယင်းတိုက်ခန်းပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့အား အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် တရားဝင်လက်ရောက်ပိုင်ဆိုင်၍ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်သိန်းဝင်း(ခ)ချင်ဖီကွန်[၁၂/တမန(နိုင်)၀၇၁၆၄၂]ထံမှ ကျွန်ုပ်မိတ်ဆွေတို့က အပြီးအပိုင်ဝယ်ယူရန်အတွက် တိုက်ခန်းရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အထက်ပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မေရီဆိုင်းသွယ် (LL.B, LL.M, D.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၄၉၉၂၈)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ အခန်းအမှတ်(၁၀၃-E)၊ (၃၅)လမ်းတို၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၈၇၁၁၇၃၀၈**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၁၆)၊ ဦးပိုင်အမှတ်(၄၅)၊ ၄၇x၄၈ကြား၊ ၁၀၈x၁၀၉လမ်းကြားရှိတောဂရန် မြေကွက်အမည်ပေါက်သူဦးအေးမောင်၏(SP ရှိသူ ဦးအောင်မြင့်ထွန်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၆၅၀/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးဝင်းမြင့်ထွန်း [၉/ခအဇ(နိုင်)၀၃၂၃၇၈]က တောဂရန်စာချုပ်နှင့်အတူအမှုတွဲအမှတ်(၂၁၈၃/၂၀၂၆-၂၀၂၇)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်၊ အကွက်အမှတ်(ညည-၂)၊ ဦးပိုင်အမှတ်(၂၂)၊ ၆၀x၆၁ကြား၊ ၁၂၀x၁၂၁လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးစိုးဝင်း[၉/မနမ(နိုင်)၁၀၉၁၈၆] ၏ (SP ရရှိသူ ဒေါ်ဝေဝေချို(ခ)လှိုင်လှိုင်မြတ်)က တောဂရန်စာချုပ်နှင့်အတူအမှုတွဲအမှတ်(၂၂၀၂/၂၀၆-၂၀၂၇)ဖြင့်တောမှမြို့ပြောင်း၊ သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၉)၊ ဦးပိုင်အမှတ်(၄)၊ ၁၁၆လမ်း၊ ၄၉x၅၀လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးအေးမြင့် ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၄၁၉၅/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်မေ[၉/မရတ(နိုင်)၁၀၆၁၂၃]က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၂၁၈၆/၂၀၂၆-၂၀၂၇)ဖြင့်တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

သင့်
သွေးဖြင့်
အသက် ကယ်ပါ

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။



## ၄၀ ကီလိုမီတာ ခရီးရှည် မြင်းစီးအားကစား အရည်အချင်းစစ်ပြိုင်ပွဲ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၆

မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်၏ FEI 1* Endurance Qulification 40 km (၄၀ ကီလိုမီတာ) ခရီးရှည် မြင်းစီးအားကစား အရည်အချင်းစစ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်ရှိ မြင်းစီးအားကစားကွင်း၌ ကျင်းပသည်။

စာမျက်နှာ ၂၁ ကော်လံ ၁ သို့ ❖

## ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း အမျိုးသား သုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက ပထမရွှေတံဆိပ် ဆွတ်ခူးရရှိ

နေပြည်တော် စက်တင်ဘာ ၆

မြန်မာ့ ပိုက်ကျော်ခြင်း အားကစားအဆင့်အတန်း ပိုမိုဖွံ့ဖြိုး တိုးတက်လာစေရေးအတွက် အားကစားရေးရာ ဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်း အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း အမျိုးသားပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ အားကစားရုံ(A)၌ ကျင်းပသည်။

စာမျက်နှာ ၂၄ ကော်လံ ၁ သို့ ✯




## ယနေ့ ဖတ်စရာ

**အာဖရိကနိုင်ငံများ၏ အရွယ်အစားအစစ်အမှန်ကို ပိုမိုတိကျမှန်ကန်စွာ ဖော်ပြပေးနိုင်သည့် အခြားနည်းလမ်းများကို အားပေးမြှင့်တင်ရန် အဆိုပြုချက်တစ်ရပ် အတည်ပြု**

စာမျက်နှာ » ၁၃

**ရန်ကုန် - နေပြည်တော်လမ်းပိုင်း၌ ပြေးဆွဲပေးလျက်ရှိသည့် အမှတ်(၈)အစုန် DEMU ရထားတွဲဆိုင်းအား ခဲဖြင့်ပေါက်သူ ဖမ်းဆီးရမိ**

စာမျက်နှာ » ၂၃

## ရှိုင်ရယ်-ဒီ ရွှေခါးပတ်ချန်ပီယံဖိုလ်လုပွဲ(၂၀၂၆) ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဝိတ်တန်း ခြောက်ခု၊ တွဲဆိုင်း ၁၂ ဆိုင်းဖြင့် ကျင်းပ



သန့်ဇင်(Python တော်ဝင်ရော)နှင့် ဒေါနဟိန်း(Warriors)တို့ ယှဉ်ပြိုင်ထိုးသတ်စဉ်။

ရန်ကုန် စက်တင်ဘာ ၆

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့ အဖွဲ့ချုပ်က ကြီးမှူးပြီး SAI ZAW ZAW Group က စီစဉ်သော ရှိုင်ရယ်-ဒီ ရွှေခါးပတ်ချန်ပီယံလုပွဲ (ရွှေခါးပတ် ချန်ပီယံလုပွဲ ၂၀၂၆) Royal-D GOLDEN BELT CHAMPIONSHIP 2026 ၏ ဆီမီးဖိုင်နယ် ပွဲစဉ်များကို မင်္ဂလာတောင်ညွန့် မြို့နယ်ရှိ သိမ်ဖြူရိုးရာ လက်ဝှေ့ရုံ၌ ဝိတ်တန်း ခြောက်ခု၊ တွဲဆိုင်း ၁၂ ဆိုင်းဖြင့် ယနေ့ မွန်းလွဲ ၁ နာရီတွင် ကျင်းပသည်။

စာမျက်နှာ ၂၁ ကော်လံ ၁ သို့ ❄

## ပရီမီယာလိဂ် သုံးပွဲစလုံးအနိုင်ရရှိခဲ့မှုနဲ့အတူ မန်စီးတီးအသင်း ဇယားထိပ်၌ ဦးဆောင်နိုင်ခဲ့




မန်စီးတီးအသင်းနှင့် ကိုဗင်ထရီအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

မန်စီးတီး အသင်းဟာ ပရီမီယာလိဂ်ပွဲစဉ် သုံးပွဲယှဉ်ပြိုင်ကစားပြီးချိန်မှာ သုံးပွဲစလုံးအနိုင်ရရှိခဲ့တာကြောင့် ဇယားထိပ်၌ ဆက်လက် ဦးဆောင်နိုင်ခဲ့ပါတယ်။

**အနိုင်ရရှိ**

မန်စီးတီး အသင်းအနေနဲ့ ပရီမီယာလိဂ် ပွဲစဉ်(၃)မှာ တန်းတက် ကိုဗင်ထရီအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

မန်စီးတီးအသင်းနဲ့ ကိုဗင်ထရီအသင်းတို့ပွဲစဉ်မှာ မန်စီးတီးအသင်း

စာမျက်နှာ ၂၄ ကော်လံ ၁ သို့ ✇

## M-League ပြိုင်ပွဲတွင် ဒဂုံစတားယူနိုက်တက်အသင်း အဝေးကွင်း၌ ဂိုးပြတ်အနိုင်ယူပြီး ဇယားထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်

ရန်ကုန် စက်တင်ဘာ ၆

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာလိဂ်က ကြီးမှူး၍ Grand Royal၊ AYA Bank နှင့် AYA Pay တို့၏ အဓိကပံ့ပိုးကူညီမှုဖြင့်ကျင်းပသည့် ၂၀၂၆ - ၂၀၂၇ ရာသီ Grand Royal M-League ပြိုင်ပွဲ ပွဲစဉ်(၂) တတိယနေ့ကို စက်တင်ဘာ ၆ ရက်တွင် ပုသိမ်ကျောက်တိုင်ကွင်း၌ ကျင်းပရာ ဒဂုံစတားယူနိုက်တက်အသင်းက ရောဝတီယူနိုက်တက်အသင်းကို ငါးဂိုးပြတ် အနိုင်ရရှိသည်။

စာမျက်နှာ ၂၄ ကော်လံ ၁ သို့ ✣



ဒဂုံစတား ယူနိုက်တက် အသင်းနှင့် ရောဝတီ ယူနိုက်တက် အသင်းတို့ ယှဉ်ပြိုင်နေစဉ်။